# ၂၃ စာစဉ်

## အမှတ် (၆)


၂။ အတွေတွေအတွင်းရေးမှူး၏အမှာ

၃။ ဗင်နီဇွဲလားက 'ဟူဂိုချာဗက်ဇ်' အကြောင်းမိတ်ဆက် (ကောင်းဇံ)

၄။ အနေတတ်မှ ကြားညပ်ခံရတဲ့ဘေးက လွတ်မည် (ရဲဘော်ညိုမြင်း)

၆။ ကမ္ဘာ့စနစ် (**World Order**) များက
ဗမာပြည်အပေါ် သက်ရောက်မှုများ (ထွန်းသော်)

၁၀။ အမေရိကန်ရဲ့စစ်ဗျူဟာရွှေ့ပြောင်းမှု (ရဲဘော်ဦးကြည်ဝေ)

၁၂။ အနောက်ကိုလျှောက်ပါလို့
အရှေ့ကိုတဲ့ မျှော်လိုက်ရင် (စိုးကျော်)

၁၇။ ထိုင်ဝမ်ဘာလဲ (အောင်ငြိမ်း)

၂၃။ နဂါးတို့ရဲ့ မဟာဗျူဟာ (အောင်ပင်လယ်)

၂၉။ ကွန်မြူနစ်လှုပ်ရှားမှု ကမ္ဘာပေါ်က
တကယ်ပဲ ပျောက်ကွယ်သွားပြီလား (ရဲဘော်သိန်းဝင်း)

၃၅။ အထုပ်အပိုးတွေနဲ့ တောင်အာရှ (မောင်သန်းမြရွှေ)

၄၃။ နဂါးနဲ့လင်းယုန် (အောင်ငြိမ်း)

၄၉။ အာရှအင်အားအပြောင်းအလဲနဲ့
အန္တရာယ်အလားအလာများ (ညိုစိန်ဝင်း)


၂၀၀၉

ဖေဖော်ဝါရီ

# ၂၁ စာစဉ်

## အမှတ်(၆)

## ဖေဖော်ဝါရီ
## ၂၀၀၅

(ဤစာစောင်ပါ ဆောင်းပါးများသည် ဆောင်းပါးရှင်၏ အာဘော်များ ဖြစ်ပါသည်။ စာဖတ်သူများအနေဖြင့် ဤဆောင်းပါးများပါ အမြင်အယူအဆများကို ဆွေးနွေးငြင်းခုံလိုသည်ဆိုပါက သက်ဆိုင်ရာ ဆောင်းပါးရှင်နှင့် စာရေးဆက်သွယ် ဆွေးနွေးငြင်းခုံနိုင်ပါသည်။)

**ဗဟိုသုတေသနဌာန**
**ဗမာပြည်ကွန်မြူနစ်ပါတီ**
**မှ**
**ထုတ်ဝေသည်။**

၁။ ရဲဘော်တို့– ကမ္ဘာ့စနစ်သစ် မွေးဖွားတော့မယ်။ ကမ္ဘာ့စနစ်သစ်မှာ ဗမာပြည်ရဲ့ အဆင့်နေရာ ဘယ်လိုရှိမလဲ။ ဒါဟာ အရေးအကြီးဆုံး စဉ်းစားရမယ့် အချက်ဖြစ်တယ်။ အဆင့်နေရာ နိမ့်ကျသွားမလား၊ မြင့်တက်မလား ဆိုတာ မိမိတို့ကိုယ်တိုင်ရဲ့ လုပ်ဆောင်ချက်အပေါ်တည်နေတယ်။

အဆင့်နေရာ မြင့်တက်စေဖို့ "နိုင်ငံတကာ့ရေးရာ – ကိုလေ့လာ၊ ဗမာပြည်လက်တွေ့နဲ့ ပေါင်းစပ်" ကြရလိမ့်မယ်။

ဒါကြောင့် "၂၁ စာစဉ်"ကို ဆက်ပြီး ထုတ်ဝေလိုက်တယ်။

၂။ ငြင်းခုံတာ အရင်မလုပ်ဘဲ စူးစမ်း လေ့လာတာ အရင် လုပ်စေချင်တယ်။ နားဝင်မချိုပေမယ့် သိပ်မှန်တဲ့ (တရုတ်ပြည်တော်လှန်ရေးကို အနိုင်ရစေခဲ့တဲ့) မော်စီတုန်းရဲ့ ဩဝါဒက "စူးစမ်းလေ့လာမှုမရှိသူ စကားပြောခွင့်မရှိ" လို့ ဆိုပါတယ်။ စကားများများပြောနိုင်အောင် စူးစမ်းလေ့လာမှု များများလုပ်ကြပါ။ လက်နက်ကိုင် တိုက်ပွဲကာလက ကျွန်တော်တို့ လေ့လာနိုင်တဲ့ အခွင့်အလမ်း သိပ်နည်းခဲ့ပါတယ်။ လေ့လာရတာကလည်း (စစ်အေးကာလကြီး ဖြစ်လို့) တဖက်သတ် ဖြစ်နေပါတယ်။

အခု အဲဒီလို မဟုတ်တော့ပါဘူး။ စစ်အေးလွန်ခေတ်ပါ။ " ITခေတ်"ပါ။

၃။ "၂၁ စာစဉ်"က ဘာသာပြန်ဆောင်းပါးထည့်မှာ မဟုတ်ပါ။ နိုင်ငံတကာက ပညာရှင်တွေရဲ့ မူရင်း ဆောင်းပါးတွေကို လေ့လာပြီး၊ မိမိရဲ့ ရရှိချက်ကို တင်ပြတဲ့ ဆောင်းပါးကိုပဲ ထည့်ပါမယ်။ ဆောင်းပါးရှင် ကလောင်အမည်နဲ့ ဖော်ပြပါမယ်။ မရှင်းတာရှိရင် (စာတည်းအဖွဲ့ကတဆင့်) သူ့ဆီကို စာရေးမေးနိုင်အောင်ပါ။

၄။ စစ်အစိုးရလက်အောက် ထုတ်တဲ့ မဂ္ဂဇင်းတွေမှာ နိုင်ငံတကာ့ရေးရာတွေ ပါလေ့ရှိပါတယ်။ ဒါပေမဲ့ ခွင့်ပြုသလောက်သာ ရေးရလို့ 'မိတ်ဆက်' ပေးတာ သက်သက်လို ဖြစ်နေပါတယ်။ ကျွန်တော်တို့က အဲဒီ ဟာကွက် ကို ဖြည့်ရပါမယ်။ နိုင်ငံတကာ ပညာရှင်တွေက ဟောဒီလို ရေးကြတယ်။ ဗမာပြည်လက်တွေ့အရ ဒို့က ဟောဒီလို တွေးရလိမ့်မယ်–ဆိုတာပါ ထည့်ရေးပါမယ်။ ဗမာပြည်လက်တွေ့နဲ့ မပေါင်းစပ်နိုင်တဲ့ကိစ္စ၊ လက်လှမ်းမမီတဲ့ကိစ္စကို မကိုင်ပါဘူး။ ကမ္ဘာကြီးမှာ ကိစ္စတွေက များလှတယ်။ အများကြီးကိုင်ရင် ဘာမှ မကိုင်တာနဲ့အတူတူပါပဲ။

၅။ "၂၁ စာစဉ်"မှာ ရဲဘော်တွေ ဝင်ပြီး ရေးစေချင်တယ်။ ရေးမယ့် ရဲဘော်အတွက်စာတည်းအဖွဲ့က 'ကုန်ကြမ်း'(ဝမ်းစာ) ကို ပေးပါမယ်။ အထွေထွေဗဟုသုတရဖို့ မဟုတ်ဘဲ ခေါင်းစီး တခုခု အပေါ်မှာပဲ ဇောင်းပေး လေ့လာစေချင်ပါတယ်။ (ဥပမာ ၊ ကုလသမဂ္ဂ– ရေနံ– ကမ္ဘာ့ငြိမ်းချမ်းရေး– အာရှငြိမ်းချမ်းရေး– အရှေ့တောင် အာရှရေးရာ...စသဖြင့်)

အင်္ဂလိပ်လိုမူရင်း၊ တရုတ်လိုမူရင်း၊ ဘယ်ဟာကို လိုချင်တယ်ဆိုတာ စာတည်းအဖွဲ့ကို တင်ပြပါ။ ကြိုးစားပြီး ရှာပေးပါမယ်။

**Hugo Chaves** (အသက် ၅၀) က ရေနံကြွယ်ဝတဲ့ တောင်အမေရိကရှိ ဗင်နီဇွဲလားနိုင်ငံ သမ္မတပါ။ ငယ်စဉ်က ဘေ့စ်ဘော အားကစားသမားကောင်းဖြစ်လို့ ၁၆နှစ်သားမှာ စစ်သားဖြစ်လာတယ်။ နောက်တော့ လေထီးတပ်မဟာက ဗိုလ်မှူးကြီး ဖြစ်လာတယ်။

သူ့နိုင်ငံရေးအတွေးအခေါ်က ဆိုရှယ်ဒီမိုကရက်တစ် နိုင်ငံရေးဖြစ်တယ်။ ၁၉၉၂ မှာ တပ်တွင်းထကြွမှုကို ခေါင်းဆောင်တယ်။ ရှုံးတယ်။ ထောင် ၂ နှစ်ကျတယ်။

၁၉၉၈ ရွေးကောက်ပွဲမှာကျတော့ ရွေးကောက်ပွဲ အပြတ်နိုင်ပြီး သမ္မတ ဖြစ်တယ်။ ၂၀၀၀ ပြည့်နှစ် ရွေးကောက်ပွဲမှာ ထပ်နိုင် တယ်။ ကျောင်းဆရာ မိဘ ၂ ပါးက မွေးဖွားလာတဲ့ တောသား ဖြစ်တယ်။ ဆင်းရဲသားတွေရဲ့ ဘက်တော်သားအဖြစ် ထင်ရှားလို့ မဲတွေရ တယ်။ အမေရိကန် ဗိုလ်ကျလွှမ်းမိုးရေးကို ဆန့်ကျင်တယ်။

## ဗင်နီဇွဲလားက ဟျူဂိုချားဗက်စ် အကြောင်း မိတ်ဆက်

ကောင်းဇံ

သူ့ကို အထက်လွှာ လူတန်းစားက မလိုလားဘူး။ ဖြုတ်ချဖို့ ကြိုးစားကြတယ်။ အမေရိကန်ကလည်း အားပေးတယ်။ မကြာခင် (ဩဂုတ်လ ၁၅ ရက်) က သူ့ကို ဖြုတ်ချသင့်မသင့် ပြည်သူ့ ဆန္ဒ ခံယူပွဲ လုပ်တယ်။ သူက ၅၈ ％ နဲ့ နိုင်ပြီး သမ္မတ ဆက်လုပ်နေတယ်။ ၂၀၀၂ ခုနှစ်၊ ဧပြီလ ကလည်း အမေရိကန်အားပေးတဲ့ အာဏာသိမ်း လုပ်ကြံမှု ဖြစ်သေးတယ်။ တိမ်းရှောင်နေရသေးတယ်။ ဒါပေမဲ့ တပ် တွင်းအင်အားစုတွေနဲ့ လူထုက ထောက်ခံလို့ မြို့တော် ပြန်လာပြီး သမ္မတ ပြန်လုပ်ခဲ့တယ်။ ၂၀၀၂–ဒီဇင်ဘာမှာလည်း CIA အားပေးတဲ့ သပိတ်နဲ့ အားစမ်းတာ ခံရတယ်။ သူပဲ အနိုင်ရတာပဲ။

သူက ကျူးဘားက ကပ်စ်ထရိုနဲ့ ရင်းရင်းနှီးနှီးရှိတယ်။ ကပ်စ်ထရို လိုပဲ အမေရိကန်သမ္မတ ဘုရှ်ကို ပြင်းပြင်းထန်ထန် ရှုတ်ချလေ့ရှိတယ်။ ကျူးဘားက ဆရာဝန် ၂၀၀၀၀ အကူအညီနဲ့ ဆင်းရဲသားတွေကို အခမဲ့ ဆေးကုသရေး လုပ်တယ်။ စာမတတ်သူ ပပျောက် ရေးတို့၊ ဆင်းရဲသား သားသမီးများ ပညာသင်နိုင်ဖို့ တက္ကသိုလ် တို့လည်း လုပ်ပေးခဲ့တယ်။ အဲသလို လုပ်ပေးခဲ့လို့ပဲ သူ့ကို ပြည်သူ့ဆန္ဒခံယူ ပွဲနဲ့ ဖြုတ်ချဖို့ အကြံအစည် ပျက်သွားတာ ဖြစ်တယ်။

၂၀၀၆ ခုနှစ်မှာ သမ္မတ ရွေးကောက်ပွဲ ရှိတယ်။ သူ့ကို ရေနံဈေးတက်မှုကလည်း အထောက်အကူ ပြုနေတယ်။

ဖြုတ်ချဖို့ အကြိမ်ကြိမ် ကြိုးစားပေမယ့် မအောင်မြင်လို့ အခုတော့ လုပ်ကြံပစ်ဖို့ ကြံစည်နေကြတယ် လို့ ကြားနေရတယ်။ အမေရိကန်နဲ့ နီးနီးနားနား နေရတဲ့ ရေနံရှောင်း တိုင်းပြည်ရဲ့ ဒုက္ခကလည်း တဒုက္ခပဲ။ ။

# အာဒနေတက်မှ ကြားညပ်ခံရတဲ့ ဘောအကာ လျှက်မည်

ရဲဘော်ညိုမြင်း

(၁)

ထုတ်ပြန်ချက် ၈/၂၀၀၄မှာ ဗမာပြည်ရဲ့ သူများနဲ့မတူ တမူထူးခြားတဲ့ အနေအထားအကြောင်း (ဗကပ)က တင်ပြထားပါတယ်။ အလကားနေရင်း ကြံပြီး ကြောက်နေတာ မဟုတ်ပါဘူး။ အကြိမ်ကြိမ် ဒုက္ခတွေ့ဖူးလို့ သတိပေးနေတာ ဖြစ်ပါတယ်။ သမိုင်းကို ရာစုနှစ်တခုစာ နောက်ပြန်လှည့် ကြည့်ပါ။ ဗမာပြည် ကြားညပ်ခံရတဲ့ အဖြစ်ကို တွေ့မှာပါ။

ဟိုရှေးရှေးတုန်းကတော့ အနောက်ခြမ်းမှာ ဘာဖြစ်နေနေ အနေသာကြီးပါ။ မဟာ အလက်ဇန်းဒါး အိန္ဒိယရောက်တာ မသိ။မဂိုမင်းဆက် စစ်ပွဲတွေ အကြောင်း မသိ။ အန္တရာယ်ဆိုတာ တရုတ်ပြည်ဘက် ယိုးဒယားဘက်က လာတယ် ဆိုတာပဲ သိတယ်။

အဲသလိုနဲ့ နေလာလိုက်တာ မင်းနေပြည်မှာ ကုန်းဘောင်မင်းဆက် နေလိုလင်းပြီး၊ ပြည်သူ ခဝပ်စင်း နေတယ်လို့ ပြောနေရင်းက ကိုလိုနီ လုံးလုံးဖြစ်ခဲ့တယ်။ ကိုလိုနီ ဖြစ်တော့မှပဲ ကိုယ့်ထူးခြားတဲ့ အနေအထားကို ပညာတတ်တွေ သိလာတယ်။ အနောက်မှာ စစ်ဖြစ်ရင် ကိုယ့်ကို အဖျားခတ်ကြောင်း၊ ပထမ ကမ္ဘာစစ်မှာ စပြီး သိတာပဲ။ သိတဲ့လူကလည်း ခပ်နည်းနည်းပါ။ အရာရှိ အရာခံကြီးတွေနဲ့ အထက်လွှာ ပညာတတ်တချို့ပဲ သိလိုက်တာ ဖြစ်ပါတယ်။ ဒါကို ပြန်ပြီး ဇာတ်ကြောင်း လှန်ပါမယ်။

(၂)

ပထမ ကမ္ဘာစစ်။ ။ စစ်ဖြစ်တော့ ဂျာမဏီ အပိုင်စား ရထားတဲ့ တရုတ်ပြည်က ချင်းတောင်မြို့(Tsing Tao) မှာ ရှိတဲ့ ဂျာမန်ရေတပ်ဖွဲ့ကြီးကို ဂျပန်ရေတပ်က ဝင်တိုက်တယ်။ ဂျပန်ရေတပ်ကို မယှဉ်နိုင်လို့ ပစိဖိတ် သမုဒ္ဒရာထဲ ဆုတ်ရတယ်။ အဲဒီ ဂျာမန်ရေတပ်ဖွဲ့မှာ Emden ဆိုတဲ့ စစ်သင်္ဘောပါတယ်။ အင်္ဂလိပ်၊ ဂျပန်၊ ပြင်သစ် တြေးလျ ရေတပ်တွေကို ပစိဖိတ်သမုဒ္ဒရာထဲမှာ ရင်ဆိုင် နိုင်တဲ့ အင်အားမရှိလို့ ဖြန့်ခွဲပစ်ရတယ်။ Emden ကို အိန္ဒိယ သမုဒ္ဒရာထဲ ဝင်မွှေခိုင်းလို့ Emden အိန္ဒိယ သမုဒ္ဒရာထဲ ရောက်လာတယ်။ ပင်မရေတပ်ဖွဲ့ ကြီး ကတော့ တောင်အမေရိကဘက် ဆုတ်သွားတယ်။

Emden အလုပ်အများကြီး လုပ်သွားတယ်။ ၁၉၁၄ ဩဂုတ်လကုန်ပိုင်းမှာ အင်ဒိုနီးရှား ကျွန်းတွေကြား က ဖြတ်ပြီး၊ အိန္ဒိယ သမုဒ္ဒရာထဲ ဝင်တယ်။ နိုဝင်ဘာလ အစပိုင်းမှာ ကိုကိုးကျွန်း(ဗမာပြည်က ကိုကိုး ကျွန်းမဟုတ်၊ ဩစတြေးလျအနီးက ကိုကိုးကျွန်း)မှာ သောင်တင်တော့မှ လက်နက်ချ ဇာတ်သိမ်းသွားတယ်။

Emden က ၂ လကျော်အတွင်းမှာ အိန္ဒိယက ကလကတ္တား အနီးရောက်တယ်။ ဗမာပြည် ရန်ကုန် အနီး ရောက်တယ်။ အန်ဒမန်ကျွန်း၊ မော်လ်ဒိုက်ကျွန်း၊ ဒီယာ ဂို–ဂါးဆီးယားကျွန်းတွေလည်း ရောက်တယ်။ ရောက်တဲ့ နေရာ မနည်းဘူး။ လမ်းတလျှောက်လုံး တွေ့ရ တဲ့ အင်္ဂလိပ် ကုန်သင်္ဘောတွေ နှစ်ပစ်တယ်။ ကုလား စစ်သားတွေ ဥရောပ စစ်မျက်နှာ ပို့မယ့် လူစီးသင်္ဘော တွေကို နှစ်ပစ် တယ်။

ရန်ကုန်နားရောက်တော့ ကြားနေ နော်ဝေးရဲ့ သင်္ဘောကို ခဏ တားထားသေးတယ်။ အင်္ဂလိပ်– ဂျပန် စစ်သင်္ဘောတွေ အများကြီးနဲ့ Emden ကို လိုက်တာပဲ။ ဒီသင်္ဘောတွေက သူ့ထက် ပိုအဆင့်မြင့်တယ်။ ပိုမြန် တယ်။ ပိုပြီး လက်နက်တပ်ဆင်မှု ကောင်းတယ်။ ဒါပေမဲ့ Emden က လျင်တယ်။ သူ့ကို အနံ့ခံလို့ မရဘူး။ ရှာ မတွေ့ဘူး။ သူက မဒရပ် ဆိပ်ကမ်းကိုတောင် ဝင်ပြီး အမြောက်နဲ့ ထုလို့ ဘီအိုစီ ခတ်ဆီလှောင်ကန်တွေ မီးလောင်ကုန် တဲ့အထိပဲ။ ဗမာပြည်သူကတော့ ကောလာ ဟလ သတင်းနဲ့ အားရကြတယ်။ အင်္ဂလိပ်ကို ဒုက္ခ ပေးနေတဲ့ Emden ကို ချီးကျူးကြတယ်။

ပထမ ကမ္ဘာစစ်မှာ ဗမာပြည် ကြုံလိုက် ရတာက ဒါလောက်ပါပဲ။ အဲဒီတုန်းက စစ်သ ဘော် တွေ ကလည်း ကျောက်မီးသွေးသုံးတွေပဲများလို့၊ လေယာဉ် တွေ၊ လေယာဉ်တင်သင်္ဘောတွေ မပေါ်သေးလို့ ဒီလောက်နဲ့ပဲ ပြီးသွားတာပါ။ စစ်မြေပြင်ကလည်း ဥရောပမှာပဲ ရှိတာပါ။

(၃)

ဒုတိယ ကမ္ဘာစစ်။ ။ စစ်မြေပြင်က အာရှမှာပါ ရှိနေတယ်။ စစ်လက်နက်တွေခေတ်မီတယ်။ လေယာဉ်ပျံတွေ တွင်တွင် သုံးတယ်။ ဗမာပြည်တော့ ဖွတ်ဖွတ်ညက်ညက် ကြေတာပဲ။

အဲဒီခေတ်ကို မမီလိုက်သူတွေက BIA. BDA ဂျပန်တော်လှန်ရေး၊ လွတ်လပ်ရေးရတာကိုပဲ ကြည့်ပြီး အားရကြတယ်။ အားကျကြတယ်။ အဆိုးတွေကိုမေ့ပြီး၊ အကောင်းတွေပဲ ပြောကြတယ်။ တကယ်က အဆိုးထဲက မနည်းကြိုး ကောင်းအောင် လုပ်ခဲ့ရတယ်ဆိုတာကို သတိမပြုမိကြဘူး။

အဲဒီ စစ်ကြီးအတွင်း မီးလောင်ပြင်နဲ့ ပြာပုံပဲကျန်ခဲ့တဲ့ ဗမာပြည်ဟာ ဘယ်တုန်းကမှ ပြန်ပြီး ရင်းစားမရခဲ့ပါဘူး။ နာလန်မထူခဲ့ပါဘူး။ စစ်အစိုးရခေတ်ပဲ မီသူတွေက ဖဆပလခေတ်ကို ရွှေခေတ်လို့ ထင်နေ ကြတယ်။ မဟုတ်ပါဘူး။ နာလန်မထူပါဘူး။ စစ်မဖြစ်ခင်က အခြေအနေကို ပြန်မရောက်တော့ပါဘူး။ ပြည်တွင်းစစ် ဖြစ်လို့လဲ ပါပါတယ်။ ပြည်တွင်းစစ် မဖြစ်လဲ ဗိုလ် အောင်ဆန်းပြောတဲ့ ပြဲအောင်လုပ်ကြမှ၊ အကြာကြီးနေမှ နာလန်ထူမှာပါ။ ကမ္ဘာစစ်၊ အာရှစစ်၊ အရှေ့ တောင်အာရှ စစ်၊ ဘယ်စစ်ပဲဖြစ်ဖြစ် ဗမာပြည်ကို ကောင်းကျိုးပေးတာ မဟုတ်ပါဘူး။ ဒါကြောင့် စစ်ကို တားရပါမယ်။ တဖက်ကလည်း စစ်ကိုမကြောက်ဘူး။ အဆိုးထဲက အကောင်းဖြစ်အောင်လုပ်မယ်ဆိုတဲ့ စိတ်ဓာတ်ရှိဖို့ လိုပါတယ်။

စစ်အေးခေတ်။ ။နေရာတိုင်း အေးနေတာ မဟုတ်ပါဘူး။ စစ်ပူတွေ ဖြစ်ပါ တယ်၊ ကြီးကြီးမားမား စစ်ပူတွေ အားလုံးကလည်း အာရှမှာချည်း ဖြစ်တာပါ။ ဘာကြောင့်အာရှမှာချည်း ဖြစ်သလဲ။ စဉ်းစားကြဖို့ ကောင်းပါတယ်။

ကမ္ဘာစစ်ကို တကယ်တမ်း တိုက်နိုင်တာက အမေရိကန် နဲ့ ဆိုဗီယက် ဖြစ်ပါတယ်။ သူတို့ ကမ္ဘာစစ်ထ တိုက်ရင်လည်း ဥရောပက အဓိက စစ်မြေပြင် ဖြစ်မှာပါ။ ၂ဘက်စလုံး ကျေပြုန်းမှာပါ။ ဒါကြောင့် သူတို့က စစ်နှုတ်ခမ်းမှာပဲ လျှောက်နေကြတာပါ။ ဥရောပမှာကလည်း ကမ္ဘာ့ ကြီး (၅) ကြီးထဲက (၃) ကြီး ရှိနေတာပါ။ သူတို့ဆီမှာ စစ်ပူ အဖြစ်မခံပါဘူး။

အဲဒါကြောင့်၊ အဲဒါကြောင့်ပဲ အာရှမှာချည်း ဖြစ်ပါတယ်။ အာရှမှာ စစ်ဖြစ်တော့ ဗိုလ် ၂ ဗိုလ် စလုံး – စစ်ထုတ်လုပ်ရေးတွေ မီးကုန် ယမ်းကုန် ထုတ်လုပ်ရလို့ အမြတ်ရပါ တယ်။ အာရှစစ်မှာ ဆိုဗီယက်က စစ်ထဲမပါဘဲ နေနိုင်ပေမယ့် အမေရိကန်က ရှောင်လို့ မရပါဘူး။ ပါရ ပါတယ်။ အမေရိကန်က ဗီယက်နမ် စစ်ပွဲမှာ ၄၅၈၄၃ သေတယ် ဆိုပါတယ်။ ဗီယက်နမ်က ၃ ·၂ သန်းသေတယ်လို့ ဆိုပါတယ်။ အမေရိကန် တယောက်သေဖို့ ဗီယက်နမ် ၇၀ လောက် သေပေးရတဲ့ သဘောပါ။ (အီရတ်၊ အာဖဂန်စစ်တွေမှာ အဲဒီ ၁ း ၇၀ အချိုးထက် မြင့်မယ် ထင်တယ်။)

စစ်အေးလွန်ခေတ်။ ။ စစ်ကြီးတွေ မဖြစ်နိုင်သေးပါဘူး။ လေအမြောက်ဖောက်ပီး၊ ကျိတ်ပြီး ကိုယ့်ဘက်က အသာစီးရဖို့ စေ့စပ်နေကြမယ့် အခြေအနေရှိပါတယ်။ ဗမာပြည်အတွက် အခြေအနေကောင်းဖြစ်ပါတယ်။ စိတ်ကူး မယဉ်မိဖို့ပဲ လိုပါတယ်။

ဘုရှ်ရဲ့ စကားက စိတ်ကူးယဉ်စရာ မဟုတ်ပါဘူး။ ဗမာပြည် ဒီမိုကရေစီရေးကို အာရှ တတိုက် လုံး ( အထူးသဖြင့် တရုတ်၊ ဗီယက်နမ်) ကို အနောက်တိုင်းဒီမိုကရေစီပုံစံ သွင်းပေးရေးနဲ့ ဆက်စပ်လိုက်တာ ဖြစ်နေပါတယ်။ နအဖ စစ်အာဏာရှင်အစိုးရ ဖြုတ်ချရေးကို အကန့် အသတ်မရှိ ရက်ရွှေ့ပေးလိုက်တဲ့ သဘောပါ။

တရုတ်ပြည်ကို အနောက်တိုင်းပုံစံ သွင်းပေးရေးကို ဟိုတုန်းကလည်းလုပ်ခဲ့ကြပြီ။ မအောင်မြင်ပါဘူး။ အဲဒါစောင့်ရင် ကမ္ဘာဆုံးအောင် စောင့်ပေရော့ ဖြစ်မှာပါ။ အခန့် မသင့်ရင် စစ်ဖြစ်ကြဦးမယ်။ ဗမာပြည်က ကြားညပ်မယ်။

ဒါကြောင့် ဗမာပြည် ကွန်မြူနစ်တွေ ဘုရှ်မိန့်ခွန်းအပေါ် စိတ်ကူး မယဉ်ပါဘူး။ ကိုယ်လုပ်နေတဲ့ အလုပ်ပဲ ဇောက်ချ လုပ်ရပါမယ်။ ကိုယ့်တိုင်းပြည်ရဲ့ ဒီမိုကရေစီ ပြောင်းလဲရေး ကိုယ့်ဖာသာ လုပ်ကြရမှာပါ။ ဗမာပြည်ဟာ ကိုယ့်ကြမ္မာ ကိုယ်ဆုံးဖြတ်နိုင်တဲ့ လွတ်လပ်တဲ့ တိုင်းပြည် ဖြစ်နေပါပြီ။ ကိုယ့်အကျိုးစီးပွား မပါတဲ့ ဘယ်စစ်ပွဲမှ ဝင်မပါဘူး ဆိုတဲ့ ခိုင်မာတဲ့ သန္နိဋ္ဌာန် ရှိဖို့ လိုပါ တယ်။ ဗမာပြည်မှာက ဘယ်နိုင်ငံခြားတိုင်းပြည်နဲ့မှ စစ်တိုက်ပြီး ဖြေရှင်းရမယ့်ပြဿနာ မရှိပါဘူး။

# ကမ္ဘာ့စနစ်(World Order)များက ဗမာပြည်အပေါ် သက်ရောက်မှုများ

ထွန်းဿော်

ပဒေသရာဇ်ခေတ်က "ကမ္ဘာ့စနစ်" မရှိပါ။ ရှိလည်း မရှိနိုင်ပါ။ ဒေသန္တရစနစ် များတော့ ရှိသည်။ ဗမာပြည်အနေနှင့်ဆိုလျှင် ၊ မိမိပတ်ဝန်းကျင် ဒေသန္တရ စနစ်၏ သက်ရောက်မှုရှိခဲ့သည်။

ဗမာပြည်၏ပထဝီအနေအထားက တမူ ထူးခြားသည်။ ထို့ကြောင့် သက်ရောက်မှုလည်း (ရှေးအခါကတည်းက)တမူထူးခြားသည်။ မြေပြင်မှ လာသော ကျူးကျော်မှုကို ကြုံဖူးသလို ရေပြင်မှ လာသော ကျူးကျော်မှုကိုလည်း ကြုံရဖူးသည်။ တရုတ် ပြေးမင်းက မွန်ဂိုကျူးကျော်မှုကြောင့် ပြေးရသည်။ ဒါက မြေပြင်မှ ကျူးကျော်မှုဖြစ်သည်။ ကုလားကျမင်းက ကုလား ကျူးကျော်မှုကြောင့် 'ကျ'ရသည်။ ဒါက ရေပြင်က လာတာ ဖြစ်သည်။ ကုလားဆိုသည်မှာ အိန္ဒိယ မဟုတ်။ သီဟိုဠ် ဟု ဆိုသည်။ ဟုတ်နိုင်ပါသည်။ အိန္ဒိယ မဟုတ်နိုင်ပါ။ အိန္ဒိယက အနောက်ဘက်ကိုပဲ မျှော်ကြည့်နေရသည့်ခေတ် ဖြစ်သည်။

ဗမာပြည်ကို 'ကမ္ဘာ့စနစ်' နှင့် စတင် မိတ်ဆက်ပေးသူမှာ ပေါ်တူဂီ ဇေင်ကာ ဟုဆိုနိုင်သည်။ အိန္ဒိယသမုဒ္ဒရာကို စိုးမိုးသူကသာ၊ ဗမာပြည်ကို ရေပြင်မှ ကျူးကျော်နိုင်သည်။ ထိုအခါက အိန္ဒိယ သမုဒ္ဒရာကို ပေါ်တူဂီ ခေတ္တ စိုးမိုးချိန် ဖြစ်သည်။ ဇေင်ကာ ကျူးကျော်မှုက အကင်းသာ ဖြစ်သည်။ တကယ့် ကျူးကျော်မှုကို လုပ်နိုင်တာက အင်္ဂလိပ် ဖြစ်သည်။ အိန္ဒိယ သမုဒ္ဒရာကို စိုးမိုးသူ အစစ်အမှန်၊ ကြာရှည်လည်း စိုးမိုးသူမှာ အင်္ဂလိပ် ဖြစ်သည်။ ဗမာပြည်လည်း ကိုလိုနီ လုံးလုံး ဖြစ်ရသည်။ ခဏ မဟုတ်၊ ရာစုနှစ်တခုကျော် သည်။

"ကမ္ဘာ့စနစ်"နှင့် စတင်တွေ့ရတာ ဖြစ်သည်။ တွေ့ တွေ့ချင်း ဆောက်နဲ့ထွင်း၊ ကြမ်းတမ်းလှသည်။

## (နှစ်)

နောင်အခါတွင် "ကမ္ဘာ့စနစ်" အကျပ်တွေ့ တိုင်း ဗမာပြည် ပတ်သက်ရမြဲ ဖြစ်သည်။ ပထမ နှင့် ဒုတိယ ကမ္ဘာစစ်မှာ ပါဝင် ပတ်သက်ရသည်။ ထိုစစ်များမှာ "ကမ္ဘာ့စနစ်အဟောင်း"ကို ကာကွယ်ထိန်းသိမ်းသူနှင့် စိန်ခေါ်သူ၏စစ် ဖြစ်သည်။ ပထမ ကမ္ဘာစစ် စစ်မြေပြင်က ဝေးသဖြင့် စစ်ဒဏ် သိပ်မခံရ။ ဒုတိယ ကမ္ဘာ စစ်တွင်ကား မလူးသာ မလွန့်သာခံရသည်။ အရှေ့တောင် အာရှတွင် ဘယ်တိုင်းပြည်မှ ဗမာပြည်လောက် မခံလိုက်ရပါ။

"ကမ္ဘာ့စနစ်" အပြောင်းအလဲအတွက် စစ်တိုက်ကြရာတွင် ဗမာပြည်၏ ပထဝီအနေအထားကြောင့် သူများထက် ပို ခံရသည်။

## (သုံး)

"စစ်အေးခေတ် ကမ္ဘာ့စနစ်" ကျတော့ တမျိုး ဖြစ်သည်။ ဟိုတုန်းက စစ်ဒဏ်ကိုခံရတာက ကိုယ့်ဘာသာဆုံးဖြတ်နိုင်ခွင့် မရှိလို့၊ အင်္ဂလိပ် ကိုလိုနီ ဖြစ်လို့၊ သူ စစ်တိုက်လျှင် ကိုယ်က ပါရမြဲဖြစ်လို့ ၊ ခံရတာ ဖြစ်သည်။

( ဂျပန်၊ ကိုလိုနီ ခဏ တဖြုတ် ဖြစ်တော့လည်း အင်္ဂလိပ်ကို စစ်ကြေညာတာ လုပ်လိုက်ရသေးသည်။)

ဗမာပြည်က လွတ်လပ်တော့ စာချုပ်စာတမ်းအရ လွတ်လပ်တာဖြစ်လို့၊ အင်္ဂလိပ် နှင့် ချက်ကြိုးမပြတ်။ ထို့ကြောင့် ကိုရီးယားစစ်တိုက်တုန်းက ရောယောင်ပါ လိုက်ရသေးသည်။ သို့သော် စတိသာပါသဖြင့် ကိုရီးယား စစ်မြေပြင်တွင် မနာလိုက်ပါ။ နာတာက ဗမာပြည် စစ်မြေပြင်တွင် ဖြစ်သည်။ စစ်ပြေး KMT တပ်ကြွင်း တပ်ကျန်များကတတိယကမ္ဘာစစ် ဖြစ်တော့မည်ဆိုပြီး စိတ်ခေတ်တက်သည်။ တရုတ်ပြည်ပြန်ရဖို့ ဒုတိယ စစ်မျက်နှာ ဖွင့်တော့မလို လုပ်သည်။ ဗိုလ်ချုပ်ကြီး 'မက်အာသာ' သာ မပြုတ်လျှင်၊ အမေရိကန် နှင့် တရုတ်ပြည် ကြားတွင် ဗမာပြည်မှာ စစ်မြေပြင် ဖြစ်ရဖို့ ရှိသည်။ စစ်မြေပြင်သာ ဖြစ်လျှင်၊ ဗမာပြည် သက်သာ မည်မဟုတ်။ ဒုတိယကမ္ဘာစစ်ကထက် ဆိုးလိမ့် မည်။သို့သော် "စစ်အေး ကမ္ဘာ့စ နစ်" ကို ဆူပါ ပါဝါများ က ထိန်းသိမ်းလိုက်ကြသဖြင့် သက်သာသွားသည်။

တရုတ်နှင့် အိန္ဒိယ အစိုးရများကလည်း မအူမလည် ဖဆပလ အစိုးရကို ထိန်း ပေးမှ ဖြစ်တော့ မည်ဟု သဘောပေါက်သွားသည်။ မူကြီး ၅ ချက်တို့၊ ဘန်ဒေါင်းမူ ၁၀ ချက်တို့ဖြင့် ထိန်းပေးလိုက်သည်။ ဗမာပြည်အစိုးရ တ္တန္တေရသွားသည်။ နိုင်ငံ၏ဂုဏ် သိက္ခာလည်းတက်သည်။ ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်အဖြစ် ဗမာပြည်မှ ဦးသန့်ကို အရွေးခံရသည်အထိ ဂုဏ်သိက္ခာ တက်ခဲ့သည်။

ကြားနေနိုင်ငံသာ မဟုတ်လျှင်၊ ထိုသို့ ဖြစ်ဖို့ မလွယ်ပါ။ ဦးနုဖဆပလ အစိုးရကို ကျေးဇူး တင်သင့်သည်။

**ကမ္ဘာ့စနစ်အပြောင်းအလဲအတွက်**
**စစ်တိုက်ကြရာတွင်**
**ဗမာပြည်၏ပထဝီအနေအထားကြောင့်**
**သူများထက် ပိုခံရသည်။**

## (လေး)

"စစ်အေးကမ္ဘာ့စနစ်"သည် တည်ငြိမ်လှသည်မဟုတ်။ တနေ့ရွှေ တနေ့ငွေ ဖြစ်သည်။ "နယ်ချဲ့ ကမ္ဘာ့ စနစ်"တုန်းကလို ငြိမ်ဝပ်ပိပြားနေသည် မဟုတ်ပါ။ စစ်အေးကနေ စစ်ပူသို့ အချိန်မရွေး ပြောင်း သွားနိုင်သည်။

ဗီယက်နမ်စစ်သည် စစ်အေးမှ စစ်ပူသို့ ဒေသန္တရ သဘောအရ ပြောင်းသွားခြင်း ဖြစ် သည်။ ဗီယက်နမ်စစ်ကနေ အာရှစစ်၊ အာရှစစ် ကနေ ကမ္ဘာစစ်သို့ ပြောင်းမလိုလို တကဲကဲ ဖြစ် သည်။

"ဗီယက်နမ်စစ်"ဟု ခေါ်နေကြ ရသော်လည်း၊ စစ်က ဗီယက်နမ်တွင်သာ ကန့်သတ်ထားတာ မဟုတ်၊ အရှေ့တောင် အာရှ စစ်သို့ ပြောင်းနေသည်။ ထိုစစ်ပွဲတွင် ထိုင်း၊ ဖိလစ်ပိုင်၊ အင်ဒိုနီးရှား၊ မလေးရှား၊ စင်္ကာပူတို့ ကြားမနေကြပါ။ အမေရိကန်ဘက်သို့ ပါကြသည်။ ပါဝင်မှု ဒီဂရီသာ ကွာကြသည်။ ပါသဖြင့် အမေရိကန်ထံမှ ဆုလာဘ် ရသည်။ သူတို့တတွေကို "ကျားနိုင်ငံ"များ ဖြစ်စေသော အခြေခံကို ရသွားစေသည်။ နိုင်ငံတော်တော် များများက သူတို့ကို အားကျကြသည်။ အားကျကြတာ လည်း မဆန်းပါ။ အမေရိကန် ၏ ဆုလာဘ်က မက်စရာ ကောင်းသည်။ တအောင့်တမ ရသည်။ ဒေါ်လာ ဘီလျံ ချီ၍ ရသည်။

နေဝင်း လည်း အားကျသည်။ 'စစ်အစိုးရ' တိုင်းတွင် ရောဂါတမျိုး ရှိသည်။ သူတို့ခေတ်တွင် တိုင်းပြည် တဟုန်ထိုး တိုးတက်သွားရမည် ဟူသော ဆန္ဒစွဲ ရှိကြသည်။ ထို ရောဂါထသဖြင့် နေဝင်းသည် 'ကြား' မနေချင်တော့ပါ။ ဘက်လိုက်ချင်လာသည်။ ဗမာပြည်ကွန်မြူနစ် ဆန့်ကျင်ရေးလောက်သာ လုပ်နေလျှင်၊ အမေရိကန်အကူအညီ မစို့မပို့သာ ရမည်။ တရုတ်ကွန်မြူနစ် ဆန့်ကျင်ရေး လုပ်လိုက်လျှင် တအောင့်တမ ရမည် ဟုတွက်သည်။ ရလျှင် ယိုးဒယားလို၊ စင်္ကာပူ လို၊ မလေးရှားလို၊ အင်ဒိုနီးရှားလို ဖြစ်မည်။ ထို့ကြောင့် အကွက်ကောင်းစောင့်ပြီး၊ တရုတ်

ကွန်မြူနစ် ဆန့်ကျင်ရေး (တရုတ်အစိုးရ ဆန့်ကျင်ရေး) ကို၁၉၆၇ ခုနှစ်တွင် လုပ်လိုက်သည်။

နေဝင်းက တအောင့်တမ ငွေကြေးဆုလာဘ်ကို မျှော်ကိုးတာသာမက ပုဂ္ဂလိက အာဃာတအတွက် ဆုလာဘ်ကိုလည်း မျှော်ကိုးပုံရသည်။

ဦးနု ၁၉၆၀ ရွေးကောက်ပွဲ နိုင်အပြီးတွင် ဦးသန့် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်နေရာ ရသည်။ ၁၉၆၁ ခုနှစ်တွင် ရခြင်း ဖြစ်သည်။ ၁၉၆၂ ခုနှစ်တွင် နေဝင်းက ဦးနုကို အာဏာချနိုင်သော်လည်း ဦးသန့်ကို ဩဇာချမပစ်နိုင်ခဲ့။

မူကြီး ၅ ချက်ကိုဖျက်၊ အမေရိကန်ဘက် အပြတ်လိုက်ခဲ့လျှင်၊ ဦးသန့်နေရာ၌ လူ စားထိုးခွင့်ရမည် ဟု ထင်ခဲ့သည်။ ဒါက– ကုလသမဂ္ဂ လုံခြုံရေးကောင်စီ အမြဲတမ်း အဖွဲ့ဝင် ၅ နိုင်ငံ သဘောတူလျှင် ဖြစ်နိုင်သည်။ တရုတ်ကွန်မြူနစ် အစိုးရက နေရာ မရသေး။ (၁၉၇၁ ခုနှစ် ကျမှ ရသည်။) ဆိုဗီယက်က "ဆိုရှယ်လစ် တော်လှန်ရေး" လုပ်နေသော နေဝင်းကို ပစ်ပီး ထောက်ခံနေသည်။ ထို့ ကြောင့် ထိုစိတ်ကူး လက်တွေ့ ဖြစ်နိုင်ချေ ရှိသည်။

သို့သော် နေဝင်း၏စိတ်ကူး အကောင်အထည် မပေါ်ခဲ့ပါ။ ပထဝီက စကားပြောသွားသည်။ အင်ဒိုနီးရှားမှာ၊ မလေးရှားမှာ၊ ဘက်ပြောင်းသွားသော အစိုးရများရဲ့ အသတ်ခံရတဲ့ တရုတ်တွေက ထောင်သောင်း ချီ ရှိသည်။ နေဝင်း သတ်နိုင်တာက ဆယ်ဂဏန်း၊ ရာဂဏန်းသာ ရှိသည်။ သို့သော် အင်ဒိုနီးရှား၊ မလေးရှားကို တရုတ်က ဒဏ်မခတ်နိုင်ပါ။ ဝေးလှသည်။ ဗမာပြည် ကတော့ ခြံစည်းရိုးသာ ခြားသည်။ ထို့ပြင် ဗကပ ပညာသင်များ တရုတ်ပြည်ထဲတွင် ရာချီ ရှိသည်။ ကချင် သီးခြား တိုင်းပြည်ထူထောင်ရေး မအောင်မြင်၍ ပြေးဝင်လာသော နော်ဆိုင်းတပ်လည်း ရာချီ ရှိသည်။ ဗကပ ပညာသင်များက "မူကြီး ၅ ချက်"ကြောင့် တရုတ်ပြည်တွင် သောင်တင်နေသည်။ နေဝင်းသာ "မူကြီး ၅ ချက်" စည်းရိုးကိုချိုးမပစ်လျှင် တရုတ်ပြည်တွင် အရိုးထုတ် ကြရမည်။

နေဝင်းက "မူကြီး ၅ ချက်" ကို ရိုက်ချိုး လိုက်သဖြင့်၊ အရှေ့မြောက် စတင်ပေါ်လာသည်။ ထိုအခါ ထောင်ထဲရောက်နေသော ဗိုလ်အောင်ကြီးက "ကိုးကန့်နဲ့ ပဲခူးရိုးမ ဟိုချီမင်း လမ်းဖောက်ခွင့် မပေးလိုက်ပါနဲ့။ အမြန်သွားတောင်းပန်ပါ"ဟု ဗိုလ်နေဝင်းကို အကြံပေးသည်။ ဦးနု နဲ့ သူ့ကို တရုတ်ပြည် သွားတောင်းပန်ဖို့ လွှတ်ပါ ဟု တောင်းဆိုသည်။ တရုတ်ပြည်က ပြန် လာပြီးလျှင် ထောင်ထဲ ပြန်ထည့်ချင် ထည့်ပါ ဟု ဆိုသည်။

တောင်းပန်တဲ့ အလုပ်များ သူတို့သာ လုပ်တတ်တာမဟုတ်၊ ငါလည်း လုပ်တတ်တာပဲ ဆိုပြီး၊ နေဝင်း တရုတ်ပြည် ကွန်မြူနစ် အစိုးရထံ အခေါက်ခေါက် သွားပြီးတောင်းပန်သည်။

ဤလိုနှင့် ကျေအေးလိုက်ကြသည်။ "မူကြီး ၅ ချက်" မူပေါ်သို့ ပြန်ရောက်တော့မလိုလို ဖြစ်သည်။ သို့သော် နေဝင်းက (၈၈၈၈) အရေးတော်ပုံကြောင့် မလုပ်လိုက်ရ။ နဝတကျမှ လုပ်နိုင်သည်။

## (ငါး)

စစ်အေးခေတ်အလွန်။ ကမ္ဘာ့စနစ်ဟောင်း မရှိတော့ပါ။ သို့သော် စနစ်သစ်က မပေါ်သေး။ ဆိုဗီယက် က စစ်ရှုံးတာ မဟုတ်။ သူအတတ်နှင့် သူ စူးပြီး၊ ပြိုသွားခြင်း ဖြစ်သည်။

အရင့် အရင် ဖြစ်မြဲမှာ၊ ကမ္ဘာ့စနစ်အတွက် စစ်တိုက်ကြ။ အရှုံးအနိုင်ဖြစ်ကြ။ ရှုံး သူက အပြတ်ရှုံး၊ နိုင်သူက အပြတ်နိုင်။ ထိုအခြေအနေရောက်မှ စနစ်သစ် ချမှတ်ခြင်း ဖြစ်သည်။

စနစ်သစ်ချလျှင် ရှုံးသူ မပါရ။ စကားပြောခွင့် တောင် မရှိ။ စစ်အေးခေတ်စနစ်မှာ ဤနည်းဖြင့် ပေါ်လာခြင်းဖြစ်သည်။ ကုလသမဂ္ဂသည် စစ်အေးခေတ်၏ အဆောက်အဦဖြစ်သည်။ သူ့ဖွဲ့စည်းပုံနှင့် လည်ပတ်ပုံ ကြည့်လျှင် ရှင်းသည်။ စစ်နိုင်သူကဖွဲ့သည့် အခြေခံချင်းမတူသည့် စုပေါင်းစပ်ပေါင်း မဟာမိတ်အဖွဲ့ ဖြစ်သည်။ ထို့ကြောင့် ထိန်းညှိထားရသည်။ ကြီး ၅ကြီးကို ဗီတိုအာဏာ ပေး ထားရသည်။ ကြီး ၅ကြီးထဲပါသော တရုတ်ပြည်က ကိုလိုနီတပိုင်းနိုင်ငံဖြစ်သည်။ ပါတုန်းကတော့ အမေရိ ကန်၏ဩဇာခံအဖြစ် ပါတာဖြစ်သည်။သို့သော် ၁၉၄၉ ခုနှစ်တွင် တရုတ်ပြည်က

ပုံစံပြောင်းသွားသည်။ ထို့ကြောင့် ကြီး ၅ ကြီးထဲက တရုတ်ပြည် အနေအထားက ကမောက်ကမ ဖြစ်နေသည်။ ၁၉၇၁ ခုနှစ် ရောက်မှ ပုံမှန် ပြန် ရောက်သည်။ ပြန်ရောက်ဖို့ အမေရိကန်– တရုတ် အတော်စေ့စပ် လိုက်ရသည်။ ( ကျော်ဝင်း ဘာသာပြန်တဲ့'စပယ်ဖြူ'ထဲက "စကားဝိုင်း" ဘာသာပြန်များကို ကြည့်ပါ။)

သင်ခန်းစာ ယူဖို့မှာ စနစ်ပြောင်းချိန်တိုင်းတွင် ဗမာပြည် ဒုက္ခတွေ့တတ်သည်။ ယခု စနစ်ပြောင်းနေချိန် ဖြစ်သည်။ မမေ့ မလျော့ မပေါ့ကြဖို့ လိုသည်။ ကမ္ဘာ့စနစ် ပြောင်းချိန်နှင့် ဗမာပြည်၏ အုပ်ချုပ်ရေး စနစ်ပြောင်းချိန် လာ၍ တိုက်ဆိုင်နေသဖြင့် ပိုပြီး သတိရှိသင့်သည်။ အမြော်အမြင် ရှိသင့်သည်။

## (ခြောက်)

ဗမာပြည်၏ အုပ်ချုပ်ရေးစနစ် ပြောင်းလဲချိန်က သူများနှင့် မတူပါ။ ကြာလွန်းလှသည်။ ၁၉၉၀ ရွေးကောက်ပွဲအပြီး က စတွက်လျှင်ပင် ၁၄ နှစ် ရှိပြီ။

ဗမာပြည်လူထုကတော့ ကိုယ့်ကိစ္စဖြစ်၍ စိတ်ရှည်နိုင်ကြသည်။ နိုင်ငံကြီးများ စိတ် မရှည်ကြတော့။ စစ်အုပ်စုက ဒါကို သိသည်။ ဒါကြောင့် အချိန် ဆွဲလို့ ရသမျှ ဆွဲသည်။

ဤတွင် ဗမာပြည်၏ထူးခြားချက်ကို ပြောဖို့ လိုသည်။ ၁၉၄၉–၅၀ တွင် ဖဆပလ အစိုးရ ဘေးကျပ် နံကျပ် ဖြစ်နေချိန်က ဝင်ကယ်ကူတာ အိန္ဒိယ အစိုးရ ဖြစ်သည်။ နောက် ကျမှ အိန္ဒိယနဲ့ တရုတ်အစိုးရ ဦးစီးမှုဖြင့် ကြားနေနိုင်ငံ ဖြစ်စေသည်။

၁၉၆၇ မှ ၁၉၇၀ အထိ နေဝင်းအစိုးရ ဘေးကျပ် နံကျပ် ဖြစ်တော့ အမေရိကန် ဝင်ကယ်သည်။ ၁၉၈၈–၈၉ အကျပ်အတည်းကျတော့ တရုတ်နဲ့ ASEAN ဝင်ကယ်သည်။ နောက် အိန္ဒိယ ပါလာသည်။ ယခုကျတော့ EU ပါလာပြီ။ အမေရိကန်ပဲ ကျန်သည်။

အမေရိကန်ကျန်တာကလည်း သူ ထုထောင်ချင်သည့် ဝင်ရိုးတခု ကမ္ဘာ့စနစ်အတွက် အသုံးတည့်၍ ကျန်နေခြင်း ဖြစ်သည်။ အကောင်းကျန်ခြင်း မဟုတ်ပါ။ ဗမာပြည်တွင် ဒီမိုကရေစီ အောင်မြင်စေချင်တာထက် လက်ကျန် တရုတ် ကွန်မြူနစ်အစိုးရကို 'ခွေ'ထားချင်တာက အဓိက ဖြစ်နေသည်။ များမကြာခင်က အသံတခု ကြားလိုက်ရသည်။ ဗမာပြည်မှာ ဒီမိုကရေစီရေး အောင်မြင်ဖို့ ဆိုလျှင်၊ တရုတ်ပြည် ဒီမိုကရေစီ ပြုပြင်ပြောင်းလဲရေးကို အရင်လုပ်ရမည်– ဟူသော အသံ ဖြစ်သည်။ ဘာသဘောနဲ့ ပြောသလဲ မသိပါ။ ထိုင်ဝမ်မှအထောက်အပံ့ကို လိုချင်၍လော။ ( ထိုင်ဝမ်မှာ နိုင်ငံခြား အရံငွေ ပေါသည်။)

ကမ္ဘာ့စနစ် အပြောင်းအလဲ ဖြစ်ချိန်တိုင်းတွင် ဗမာပြည်အနေနှင့် သတိနှင့် နေရ ပါမည်။ အနေမတတ်ဘဲ – အာဏာ ပလ္လင်ပေါ်က မဆင်းချင်ရုံသက်သက်ဖြင့် (စစ်အုပ်စုလို)အမေရိကန် ဆန့်ကျင်ရေး လေလုံထွားနေတာမျိုး မလုပ်သင့်ပါ။ ကုလသမဂ္ဂ ဆုံးဖြတ်ချက်အတိုင်း စေ့စပ်ပါ ဟု ပြောနေသော အမေရိကန်ကို ဆန့်ကျင်ဖို့ မလိုပါ။ ကြိုဆိုရမည်။

တဖက်ကလည်း အမေရိကန်ကြိုက် ကမ္ဘာ့စနစ်သစ်အတွက် မဆီမဆိုင် ကြားကဝင်ပြီး 'တရုတ်ပြည်မှာ ဒီမိုကရေစီ ပြုပြင်ပြောင်းလဲရေး အရင်လုပ်မှ ရမည်'ဟု မပြောသင့်ပါ။ ကွဲ ၂ ကောင်က ခတ် မခတ် မသေချာပါ။ သူတို့ချင်း စေ့စပ်တတ်ပါသည်။ ကမ္ဘာ့သမိုင်းမှာ စေ့စပ်ခဲ့ပေါင်း များလှပါသည်။ ကြားက ကော ကျန်ရစ်တတ်ပါသည်။

■ ■ ■ ■

လက်ရှိနိုင်ငံတကာရေးရာမှာ အမေရိကန်ရဲ့ စစ်ဗျူဟာ ရွှေ့ပြောင်းမှုဟာ အရေးကြီးတဲ့ပြဿနာတရပ်ပါ။ အမေရိကန်ကို လိုလားသူများအနေနဲ့ အမေရိကန်စစ်အင်အားကြီးတာ၊ စစ်အင်အား ခင်းကျင်းတာကို ဝမ်းမြောက်ဖွယ်ကိစ္စအဖြစ် ယူဆကြပါလိမ့်မယ်။ ဒါပေမဲ့ ကမ္ဘာ့ပြည်သူများ အထူးသဖြင့် အာရှပြည်သူများအတွက်တော့ စိုးရိမ်စရာပါ။

# အမေရိကန်ရဲ့ စစ်ဗျူဟာရွှေ့ပြောင်းမှု

ရဲဘော် ဦးကြည်ဝေ

အမေရိကန်ဟာ အီရတ်ကျူးကျော်ရေးစစ် ပထမအဆင့် ပြီးကတည်းက(ဆက်ဒမ်ဟူစိန် အစိုးရ ပြုတ်ကျပြီးကတည်းက) စစ်ရေးအရ မဟာဗျူဟာရွှေ့ပြောင်းမှုကြီး လုပ်လာပါတယ်။ အဓိက ကတော့ အာရှကို စစ်အင်အားများ ရွှေ့ပြောင်း(တဆင့်တိုး နယ်ချဲ့)ပြီး၊ တရုတ်ပြည်ကို ခြိမ်းခြောက်ရေး၊ ပစိဖိတ်ပင်လယ်ပြင် တခုလုံး စိုးမိုးရေးလုပ်တာ ဖြစ်ပါတယ်။ သူလုပ်နေတဲ့ ဖြစ်ရပ်တချို့ကိုကြည့်ရင် သူ့ ရည်ရွယ်ချက်ကို အကဲခတ်လို့ရပါတယ်။ ဥရောပမှာ တပ်တွေ လျှော့ချပစ်လိုက်တယ်။ တောင်ကိုရီးယားမှတပ်ကို (အီရတ်မှာသုံးပြီး အပြန်မှာ) အိုကီနာဝါ ကျွန်းသို့ ရွှေ့ပြောင်းပြီး နေရာချလိုက်တယ်။ ဒါ့အပြင် မြောက်ကိုရီးယားကိစ္စကို ထိုးဆွတာ၊ ထိုင်ဝမ်ရဲ့နောက်လိုက်အင်အားတွေကို လှုပ်ရှားစေတာ၊ မလက္ကာ ရေလက်ကြားကို တပ်လှုပ်ရှားနိုင်ဖို့ ဆင်ခြေဆင်လက် အကြောင်းပြချက် အမျိုးမျိုးတင်ပြပြီး၊ နည်းမျိုးစုံနဲ့ သူ့နောက်လိုက်တွေကို လှုပ်ရှားစေတာ ... စတဲ့အခြင်းအရာတွေကို တွေ့နေရပါတယ်။ အာဖဂန်အရေးကို အကြောင်းပြပြီး သူလုပ်နေတဲ့ ကိစ္စတွေကလည်း အများကြီးပါ။ တရုတ်ပြည်ရဲ့ နံဘေးကို ဦးတည်ဝိုင်းထားရေးလုပ်ပါတယ်။ အီရန်ကို ခွချက်လုပ်ဖို့နဲ့ ရုရှားကို မြားဦးတည်ဖို့အတွက် ဂျော်ဂျီယာ၊ တာကစ္စတန်၊ အူဇဘက်ကစ္စတန်စတဲ့ နိုင်ငံတွေမှာ စီးပွားရေး၊ စစ်ရေးဆိုင်ရာ ခြေချမှုတွေ လုပ်ပါတယ်။

အမေရိကန်ရဲ့ ရည်ရွယ်ချက်ဟာ ရှင်းပါတယ်။ စစ်ရေးနယ်ပယ်တိုးချဲ့ဖို့၊ စီးပွားရေးနယ်ပယ်တိုးချဲ့ဖို့နဲ့ နိုင်ငံရေးသြဇာခံ နယ်ပယ်တွေ တိုးချဲ့ဖို့ပါ။ လက်တွေ့ဖြစ်ရပ်တွေကိုကြည့်ရင် စစ်ခြေကုပ်စခန်းတွေ တိုးချဲ့တာ၊ စစ်ရေးလှုပ်ရှားမှုဒေသတွေ တိုးချဲ့တာ၊ စစ် လက်နက်ဈေးကွက်တွေ တိုးချဲ့တာ၊ စီးပွားရေး ခြေကုပ်စခန်းတွေ တိုးချဲ့တာ၊ ရေနံရေသောက်မြစ်ဒေသတွေ တိုးချဲ့တာ၊ ရေနံပို့ဆောင်ရေး လမ်းကြောင်းတိုးချဲ့တာနဲ့ နောက်လိုက်သြဇာခံမျိုးစုံ (စီးပွားရေး၊ နိုင်ငံရေး၊ စစ်ရေး) မွေးမြူရေးတွေ တိုးချဲ့လုပ်ဆောင်တာ ... စသဖြင့် တိုးချဲ့မှုအမျိုးမျိုးလုပ်နေတာ တွေ့ရပါတယ်။

အမေရိကန်ရဲ့ ယခုလို စစ်ဗျူဟာ ရွှေ့ပြောင်းလုပ်နေတာနဲ့ ဆက်စပ်ပြီး သတိထားစောင့်ကြည့် အကဲခတ်ဖို့ လိုအပ်တဲ့ အခြင်းအရာတွေ ပေါ်ပေါက်လာတယ်။

၁။ ထိုင်ဝမ်(ဖော်မိုဆာ)အရေးနဲ့ မြောက်ကိုရီးယားအရေးတို့ ပိုမိုတင်းမာလာပါတယ်။ ဒီအရေးအခင်း (၂) ခုဟာ အကြောင်းမသင့်ရင် ပဋိပက္ခကြီးထွားပြီး စိုးရိမ်းစရာ ဖြစ်လာနိုင်ပါတယ်။

၂။ အမေရိကန်က ဖိလစ်ပိုင်တပ်များ စစ်လေ့ကျင့်ရေးအတွက် အကူအညီပေးတာနဲ့ ပူးတွဲလေ့ကျင့်တာတွေ လုပ်ပါတယ်။ ဖိလစ်ပိုင်က မူဆလင်သူပုန်များကို နှိမ်နင်းရာမှာလည်း အမေရိကန်တပ်တွေ တိုက်ရိုက်ပါဝင်တာ တွေ့ရတယ်။

၃။ အမေရိကန်ဟာ မလေးရှားနဲ့လည်း စစ်လေ့ကျင့်မှု ပူးတွဲလုပ်ဆောင်ပါတယ်။

၄။ စင်္ကာပူ ဝန်ကြီးချုပ်သစ်(လီရှန်လုံး) ထိုင်ဝမ်သို့ သွားရောက်တာလည်း အမေရိကန်ရဲ့ စစ်ဗျူဟာ

ပြောင်းရွှေ့မှုနဲ့ ဆက်စပ် နေတယ်လို့ ယူဆနိုင်စရာ ရှိပါတယ်။

၅။ အင်ဒိုနီးရှားမှာ 'မေဂါဝတီ'ကို ဆန့်ကျင်တဲ့ လှုပ်ရှားမှုတွေ ပေါ်ပေါက်ခဲ့တာဟာလည်း အမေရိကန်ရဲ့ ခြေရာလက်ရာ မကင်းပါဘူး။

၆။ အမေရိကန်ဟာ အိန္ဒိယ(ယခင်) အစိုးရကို အပါဆွဲပြီး၊ ပါကစ္စတန်ရဲ့ အယ်လ်ကိုက်ဒါ ဆန့်ကျင်ရေးမှာ သူ့အတွက် အ ကျိုးအမြတ်ရအောင် လုပ်ခဲ့ပါတယ်။ ဒီကိစ္စကို ဘုရှ်အစိုးရက သူတို့ရဲ့မဟာအောင်ပွဲအဖြစ် မဲဆွယ်ပွဲမှာ ပြောတာ တွေ့ခဲ့ရပါတယ်။

၇။ စစ်တုရင်ပွဲမှာ ဘုရင်မအပါအဝင် အရုပ်မျိုးစုံနဲ့ ချက်သလို တရုတ်ပြည်ကိုချက်တဲ့ လုပ်ရပ်တွေကလည်း ဘက်စုံပါတယ်။ ထိုင်ဝမ်က ဩဇာခံနောက်လိုက်တွေကို မြှောက်ပေးတာ၊ မြောက်ကိုရီးယားကို ကိုင်လှုပ်တာနဲ့ စီးပွားရေးအကျပ်ကိုင်မှု မျိုးစုံလုပ်တာ တွေလည်း ပါဝင်တယ်။ ဒါပေမဲ့ တရုတ်ပြည်ဟာ အမေရိကန် ဝင်တိုးချင်နေတဲ့ ဈေးကွက်ကြီး ရှိနေပါတယ်။ ဒီဈေးကွက်ဟာ ကြီးမားကျယ်ပြန့်တာမို့ သူ့အတွက် မက်မောစရာပါ။ ဒါကြောင့် လောလော ဆယ်ဆယ်မှာ စစ်ပွဲတခုဖန်တီးဖို့တော့ အလားအလာ နည်းမယ် လို့ယူဆရပါတယ်။ ဥပမာ – အမေရိကန် လယ်ယာထွက်ပစ္စည်း ပို့ကုန်စုစုပေါင်းရဲ့ ၂၀ ရာခိုင်နှုန်းကို တရုတ်ကဝယ်ယူနေတာပါ။ အမေ ရိကန်သို့ တရုတ်က တင်ပို့နေတဲ့ ပို့ကုန်ပစ္စည်းတွေဟာလည်း များပြားလှပါတယ်။ အမေရိကန်နဲ့ တရုတ်ဈေးကွက်ကြီး (၂)ခုဟာ လက်ယှက်ထိုးသလို အပြန်အလှန် ဆက်စပ်ထားနေရတော့ ရုတ်တရက်ချက်ချင်း အပြတ်ရှင်းဖို့တော့ မဖြစ်နိုင်သေးဘူးလို့ ယူဆရပါတယ်။

၈။ တရုတ်ပြည်အနေနဲ့ကလည်း ထိုင်ဝမ်ပြဿနာကို နည်း(၂)နည်းနဲ့ဖြေရှင်းဖို့ ပြင်ဆင်မှုတွေ ပြင်းပြင်းထန်ထန် လုပ်နေပါ တယ်။ နည်း(၂)နည်း ဆိုတာက ငြိမ်းချမ်းတဲ့နည်းရော၊ စစ်ရေးနည်းကိုပါ ဆိုလိုတာပါ။ ထိုင်ဝမ်က လုံးဝလွတ်လပ်ရေးဆိုတဲ့ လမ်းကြောင်းကို ဖွတ်တိုးရင် တရုတ်(၂)ပြည်ထောင်စနစ်ကို ဖြစ်သွားစေမှာမို့ တရုတ်ပြည်မကြီးက ပြတ်ပြတ်သားသား ဆန့်ကျင်တိုက်ခိုက်မှာပါ။ ထိုင်ဝမ်ရဲ့ လုံခြုံရေးကို တာဝန်ယူ အာမခံ ချက်ပေးထားတာက အမေရိကန်ဖြစ်ပါတယ်။ ထိုင်ဝမ်ပြဿနာ ပေါက်ကွဲမှုဖြစ်လာရင် အာရှတိုက် တခုလုံးအတွက် စိုးရိမ်စရာအနေအထားကို ရောက်ရှိသွားမှာပါ။ တရုတ်ပြည်ရဲ့ အိမ်နီးချင်းနိုင်ငံတွေက ပိုပြီး အန္တရာယ်ကြီးပါတယ်။ စစ်ထဲ တဖက်ဖက်က ပါရင်လည်း ဒုက္ခရောက်မယ်။ ဘယ်ဘက်မှ မပါနဲ့ဦး၊ အနည်းဆုံး စစ်ဘေးဒဏ်ကို ခံရပါလိမ့်မယ်။ စစ်ထဲ အတင်းဆွဲသွင်း တာလည်း ခံရနိုင်တယ်။

ဗမာပြည်ဟာ ၁၈၂၄ ကစပြီး ၁၈၈၅ အထိ အနှစ် ၆၀ ကျော် နယ်ချဲ့ ကျူးကျော်မှုခုခံရေးစစ် ဆင်ခဲ့ရတယ်။ ဒါကတော့ တိုက်သင့်တဲ့စစ်၊ တိုက်ရမယ့်စစ်ပဲ။

၁၈၈၅ ကစပြီး ၁၉၄၈ အထိ အနှစ် ၆၀ ကျော် ကိုယ်ကျိုးတပြားသားမှ မပါတဲ့ အရှင်သခင် အင်္ဂလိပ် အကျိုးအတွက် စစ်ထဲဆွဲ သွင်းခံခဲ့ရတယ်။ ဗမာပြည် စစ်မြေပြင် ဖြစ်ခဲ့ရတယ်။ အင်္ဂလိပ်နဲ့ ဂျပန် ဗမာပြည်မှာ တိုက်တဲ့စစ်ကို အင်္ဂလိပ်ရဲ့ "အရှည်ကြာဆုံး စစ်ပွဲ" လို့ အင်္ဂလိပ် စစ်သမိုင်းဆရာတဦးက သတ်မှတ်တယ်။ အရှေ့တောင်အာရှမှာ ဗမာပြည်လောက် စစ်ဒဏ်ခံရတဲ့ တိုင်းပြည် တခြားမှာ မရှိဘူး။ မျိုးချစ် ပြည်ချစ်တွေ ကွန်မြူနစ်တွေက အဆိုးထဲက အကောင်းပေါ်အောင် လုပ်ခဲ့လို့ လွတ်လပ်ရေးရခဲ့ပြီ။

ကိုယ့်ကြမ္မာကိုယ် ဖန်တီးနိုင်တဲ့ခေတ် ရောက်ခဲ့ပြီ။

ဗမာပြည်ရဲ့ နှစ်"၁၈၀"ခရီး(၁၈၂၄ – ၂၀၀၄)မှာ ရှင်ကြီးဝမ်း ဝင်ခဲ့ဖူးပြီ။ ကိုယ့်တိုင်းပြည် ကိုယ့်အမျိုးသား အကျိုးကျေးဇူးအ တွက် တိုက်တဲ့စစ်ဆိုရင် ကွန်မြူနစ်တွေ ရှေ့ဆုံးကတိုက်မယ်။ ကိုယ့်ဆန္ဒမပါဘဲ စစ်ထဲမှာ ကြားညှပ်ခံရရင်လည်း အဆိုးထဲက အကောင်းပေါ် အောင်လုပ်ကြရမယ်။

နိုင်ငံတကာ့အခြေအနေကို မျက်ခြည်မပြတ် လေ့လာပြီး ကိုယ့်တိုင်းပြည်အကျိုးအတွက် လုပ်သင့်လုပ်ထိုက်တာတွေလုပ်၊ ပြင် သင့်တာတွေကို ပြင်ဆင်ထားကြရမှာပါ။ ။

# အနောက်ကိုလျှောက်ပါလို့ အရှေ့ကိုတဲ့ မျှော်လိုက်ရင်

စိုးကျော်

## အရှေ့မျှော်ပေါ်လစီ

အိန္ဒိယနိုင်ငံသည် အရှေ့မျှော်ပေါ်လစီကို ၁၉၉၂ ခုနှစ်တွင် စတင်အကောင်အထည်ဖော်ခဲ့သည်။ ယင်းပေါ်လစီ စတင်သည့်အချိန်မှာ စစ်အေးခေတ် ကုန်ဆုံးချိန် တနည်းအားဖြင့်ဆိုသော် ဆိုဗီယက် ယူနီယံ ပြိုကွဲပြီးချိန် ဖြစ်နေသည်မှာ တိုက်ဆိုင်မှု သက်သက်မျှသာ မဟုတ်ချေ။ စစ်အေးခေတ်အလွန်တွင် ပေါ်ထွန်းလာမည့် ကမ္ဘာ့စနစ်သစ်တရပ်အတွက် နိုင်ငံအသီးသီးသည် နေရာယူမှုအသစ်များ (New Alignment)ကို လုပ် ဆောင်ကြရသည်။ အိန္ဒိယနိုင်ငံလည်း အလားတူပင် ဖြစ်၏။ အထူးသဖြင့် စစ်အေးခေတ်အတွင်းက ဆိုဗီယက်နှင့် နီးနီးကပ်ကပ် ရှိခဲ့သော အာရှတိုက်၏ နိုင်ငံကြီး တနိုင်ငံဖြစ်သော အိန္ဒိယနိုင်ငံအဖို့မှု နေရာယူမှုအသစ်မှာ ပို၍ပင် လိုအပ် ပေသည်။ ယခု အရှေ့မျှော် ပေါ်လစီ ဆိုသည်မှာ ထိုနေရာယူမှုအသစ်၏ အစိတ်အပိုင်းတရပ်သာ ဖြစ်ပါသည်။

## စစ်အေးခေတ်အတွင်း အိန္ဒိယနိုင်ငံ

အိန္ဒိယနိုင်ငံသည် ၁၉၄၇ ခုနှစ်တွင် လွတ်လပ်ရေး ရရှိခဲ့သည်။ သို့ရာတွင် စကတည်းကယဉ်သကို ဆိုသလိုပင် အိန္ဒိယနိုင်ငံသည် လွတ်လပ်ရေးနှင့်အတူ ကိုလိုနီအမွေဆိုးကိုပါ ရရှိခဲ့သည်။ လွတ်လပ်ရေးမတိုင်မီမှာပင် ဟိန္ဒူ မူဆလင် သွေးထွက်သံယို အဓိကရုဏ်းများ ဖြစ်ခဲ့သည်။ ထိုနောက် အိန္ဒိယနှင့် ပါကစ္စတန်အဖြစ် သီးခြားလွတ်လပ်သောနိုင်ငံများ ထူထောင်ခဲ့ကြသော်လည်း ထိုပဋိပက္ခမှာ နှစ်နိုင်ငံအကြားတွင် ပြေလည်သွားသည် ဟူ၍ မရှိခဲ့ပေ။ ယခုအချိန်အထိ ကက်ရှ်မီးယားပြဿနာသည် ရန်မီးပွားပြဿနာ ဖြစ်နေဆဲပင်။

တဖက်တွင်မူ လွတ်လပ်ပြီးစ အိန္ဒိယနိုင်ငံသည် ကျန်အိမ်နီးချင်းနိုင်ငံများနှင့် ချစ်ကြည်ရင်းနှီးသော ဆက်ဆံ ရေးကို ထူထောင်နိုင်ခဲ့သည်ဟု ဆိုနိုင်ပါသည်။ ၁၉၅၄ ခုနှစ် တွင် တရုတ်နိုင်ငံ၊ မြန်မာနိုင်ငံတို့နှင့် လက်တွဲ၍ နိုင်ငံ အချင်းချင်းဆက်ဆံရေး၏ အခြေခံမူကြီးများဖြစ်သော ဘန်ဒေါင်းမူငါးချက်ကိုပင် ချမှတ်နိုင်ခဲ့သည်။ ထိုစဉ်က ပေါ်ပေါက်နေသော အမေရိကန်နိုင်ငံနှင့် ဆိုဗီယက် မဟာအင်အားကြီးနှစ်နိုင်ငံ၏ ဩဇာပြိုင်ဆိုင်မှုကြားတွင် ဘက်မလိုက်ဘဲ ကြားနေနိုင်ရန် ကြိုးပမ်းမှုဟု ဆိုနိုင်ပါသည်။ ဘက်မလိုက်လှုပ်ရှားမှု၏နိဒါန်းအစ ဟုလည်း ဆိုနိုင်ပါသည်။

သို့ရာတွင် ထိုစဉ်က မဟာအင် အားကြီး နှစ်နိုင်ငံ၏ စစ်အေးတိုက်ပွဲမှာ ပြင်းထန်သည်းသန် လှပါသည်။ နှစ်နိုင်ငံစလုံးက မိမိတို့၏ ဩဇာစက်ဝန်း များကို ကမ္ဘာ့နေရာအနှံ့တွင် အပြိုင်အဆိုင်ထူ ထောင် ကြသည်။ အချို့နေရာများတွင် ထိပ်တိုက်တွေ့ကြသည်။ ဥရောပတွင် နေတိုးနှင့် ဝါဆော စစ်စာချုပ်အဖွဲ့များ ဖွဲ့ကြသည်။ အာရှတွင် ၁၉၄၆ မှ ၁၉၅၄ ခုနှစ် ဒိန်ဗင်ဖူးတွင် ခွက်ခွက်လန်အောင် စစ်ရှုံးသည်အထိ ဗီယက်နမ်တွင် ပြင်သစ်သည် ခေါင်းမာ စွာဖြင့် စစ်ခင်းခဲ့သည်။ ထိုနောက် တောင်နှင့် မြောက် ဗီ ယက်နမ်ဟူ၍ ဖြစ်လာပြီး ဆုတ်ခွာသွားသော ပြင်သစ် နေရာတွင် အမေရိကန်က နေရာ ဝင်ယူခဲ့ပြန်သည်။ ဗီယက်နမ်တွင် အမေရိကန်၏ ပါဝင် ပတ်သက်မှုမှာ တစ တစ ကြီးမားနက်ရှိုင်းလာခဲ့သည်။ ၁၉၆၀ ခုနှစ်များ နှောင်း ပိုင်းတွင် ဗီယက်နမ်စစ်မီးမှာ ပြင်းထန်သည်းသန် လာခဲ့သည်။

ထို့အပြင် ကိုးရီးယားကျွန်းစွယ်တွင် ၁၉၅၀ – ၅၃ ခုနှစ်များတွင် စစ်မက်ဖြစ်ပွားခဲ့သည်။ ထိုစစ်ပွဲတွင်

တရုတ်အပျော်တမ်းတပ်များနှင့် မြောက်ကိုး ရီးယားတပ်များကတဖက်၊ ကုလသမဂ္ဂအလံထောင်၍ အမေရိကန်ဦးဆောင်သောနိုင်ငံစုံတပ်ဖွဲ့နှင့် တောင်ကိုးရီးယားတပ်များကတဖက် စစ်ဖြစ်ခဲ့ခြင်း ဖြစ်သည်။

အထက်တွင်ဆိုခဲ့သည့်အတိုင်း အိန္ဒိယနိုင်ငံနှင့် တရုတ်နိုင်ငံတို့သည် ဘန်ဒေါင်းမူငါးချက်ကို အတူတကွ ဖော်ဆောင် လက်မှတ်ထိုးနိုင်ခဲ့ကြသော်လည်း တဖက်တွင်မူ နှစ်နိုင်ငံနယ်စပ်ပြဿနာကို ဖြေရှင်းနိုင်ကြသည် မဟုတ်။ အဖုအထစ်များ ရှိနေဆဲ ဖြစ်သည်။ ထိုအဖုအထစ်များက ၁၉၆၂ ခုနှစ်တွင် တရုတ် – အိန္ဒိယအကြားတွင် စစ်မက်ဖြစ်ပွားစေခဲ့သည်။ ထိုစစ်ပွဲကာလတွင်လည်း အမေရိကန်က အိန္ဒိယနိုင်ငံကို အကူအညီများ ပေးခဲ့သည်။

ထိုသို့ အကူအညီများရရှိသော်လည်း ပါကစ္စတန်နိုင်ငံကိုလည်း စစ်ရေးအကူ အညီများ ပေးနေသော အမေရိကန်နိုင်ငံ အပေါ် အိန္ဒိယနိုင်ငံသည် ယုံကြည်စိတ်ချဟန်မတူ။ အခြားအားကိုးရာကို ရှာပြန်လေသည်။ ထိုအချိန်တွင် တရုတ် – ဆိုဗီယက် အကွဲမှာလည်း ပေါ်လွင်လာနေပြီ ဖြစ်သည်။ သို့ဖြင့် တရုတ်အန္တရာယ်ကိုပါ ထည့်တွက်ပြီး အိန္ဒိယသည် ဆိုဗီယက်ဘက် လှမ်းမျှော် ကြည့်ခဲ့လေသည်။ ဤသို့ဖြင့် တရုတ်၊ အိန္ဒိယနှင့် ပါကစ္စတန်တို့သည် စစ်အေးခေတ်ကြီး အတွင်းတွင် မိမိတို့ကိုယ်မိမိနေရာချထားကြလေသည်။ ထိုသို့ အနေအထားများရှိနေကြရာမှ ၁၉၇၀ ခုနှစ်တွင် တရုတ်နိုင်ငံသည် နေရာယူမှုအသစ် တခုကို မထင်မှတ်ဘဲ ပြုလုပ်လိုက်သည်။ နစ်ဆင်နှင့် ဥက္ကဋ္ဌမော်တို့ ထိပ်သီး တွေ့ဆုံပွဲဖြင့် တရုတ် – အမေရိကန် ဆက်ဆံမှုသစ် တရပ် ကို ထူထောင် လိုက်ခြင်း ဖြစ်သည်။ ထိုဖြစ်ရပ်က အိန္ဒိယ နိုင်ငံကို ဆိုဗီယက်ဘက်သို့ ပို၍နီးကပ် သွား စေခဲ့သည်။

အိန္ဒိယနိုင်ငံသည် ပါကစ္စတန်နိုင်ငံနှင့် ၁၉၆၅ ခုနှစ်က တကြိမ်စစ်ဖြစ်ခဲ့ပြီး ဖြစ်သည်။ ထိုစဉ်က ကုလသမဂ္ဂက ကြားဝင်စေ့စပ်သဖြင့် စစ်ပြေငြိမ်း သွားခဲ့ သည်။ ထို့နောက် ၁၉၇၁ ခုနှစ်ကုန်ပိုင်းတွင် အရှေ့ပါကစ္စတန်တွင် နိုင်ငံရေးမတည်ငြိမ်မှုများ ပေါ်ပေါက်ခဲ့ရာ အိန္ဒိယတပ်များ အရှေ့ပါကစ္စတန်ကို ဝင်တိုက်ခဲ့သည်။ ထိုစစ်ပွဲ ကာလအတွင်းတွင် အမေရိကန် နိုင်ငံက ပါကစ္စ တန် နိုင်ငံဘက်မှ ရပ်ခံ၍ လေယာဉ်တင်သင်္ဘော အုပ်စုကို ဘင်္ဂလား ပင်လယ်အော် အတွင်းသို့ စေလွှတ် ခဲ့သည်။ ဆိုဗီယက်က အိန္ဒိယနိုင်ငံ ဘက်မှ ရပ်တည်ခဲ့သည်။ ထိုစစ်ပွဲတွင် ပါကစ္စတန်နိုင်ငံ တပ်များ မရှုမလှ ရှုံးနိမ့်ပြီး ဘင်္ဂလားဒေ့ရှ်နိုင်ငံ ပေါ်ထွန်းခဲ့သည်။ ဤကား စစ် အေးခေတ်ကာလအတွင်း အာရှ၏ အကြမ်းဖျဉ်း ပုံကားချပ် ဖြစ်သည်။

**စစ်အေးခေတ်အလွန် အိန္ဒိယနိုင်ငံ**

ဆိုဗီယက်ယူနီယံ ပြိုကွဲမှုက စစ်အေးခေတ်ကို နိဂုံးချုပ်စေခဲ့သည်။ ထိုအခါတွင် ဆိုဗီယက်နိုင်ငံအပေါ်

**နေရာယူမှုအသစ်၏**
**အစိတ်အပိုင်းတရပ်အဖြစ်**
**အရှေ့မျှော်ပေါ်လစီ**
**ပေါ်လာရခြင်းဖြစ်သည်။**

မဏ္ဍိုင်ပြုထားသော အိန္ဒိယနိုင်ငံသည် မိမိအနေအထားကို ပြန်လည်သုံးသပ်ပြင်ဆင်မှုများ ပြုလုပ်ရတော့သည်။ နေရာယူမှုအသစ်ကို ကြံဆရတော့သည်။ သို့ဖြင့် နေရာယူမှုအသစ်၏ အစိတ်အပိုင်းတရပ်အဖြစ် အရှေ့ မျှော်ပေါ်လစီ ပေါ်ပေါက် လာရခြင်း ဖြစ်သည်။ စစ်အေးခေတ်ကာလကမူ အရှေ့မျှော်ပေါ်လစီကို ကျင့်သုံး ချင်၍လည်း မဖြစ်နိုင်ပေ။ အိန္ဒိယနိုင်ငံ၏ အရှေ့ဘက်ရှိ အာရှနိုင်ငံအများစုမှာ အမေရိကန်၏ထီးရိပ် ခိုနေကြသည်ဖြစ်ရာ အိန္ဒိယနိုင်ငံနှင့် ပြဒါးတလမ်းသံတလမ်းဟု ဆိုရမလို ဖြစ်နေ၏။ အထက်တွင်ဆိုခဲ့သည့်အတိုင်း တရုတ်နိုင်ငံနှင့်လည်း အဆင်မပြေရုံမက ထိုစဉ်က တရုတ်နိုင်ငံကလည်း ဈေးကွက်ဖွင့်သေးသည် မဟုတ်ချေ။

စစ်အေးလွန်ကာလတွင်မူ အနေအထားများ ပြောင်းလဲလာတော့သည်။ ၁၉၈၀ ခုနှစ်ခန့်တွင် တရုတ်နိုင်ငံကလည်း ဈေးကွက်ဖွင့် စီးပွားရေးပေါ်လစီကို ကျင့်သုံးလာသည်။ တရုတ်ပြည်၏ကြီးမား လှသော ဈေးကွက်မှာ အနိုင်နိုင်ငံအတွက် မက်ဖွယ်ရာပင် ဖြစ်သည်။ ထို့အပြင်

ပထဝီစီးပွားရေးဆိုသည်ကလည်း ခေတ်စားလာသည်။ ဒေသတွင်းနိုင်ငံများ ပူးပေါင်း၍ ကုန်သွယ်စီးပွားဇုံများ၊ စီးပွားရေးအဖွဲ့များ ထူထောင် ခြင်းတို့သည် အရှိန်ကောင်း လာသည်။ ဒေသတွင်း နိုင်ငံများအကြားကုန်သွယ်မှု ခေတ်စားလာသည်။ ထိုအခြေအနေများတွင် အိန္ဒိယ နိုင်ငံအနေဖြင့်လည်း အရှေ့အာရှနှင့် အရှေ့တောင် အာရှတို့နှင့်သက်ဆိုင်သော ၎င်း၏သဘောထားအမြင်ကို ပြောင်းလဲရန် လိုအပ်လာတော့သည်။

အာရှတိုက်၏ နိုင်ငံကြီး တနိုင်ငံဖြစ်သော အိန္ဒိယနိုင်ငံတွင် ရည်မှန်းချက်ကြီးတခု ရှိသည်။

ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် အမြဲတမ်း အဖွဲ့ဝင်နေရာကို ရရှိလိုခြင်း ဖြစ်သည်။ ထိုအတွက် ဒေသတွင်းရှိနိုင်ငံများ၏ ထောက်ခံမှုကို လိုချင်သည်။ ထို့အပြင် ဒေသအတွင်း တရုတ်ပြည်၏သြဇာ ဘက် အသီးသီးတွင် ကြီးထွားလာနေသည်ကိုလည်း အိန္ဒိယ နိုင်ငံသည် စိုးရိမ်မကင်း ဖြစ်လာသည်။ (မြန်မာနိုင်ငံ ကိုကိုး ကျွန်းတွင် စစ်ဘက်ဆိုင်ရာ ဆက်သွယ်ရေးစခန်းကိုလည်းကောင်း၊ ရခိုင်တွင် စစ်စခန်းကိုလည်းကောင်း၊ တရုတ်စစ်တပ်က တည်ဆောက်ပေးခဲ့သည်ဆိုသော သတင်းများသည် အိန္ဒိယနိုင်ငံအတွက် ရတက်မအေးဖွယ် ဖြစ်သည်) အခြားတဖက်တွင်လည်း မိမိနိုင်ငံ၏ အလျင် အမြန် ကြီးထွားလာနေသော စီးပွားရေးသည် ဒေသတွင်း ကုန်သွယ်မှုတွင် ပါဝင်ခြင်းအားဖြင့် ပို၍လျင်မြန် စွာ ကြီး ထွားလာမည် ဖြစ်သည်။

ယင်းသို့ဖြင့် အိန္ဒိယနိုင်ငံ၏ အရှေ့မျှော်ပေါ်လစီသည် ၁၉၉၂ ခုနှစ်တွင် စတင်အသက် ဝင် လာခဲ့တော့သည်။ ထိုနှစ်တွင် အိန္ဒိယနိုင်ငံသည် အာဆီ ယံ၏ တစိတ်တပိုင်းဆွေးနွေးဘက်နိုင်ငံ ဖြစ်လာသည်။ ၁၉၉၅ ခုနှစ်တွင် အာဆီယံ၏ အပြည့်ဆွေးနွေးဘက် နိုင်ငံအဆင့်ကို ရရှိခဲ့သည်။ တပြိုင်တည်းမှာပင် အိန္ဒိယ နိုင်ငံသည် ဒေသတွင်း အဖွဲ့အစည်း များတွင်ပါဝင်ခြင်း၊ အချို့အဖွဲ့အစည်းများ (ဘင်စတက်) ကို ဦးဆောင် ဦးရွက်ပြု၍ ဖွဲ့စည်းခြင်းတို့ကို ပြုလုပ်ခဲ့သည်။ ဤသို့ဖြင့် အိန္ဒိယ၏အရှေ့မျှော်ပေါ်လစီ အသက်ဝင်လာ ခဲ့တော့သည်။

**အရှေ့မျှော်ပေါ်လစီနှင့် အိန္ဒိယ မြန်မာ ဆက်ဆံရေး**

ထိုအရှေ့မျှော်ပေါ်လစီက မြန်မာနိုင်ငံအပေါ် မည်သို့သော အကျိုးသက်ရောက်မှုများ ရှိမလဲဆိုသည်ကို စူးစမ်းရန်အတွက် နှစ်နိုင်ငံဆက်ဆံရေးကို အကျဉ်းမျှ ပြန်လည်သုံးသပ်ပါမည်။

မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့သည် ရေးပဝေသဏီ ပဒေသရာဇ်ခေတ်ကမူ နိုင်ငံရေးအရ အဆက်အဆံမရှိ သလောက် နည်းပါးခဲ့ပါသည်။ သို့ရာတွင် သမိုင်း၏ သရော် ချက်ဟု ဆိုရမည်လောမသိ၊ နှစ်နိုင်ငံစလုံး ဗြိတိသျှကိုလိုနီလက်အောက်ခံဘဝ ကျရောက်သည့်အခါတွင် အရှင်သခင်ဗြိတိသျှက မြန်မာနိုင်ငံကို အိန္ဒိယနိုင်ငံအတွင်း သွတ်သွင်းလိုက်သဖြင့် တနိုင်ငံတည်း ဖြစ်ခဲ့ရသည်။ အိန္ဒိယနိုင်ငံသားအများအပြားကိုလည်း မြန်မာနိုင်ငံ အတွင်းသို့ ဗြိတိသျှက ခေါ်သွင်းလာခဲ့သည်။ ယင်းသို့ဖြင့် အိန္ဒိယ မြန်မာဆက်ဆံရေး နိဒါန်းပျိုးခဲ့တော့သည်။

နှစ်နိုင်ငံပေါင်းခဲ့စဉ်က ဗြိတိသျှသည် မိမိသဘောအတိုင်းလုပ်ခဲ့သလို ခွဲထုတ်သော အခါ တွင်လည်း သူ့အလိုအတိုင်း ၁၉၃၅ ခုနှစ်တွင် ပြန်လည် ခွဲထုတ်လိုက်သည်။ သို့ရာတွင် နှစ်နိုင်ငံအကြား ပေါင်းကူး ဆက်သွယ်မှုများ အမြစ်တွယ်ခဲ့ပြီ ဖြစ်သည်။ အထူးသဖြင့် နှစ်နိုင်ငံ မှ ကိုလိုနီဆန့်ကျင်ရေး အမျိုးသားလွတ်လပ်ရေး အင်အားစုများအကြားတွင် ဆက်သွယ်မှုများ၊ အပြန်အလှန်အားပေးကူညီမှုများ တိုးပွားခိုင်မာ လာခဲ့သည်။ အထူးသဖြင့် မြန်မာနိုင်ငံလွတ်လပ်ရေး တိုက်ပွဲ နောက်ဆုံးအဆင့်တွင် အိန္ဒိယကိုလိုနီ ဆန့်ကျင်ရေးအင်အားစုများက မြန်မာပြည်အရေးတွင် အိန္ဒိယ နိုင်ငံသားစစ်သည်များ အသုံးပြုခြင်းကို လက်ခံမည် မဟုတ် ကြောင်း ပြတ်ပြတ်သားသား ဆုံးဖြတ်ကြေညာ ခဲ့ခြင်းမှာ မြန်မာပြည်သူတို့အတွက် အကျိုးများစွာ ရှိပေသည်။

လွတ်လပ်ရေးကို ရှေ့ဆင့်နောက်ဆင့်ဆိုသလို ရရှိခဲ့ကြသည်။ လွတ်လပ်ရေးရပြီး မကြာခင်မှာပင် ဗမာပြည်တွင် ပြည်တွင်းစစ်မီး ထတောက်ခဲ့ရသည်။ ထိုစဥ်က အုပ်စိုးသူ ဖဆ – ဆိုရှယ်တို့မှာ အခြေအနေဆိုးပြီး ရန်ကုန်အစိုးရဟု အခေါ်ခံရသည်အထိ ဖြစ်ခဲ့ရသည်။ လက်နက်ခဲယမ်း အကျပ်အတည်းဖြစ်ရာ ကူ

မည့်သူမရှိ ဖြစ်နေသည်။ ထိုစဉ်တွင် အိန္ဒိယအစိုးရထံမှ အကူအညီ ရရှိခဲ့ရာ များစွာအသက်ရှုချောင် သွားခဲ့သည်။ ထိုကျေးဇူးကို ထိုစဉ်က ဖဆ – ဆိုရှယ် ခေါင်းဆောင်များသာမက သူတို့၏သားတပည့်များ သည် ပင်လျှင် ယခုအချိန်အထိ အမှတ်ရဆဲဖြစ်သည်ကို တွေ့ရှိရပေသည်။

လွတ်လပ်ပြီးနောက် အိန္ဒိယ မြန်မာဆက်ဆံရေးမှာ ကောင်းမွန်သည်ကို တွေ့ရှိရပါသည်။ ဘန်ဒေါင်းမူ ၅ ချက် ချမှတ်ရာတွင် အတူတကွလက်တွဲ ဆောင်ရွက်နိုင်ခဲ့ကြသည်။ ၁၉၅၀ ခုနှစ်တွင် အိန္ဒိယ မြန်မာ နယ်စပ်မျဉ်း သဘောတူညီချက်နှင့်ချစ်ကြည်ရေးစာချုပ် ချုပ်ဆို နိုင်ခဲ့သည်။ ယင်းသို့ရှိရာမှ ၁၉၆၂ ခုနှစ် မြန်မာနိုင်ငံတွင် နေဝင်း စစ်အုပ်စုက စစ်အာဏာသိမ်းခဲ့သည်။ ထိုနောက် ၁၉၆၄ ခုနှစ်တွင် တနိုင်ငံလုံးရှိ စီးပွားရေးလုပ်ငန်း အများအပြားကို ပြည်သူပိုင်ပြုလုပ်သည်ဆိုပြီး သိမ်းယူခဲ့ရာ အိန္ဒိယ အမျိုးသားပိုင်လုပ်ငန်းများလည်း ပါဝင်ခဲ့သည်။ ထို့အပြင် အိန္ဒိယအမျိုးသား အတော် များများလည်း မြန်မာနိုင်ငံမှ ထွက်ခွာပြီး အိန္ဒိယ ပြန်ခဲ့ရသည်။ သို့ဖြင့် နှစ်နိုင်ငံကြား ဆက်ဆံရေးမှာ ခပ်တန်းတန်းဖြစ်ခဲ့ရသည်။

ထို့နောက် မြန်မာနိုင်ငံတွင် ၁၉၈၈ ဒီမိုက ရေစီ အရေးတော်ပုံကြီး ပေါ်ပေါက်ခဲ့သည်။ ထိုအရေးတော်ပုံကို အိန္ဒိယနိုင်ငံက ပြောင်ထောက်ခံခဲ့သည်။ အိန္ဒိယ အသံလွှင့်ဌာန (AIR) ကလည်း စစ်အစိုးရဆန့်ကျင်သော ဝေဖန်ချက်များကို ထုတ်လွှင့်ခဲ့သည်။ သို့ရာတွင် အထက်မှာဆိုခဲ့သည့်အတိုင်း ၁၉၉၀ ဝန်းကျင်ခန့်တွင် အိန္ဒိယ အစိုးရသည် သူတို့၏ပေါ်လစီကို ပြန်လည်သုံးသပ်ခဲ့ကြသည်။ အရှေ့မျှော်ပေါ်လစီကို ချမှတ်ခဲ့ကြသည်။ အရှေ့မျှော်ပေါ်လစီကို အကောင်အထည်ဖော်မည်ဆိုပါက မြန်မာနိုင်ငံနှင့် ဆက်ဆံရေး ပြေလည်ရန် လိုအပ်လာသည်။ သို့မှသာ မြန်မာနိုင်ငံမှတဆင့် အရှေ့ဘက်သို့ ခရီးဆက်နိုင်မည် မဟုတ်လော။ ထို့အပြင် အိန္ဒိယနိုင်ငံ အရှေ့မြောက်ဒေသရှိ ပုန်ကန်သူများသည် မြန်မာ နယ်ထဲတွင် ခိုလှုံနေကြရာ သူတို့အား ချေမှုန်းရန် မြန်မာအစိုးရ၏ ပံ့ပိုးမှုကို လိုအပ်လာသည်။ မြန်မာနိုင်ငံအတွင်း တရုတ်နိုင်ငံက စီးပွားရေးအရလည်းကောင်း၊ စစ်ရေးအရလည်းကောင်း ဩဇာလွှမ်းမိုး ခြေကုတ်ရလာသည်ကိုလည်း အိန္ဒိယအစိုးရ ပူပန်ခဲ့သည်။ သို့ဖြင့် ၁၉၉၃ ခုနှစ်မှစ၍ အိန္ဒိယအသံလွှင့်ဌာနမှ မြန်မာစစ်အစိုးရ ဆန့်ကျင်သော အသံလွှင့်မှုများကို ရပ်ပစ်ခဲ့သည်။ မြန်မာ အစိုးရနှင့် ပုံမှန်ဆက်ဆံရေးကို ပြန်လည် တည်ဆောက်တော့သည်။

၁၉၉၄ ခုနှစ်တွင် နှစ်နိုင်ငံ နယ်စပ် ကုန်သွယ်ရေ းသဘောတူညီမှုကို လက်မှတ်ရေးထိုးသည်။ အိန္ဒိယနိုင်ငံက ဖောက်လုပ်ပေးသော ၁၄၄ ကီလိုမီတာရှိ မိုရေး – တမူး ကားလမ်းကို ၂၀၀၁ ခုနှစ်တွင် ဖွင့်လှစ်နိုင်ခဲ့သည်။ ယင်းကုန်သွယ်ရေးအတွက် ခြေလှမ်းများကို အိန္ဒိယ နိုင်ငံအရှေ့မြောက်ရှိ ပြည်နယ်များက ကြိုဆိုခဲ့ကြသည်။

ယခုနှစ် အောက်တိုဘာလအတွင်းက မြန်မာနိုင်ငံ စစ်အစိုးရခေါင်းဆောင် ဗိုလ်သန်းရွှေသည် အိန္ဒိယ နိုင်ငံသို့ အလည်အပတ်ခရီး သွားခဲ့သည်။ ထိုခရီးစဉ်အပြီးတွင် အိန္ဒိယနိုင်ငံက မြန်မာနိုင်ငံကို တယ်လီဖုန်း လိုင်းဆက်သွယ်ရေး စီမံကိန်း ၂ ခုအတွက် ချေးငွေ ဒေါ်လာ ၇ သန်းနှင့် သတင်းနှင့် နည်းပညာ စီမံကိန်းအတွက် ထောက်ပံ့ငွေ ဒေါ်လာ ၃ သန်းပေးရန် သဘောတူခဲ့သည်။ မြန်မာနိုင်ငံဘက်က အိန္ဒိယအစိုးရကို ဆန့်ကျင်တိုက်ခိုက်နေသူများ မြန်မာနိုင်ငံနယ်နိမိတ်အတွင်း မရှိစေရန် အာမခံခဲ့သည်။ ထို့အပြင် ကမ္ဘာ့ကုလသမဂ္ဂ လုံခြုံရေးကောင်စီတွင် အိန္ဒိယနိုင်ငံ အမြဲတမ်းအဖွဲ့ဝင် ဖြစ်ရေး ကိုလည်း မြန်မာနိုင်ငံက ထောက်ခံကြောင်း ထုတ်ဖော်ပြောဆိုခဲ့သည်။

### အရှေ့လော အနောက်လော

သို့ရာတွင် အရှေ့မျှော်ပေါ်လစီသည် အိန္ဒိယ နိုင်ငံ၏ အဓိကတိမ်းညွှတ်မှုဟု ဆိုနိုင်ပါသလော။ အိန္ဒိယ သည် ရှေးအစဉ်အဆက်ကပင် နိုင်ငံ၏အနောက်ဘက်ရှိ အိန္ဒုမြစ်ဝှမ်းဒေသရှိနိုင်ငံများနှင့် အဆက်အဆံများခဲ့သည်။ စီးပွားရေးအရလည်းကောင်း ယဉ်ကျေးမှုအရလည်းကောင်း ဆက်နွယ်မှု များခဲ့သည်။ လွတ်လပ်ပြီးခေတ်တွင်မူ အနောက်ဘက်လမ်းကြောင်း တံခါးဝတွင်ရှိနေသော ပါကစ္စတန်နိုင်ငံနှင့် အဆင်မပြေဖြစ်နေ၍သာ ရှေးအခါကကဲ့သို့ ကူးလူးဆက်ဆံမှု ပြုလုပ်ရန် မလွယ်ကူတော့ခြင်း ဖြစ်သည်။ သို့ရာတွင် ထိုပါရှင်းပင်လယ်ကွေ့ ဒေသ နိုင်ငံများမှ ရေနံအရင်းအမြစ်များမှာ အိန္ဒိယနိုင်ငံအတွက်

အရေးပါသော သွင်းကုန်များ ဖြစ်သည်။ သို့ဖြစ်၍ အိန္ဒိယနိုင်ငံမှ အချို့က ပါကစ္စတန်နိုင်ငံနှင့် ဆက်ဆံရေး အဆင်ပြေအောင် လုံးပန်းစေလိုပြီး အနောက်ဘက် လမ်းကြောင်းကို ပြန်ဖွင့်စေချင်ကြသည်။

ထို့အပြင် အိန္ဒိယနိုင်ငံ၏ အရပ်ရပ်ကုန် သွယ်မှုကိန်းဂဏန်းများကို ကြည့်ရှုပါက ယခုလို တွေ့ရပါသည်။ ၁၉၉၀ နှစ်လယ်များတွင် အိန္ဒိယနိုင်ငံ၏ အာရှတိုက် (အရှေ့အလယ်ပိုင်းအပါအဝင်) နှင့်ကုန်သွယ်မှုမှာ စုစုပေါင်းပို့ကုန်၏ ၄၂ ရာခိုင်နှုန်းနှင့် စုစုပေါင်း သွင်းကုန်၏ ၄၄ ရာခိုင်နှုန်း ဖြစ်သည်။ အနောက်ဥရောပ နှင့် ကုန်သွယ် မှုမှာ စုစုပေါင်းပို့ကုန်၏ ၂၉ ရာခိုင်နှုန်းနှင့် စုစုပေါင်း သွင်းကုန်၏ ၃၄ ရာခိုင်နှုန်းဖြစ်သည်။ မြောက် အမေ ရိကတိုက်နှင့် ကုန်သွယ်မှုမှာ စုစုပေါင်းပို့ကုန်၏ ၂၀ ရာခိုင် နှုန်းနှင့် စုစုပေါင်းသွင်းကုန်၏ ၁၄ ရာခိုင်နှုန်း ဖြစ်သည်။ ယင်းမြောက်အမေရိကတိုက် ကုန်သွယ်မှု အားလုံးလိုလိုမှာ အိန္ဒိယနိုင်ငံ၏အကြီးမားဆုံး ကုန်သွယ် ဘက်နိုင်ငံ ဖြစ်သော အမေရိကန်နိုင်ငံနှင့်သာ ဖြစ်သည်။

အိန္ဒိယ – အာဆီယံ ကုန်သွယ်မှုပမာဏကို ကြည့်ပါက ၁၉၉၉ ခုနှစ်တွင် ဒေါ်လာ ၇.၆ ဘီလျံဖြစ်ပြီး၊ ၂၀၀၂ ခုနှစ်တွင် ဒေါ်လာ ၁၀ ဘီလျံသာ ရှိသည်ကို တွေ့ရပါသည်။ ယင်းမှာ အာဆီယံ၏ ကမ္ဘာ့ကုန်သွယ်မှု စုစုပေါင်း၏ ၀.၉ ရာခိုင်နှုန်းဖြစ်ပြီး အိန္ဒိယ၏ကမ္ဘာ့ကုန် သွယ်မှုစုစုပေါင်း၏ ၇ ရာခိုင်နှုန်းသာ ဖြစ်သည်။

နိုင်ငံရေးဘက်မှ ကြည့်လျှင်လည်း အိန္ဒိယ သည် အနောက်ဘက်သို့ ပို၍မျှော်ကိုးသည်ကို တွေ့ရှိနိုင်ပါသည်။ အထူးသဖြင့် စစ်အေးခေတ်အပြီးတွင် ကမ္ဘာ့ တဦးတည်းသော မဟာအင်အားကြီးနိုင်ငံ ဖြစ်လာသော အမေရိကန်နိုင်ငံဘက်သို့ ဖြစ်သည်။ (ကမ္ဘာ့ပုလိပ် ကြီး လုပ်လိုသော အမေရိကန်လက်အောက်တွင် ဒေသ ဆိုင်ရာ လက်ထောက်နယ်ထိန်းလုပ်လိုသော နိုင်ငံများ မနည်း လှချေ) သာဓကမှာ ၁၉၉၈ ခုနှစ် နျူကလီးယား လက်နက် စမ်းသပ်ဖောက်ခွဲမှု ပြုလုပ်စဉ်က အိန္ဒိယသည် အမေရိ ကန်သမ္မတထံသို့ လျှို့ဝှက်ပေးစာတစောင် ရေးခဲ့သည်။ ထိုစာတွင် တရုတ်ပြည်၏အန္တရာယ်ကို စိုးရိမ်သဖြင့် ထိုကဲ့သို့ စမ်းသပ်ဖောက်ခွဲမှုပြုလုပ်ရကြောင်း အကြောင်း ပြခဲ့သည်။ သို့ရာတွင် အမေရိကန်က ထိုစာကို တမင် ပေါက်ကြားပေးလိုက်သည်။ တရုတ်နှင့်အိန္ဒိယကို ထိပ်တိုက်တွေ့ပေးလိုက်ခြင်း ဖြစ်သည်။ ဤတွင် အိန္ဒိယ ကဲ့သို့သော နိုင်ငံကြီးတနိုင်ငံသည်ပင် အမေရိကန် စူပါပါဝါ၏ နယ်ရုပ်သဖွယ် ကစားခံရသည်မှာ သင်ခန်းစာယူဖွယ် ကောင်းလှပါသည်။

သို့ရာတွင် ၉/၁၁ အရေးအခင်းအပြီး အမေရိကန်က အကြမ်းဖက်ဆန့်ကျင်ရေးစစ်ပွဲကို ကြေညာလိုက်သောအခါ အိန္ဒိယသည် အလျင်အမြန် အားတက်သရော ထောက်ခံခဲ့ပြန်သည်။ သို့သော် အာဖဂန်နစ္စတန်နိုင်ငံကို အမေရိကန်က စစ်ခင်းရန်အတွက်မူ ပါကစ္စတန်နိုင်ငံ၏ ပထဝီအနေအထားက အိန္ဒိယနိုင်ငံထက် ပို၍အရေးပါ အသုံးဝင်နေသည်။ ၁၉၇၉ ခုနှစ်က အာဖဂန်နစ္စတန် နိုင်ငံတွင်းသို့ ဆိုဗီယက်တပ်များ ဝင်ရောက်ခဲ့စဉ် ကတည်းက ပါကစ္စတန်နိုင်ငံသည် အမေရိကန်နိုင်ငံအတွက် အရေး ပါသောအခန်းမှာ ပါဝင်ခဲ့ပြီးဖြစ်သည်။ ယခုတကြိမ် တွင်လည်း ပထဝီအနေအထားအရ ပါကစ္စတန်ကပဲ ပို၍ မျက်နှာသာရခဲ့ပြန်သည်။

အမေရိကန်နိုင်ငံ၏ ဒုံးပျံကာကွယ်ရေး အစီအစဉ်တွင် အိန္ဒိယနိုင်ငံသည် ပါဝင်လိုကြောင်း ၂၀၀၀ ခုနှစ်က ကမ်းလှမ်းခဲ့ဖူးသည် မဟုတ်ပါလော။ အာရှတိုက်မှ အမေရိကန်သို့ ပစ်လွှတ်မည့်ဒုံးကျည်ကို ကြိုတင် ထောက်လှမ်းနိုင်ရန်အတွက် အိန္ဒိယသည် စခန်းထောက်တခုပင် ဖြစ်သည်။ ထို့ပြင် အိန္ဒိယသမုဒ္ဒရာကို စိုးမိုးထားလိုသော အမေရိကန်နိုင်ငံအတွက် အိန္ဒိယနိုင်ငံသည် အရေးပါသော အခန်းမှာ ရှိနေဦးမည်သာ ဖြစ်သည်။

အိန္ဒိယနိုင်ငံ၏ အထက်ပါအနေအထားများကို ကြည့်ခြင်းအားဖြင့် ၎င်း၏အဓိက ဦးတည်ရာမှာ အနောက်သို့သာ ဖြစ်သည်ကို တွေ့ရှိနိုင်ပါသည်။ အနောက်ကိုလျှောက်ရာမှ အရှေ့သို့ မျှော်ကြည့်ခြင်း သာဖြစ်ကြောင်း သုံးသပ်ရပါသည်။ ။

# ထိုင်ဝမ်ဘာလဲ

အောင်ငြိမ်း

(၁)

ထိုင်ဝမ်ပြဿနာဟာ စစ်အေးခေတ်ရဲ့ လက်ကျန်ဖြစ်ရုံမက မကြာခဏ ချော်ရည်တွေ ထ ထပွက်နေတဲ့ မီးမငြိမ်းသေးတဲ့မီးတောင် တလုံးဖြစ်နေတယ်။ တရုတ်ပြည်မကြီးဟာ ထိုင်ဝမ်ပြဿနာကို အချုပ်အခြာ အာဏာ နဲ့အ မျိုးသား ပြန်လည်စည်းရုံးရေး ပြဿနာ အဖြစ် သဘောထားပြီး လုံးဝအထိမခံဘူး။

၂၀၀၃၊ ဒီဇင်ဘာလလယ်မှာ အာဏာရ Democratic Progressive Party (DPP) သမ္မတ ချန်ရွှေပြန်း(Chen Shui - bian)က ထိုင်ဝမ် ပါလီမန်ရဲ့ ဆုံးဖြတ်ချက်အဖြစ် "ပြင်ပအန္တရာယ် ကြောင့်"ထိုင်ဝမ် လွတ်လပ်ရေးအတွက် "ခုခံရေးလူထုဆန္ဒ ခံယူပွဲ" (defensive referendum)ပြုလုပ်ဖို့ ထုတ်ဖော် ကြေညာလိုက်တယ်။ ဆန္ဒခံယူပွဲနဲ့အတူ ဖွဲ့စည်း အုပ်ချုပ်ပုံအသစ်ကို ၂၀၀၆၊ ဒီဇင်ဘာမှာ ရေးဆွဲပြီး ၂၀၀၈၊ မေမှာ စတင် အသက်ဝင်ဖို့ အချိန်ဇယား သတ် မှတ်တယ်။

ချန်ရွှေပြန်းရဲ့ "ထိုင်ဝမ်လွတ်လပ်ရေး"ဆိုတဲ့ လှုပ်ရှားမှုအပေါ် တရုတ်ခေါင်းဆောင်များက ချက်ချင်းပဲ ပြင်းပြင်းထန်ထန် တုံ့ ပြန်သတိပေးလိုက်တယ်။ တရုတ်ပြည်သူ့လွတ်မြောက်ရေး တပ်မတော် အထက်တန်း အရာရှိတဦးဖြစ်တဲ့ ဗိုလ်မှူးကြီး လော်ယွာ (Colonel Luo - yua)က "ချန်ရွှေပြန်းဟာ ထိုင်ဝမ်နဲ့ပတ်သက်တဲ့ ပြည်မကြီးရဲ့ အနိမ့်ဆုံး စည်းကြောင်းကို ထိပါးလာနေတယ်။ သူဟာမီးနဲ့ ကစားနေတယ်" "တကယ်လို့ ရေလက်ကြားကို ဖြတ်ပြီး စစ်ဖြစ်လာခဲ့ရင် ချန်ရွှေပြန်း တာဝန်ယူရလိမ့်မယ်။ တရုတ်ပြည်ရဲ့ အစိတ်အပိုင်း တရပ်ဖြစ်တဲ့ ကျွန်းပြည်နယ်(ထိုင်ဝမ်)ကို ပြည်မကြီး နဲ့ ခွဲပစ်လိုတဲ့ ခွဲထွက်ရေးသမားတိုင်းဟာ ကမ္ဘာပေါ်က စစ်ရာဇဝတ် ကောင်တွေလို ကြုံတွေ့ခံစားရလိမ့်မယ်"လို့ Out Look အပတ်စဉ် မဂ္ဂဇင်းနဲ့ တွေ့ဆုံမေးမြန်းခန်း မှာ အလေးအနက် သတိပေး လိုက်တယ်။

ဝါရှင်တန်ပို့စ် သတင်းစာနဲ့ တွေ့ဆုံမေးမြန်းခန်းမှာ ဝန်ကြီးချုပ်ဝမ်ကြားပေါင်(Wen Jiabao)က "မည်သည့် တန်ဖိုး" ပေးရပေးရ "ပြတ်ပြတ်သားသား ချေမှုန်းပစ်မယ်"ဆိုတဲ့ ပြည်မကြီးရဲ့ပြတ်သားတဲ့ သဘောထား ရပ်တည်ချက်ကို ရှင်းရှင်းပဲပြောခဲ့တယ်။ 'ဝမ်' ပြောကြားတဲ့ အမျိုးသားပြန်လည် သင့်မြတ်ရေးအတွက် ပေးဆပ်ဖို့ အသင့်ရှိတယ်ဆိုတဲ့ "တန်ဖိုးစာရင်း"ကို ပြောပြရာမှာ ဗိုလ်ချုပ် ဖုန်ကွမ် ချန်(Major - General Peng Guan - qian)က ယခုလို တန်းစီဖော်ပြသွားတယ်။ ၂၀၀၈ ဘီကင်းအိုလံပစ်ကို သပိတ်မှောက် တာ၊ နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုများ လျော့နည်းသွားတာ၊ နိုင်ငံခြား ဆက်ဆံရေး ဆိုးဝါးသွားတာ၊ စီးပွားရေးထိုင်းမှိုင်းတာနဲ့ "လိုအပ်မှု အရ" ပြည်သူ့လွတ်မြောက်ရေး တပ်မတော် PLAမှ အသက်သွေးချွေးအရင်းအနှီး ပေးဆပ်ရတာတို့ ပါဝင်တယ်လို့ ပြောသွားပါတယ်။ ဗိုလ် ချုပ်ဖုန်က ဆက်ပြီး "တရုတ်အမျိုးသားများရဲ့ အမြင့်ဆုံးအကျိုးစီးပွားဖြစ်တဲ့ အမျိုးသားစည်းလုံးညီညွတ်ရေးနဲ့ ပြန်လည်ရှင်သန်ရေးအတွက် ဒီတန်ဖိုးတွေဟာ ပေးဆပ်ထိုက်ပါတယ်။ အကယ်၍ ထိုင်ဝမ်ခွဲထွက်ရေးသမားတွေဟာ အချုပ်အခြာအာဏာနဲ့ လောင်းတမ်းက စားလိုရင် သူတို့ဟာ တန်ဖိုးကြီးကြီး ပေးရမှာဖြစ်ပြီး အရှက်တကွဲ အကျိုးနည်း အချေမှုန်းခံရ လိမ့်မယ်။ ထိုင်ဝမ်လွတ်လပ်ရေးဥပဒေ ဘာညာစသဖြင့် ဘာစကားလုံး၊ ဘာနာမည်ပေးပေး PLAက လက်ခံမှာ မဟုတ်။ သေချာပေါက် ချေမှုန်းပစ်မယ်"လို့ လေးလေး နက်နက် သတိပေးလိုက်တယ်။

(၂)

တကယ်တော့ တရုတ်ခေါင်းဆောင်ကြီး တိန်ရှောက်ဖင်လက်ထက်ကတည်းက ချမှတ်ခဲ့တဲ့ "တိုင်းပြည်

တခု စနစ်နှစ်မျိုး" ပေါ် လစီနဲ့ ဟောင်ကောင်၊ မကာအို စတဲ့ ဒေသများဟာ တရုတ်ပြည်မကြီးနဲ့ ငြိမ်းချမ်းစွာ ပြန်လည်ပေါင်းစည်းခဲ့ပြီး ဖြစ်တယ်။ ထိုင်ဝမ်ကိုလည်း သီးသန့် အခွင့်အရေးများပေးပြီး ငြိမ်းချမ်းစွာ ပြန်လည် ပေါင်းစည်း နိုင်ဖို့ ပေါ်လစီချထားတယ်။ ထိုင်ဝမ် ပြန်လည် ပေါင်းစည်း ရေးအတွက် အချိန်လိုအပ်သလောက် စောင့် ဆိုင်းနိုင် တယ်။ မိမိဘက်ကစတင်ပြီး အင်အားသုံးမှာ မဟုတ်ကြောင်း၊ တရုတ်ပြည်မ ကြီးဘက်က အတိအလင်း ထုတ် ဖော်ထားပြီးဖြစ်တယ်။

"တရုတ်ပြည် တပြည်တည်းမူ"ကို ကုလသမဂ္ဂ၊ အမေရိကန်၊ ဥရောပ၊ ရုရှား၊ ဂျပန်၊ အိန္ဒိယစတဲ့ နိုင်ငံကြီးများနဲ့ ကမ္ဘာ့နိုင်ငံအသီးသီးကလည်း တရားဝင် သဘောတူ အသိအမှတ်ပြုထားတယ်။ ထိုင်ဝမ်နဲ့ သံအဆက်အသွယ်ဖြတ်ပြီး တရုတ်ပြည်မကြီးနဲ့ ဆက်ဆံလျက် ရှိ တယ်။ တရုတ် – ထိုင်ဝမ် အာဏာပိုင်များ အကြား "တရုတ်ပြည် တပြည်တည်းမူ"ကို နှစ်ဘက်အသိအမှတ်ပြု ကြောင်း နှုတ်ကတိနဲ့ အလွတ်သဘော "၁၉၉၂ သဘော တူညီချက်"ကိုလည်း ရရှိထားတယ်။

၁၉၈၀ နှစ်များကစပြီး ထိုင်ဝမ်ရင်းနှီး မြှုပ်နှံမှုများ တရုတ်ပြည်တွင်း ဝင်ရောက်လာပြီး၊ ရေလက်ကြား နှစ်ဘက် စီးပွားရေး၊ လူမှုရေး ဆက်ဆံရေး စတင်ကောင်း မွန် လာခဲ့တယ်။

ဒါပေမဲ့ ချန်ရွှေပြန်းအရင် သမ္မတဟောင်း လီထန်ဟွေး(Lee Teng - hui)လက်ထက် ၁၉၉၉က စပြီး၊ နှစ်နိုင်ငံသဘော တရားကို ပြန်လည်ဖော်ထုတ် လာတယ်။ ချန်ရွှေပြန်းက ၂၀၀၄ မတ်၂၀ ရွေးကောက်ပွဲ မဲဆွယ်တရားဟောရာမှာ "ဆန္ဒခံယူပွဲ"ကို လှုံ့ ဆော်ပြီး မဲဆွယ်မှုများ လုပ်တယ်။ DPPမှ ချန်ရွှေပြန်းက ကူမင်တန် အမျိုးသားရေးပါတီ(Kumintang or Nationalist Party)မှ လျင်ချန်(Lien Chan)ကို မဲ ပွတ်ကာ သီကာ (၀.၂%အသာ)နဲ့ အနိုင်ရပြီး သမ္မတပြန် ဖြစ်လာတဲ့ နောက် စကားအသုံးအ နှုန်းပြောင်းသွားပေမယ့် အနှစ် သာရအရ ထိုင်ဝမ်လွတ်လပ်ရေး သဘောပါတဲ့ မိန့်ခွန်းကို ပြောခဲ့တယ်။

၂၀၀၄ ဒီဇင်ဘာမှာ ကျင်းပဖို့ရှိတဲ့ ထိုင်ဝမ် ဥပဒေပြုလွှတ်တော် ရွေးကောက်ပွဲမှာ အမတ်နေရာ ၂၂၅ နေရာ ရှိတဲ့အနက် ချန်ရွှေပြန်းရဲ့ DPPနဲ့ မဟာမိတ် ယခင်သမ္မတဟောင်း လီထန်ဟွေးရဲ့ (Taiwan Solidarity Union )တို့ပေါင်းမှ ၉၉ နေရာသာ ရှိနေရာက ထပ်မံတိုးလာဖွယ်မရှိ၊ လျော့ကျသွားဖို့သာရှိတယ်လို့ အကဲခတ်များက ယူဆနေကြတယ်။ တရုတ်ပြည်မကြီးကို ရန်လိုတဲ့ ပေါ်လစီကြောင့် ထိုင်ဝမ်ကျွန်းသား ဒေသခံများ စီးပွားရေးလုပ်ငန်းရှင်များနဲ့ မျိုးချစ်ပုဂ္ဂိုလ်များက ချန်ရွှေပြန်းကို ဆန့်ကျင်လာနေကြ တယ်။

(၃)

ထိုင်ဝမ်ဟာ တရုတ်ပြည်မကြီးမှာ ငွေကြေး အမြောက်အမြား ရင်းနှီးမြှုပ်နှံထားတယ်ဆိုတာ လျှို့ဝှက်ချက်မဟုတ်ပါဘူး။ ထိုင်ဝမ်ဟာ တရုတ်ပြည်မကြီးကို အလေးမထားလို့မဖြစ်ပါ။ ၂၀၀၃ ကစလို့ ထိုင်ဝမ်ရဲ့ အဓိကကုန်သွယ်ဘက်ဟာ အမေရိကန်မဟုတ်တော့ ဘဲ တရုတ်ဖြစ်လာတယ်။ တချိန်တည်းမှာ တရုတ်ရဲ့ ပဉ္စမ အကြီးဆုံး ကုန်သွယ်ဘက်ဟာ ထိုင်ဝမ်ဖြစ်တယ်။

တရုတ်ပြည် နိုင်ငံခြားကုန်သွယ်ရေးဌာန ထိုင်ဝမ်ဗျူရိုရဲ့ စာရင်းဇယားများအရ ၂၀၀၃နှစ် တနှစ်တည်း တရုတ်ပြည်တွင်း ထိုင်ဝမ် ရင်းနှီးမြှုပ်နှံမှုဟာ U.S$ ၄.၅၉ ဘီလီယံရှိတယ်။ ဒါဟာ ထိုင်ဝမ်ရဲ့ ပြည်ပရင်းနှီးမြှုပ်နှံမှု စုစုပေါင်းရဲ့ ၅၀% ဖြစ်တယ်။ ၁၉၉၁ – ၂၀၀၃ အတွင်း တရုတ်ပြည်မကြီးအတွင်း ထိုင်ဝမ်ရဲ့ ရင်းနှီးမြှုပ်နှံမှုဟာ အမေရိကန်ဒေါ်လာ ၃၄.၃၁ ဘီလီယံရှိတယ်။ FEER July 29, 2004 ဖော်ပြချက်အရ လွန်ခဲ့တဲ့ ၁၅ နှစ် အတွင်း အမေ ရိကန်ဒေါ်လာ ၁၀၀ ဘီလီယံကျော်တယ်လို့ ဆိုတယ်။ တရုတ်ပြည်မကြီးသို့ ၂၀၀၄ တနှစ်အတွင်း နိုင်ငံခြားရင်းနှီးမြှုပ် နှံမှုလျာထားချက် ဒေါ်လာ ၈၂ ဘီလီယံ ကျော်ဖြစ်တဲ့ အတွက် ထိုင်ဝမ်ရင်းနှီးမြှုပ်နှံမှုဟာ သိပ်များ လှတယ်လို့ မပြောနိုင်ပါ။

၂၀၀၃မှာ တရုတ်သို့ ထိုင်ဝမ်ပို့ကုန်တန်ဖိုး ဒေါ်လာ ၄၆.၃၂ ဘီလီယံ ဖြစ်တယ်။ ထိုင်ဝမ် ပြည်ပ ပို့ကုန်ရဲ့ ၂၅% လောက်ရှိတယ်။ ဒါ့အပြင် တရုတ်ပြည်မကြီးရှိ ထိုင်ဝမ်စက်ရုံများမှ ထွက်ကုန်များကို အမေရိကန်၊ ဂျပန်၊ ဥရောပနဲ့တခြားဈေးကွက်များကို (တရုတ်ပြည်မှ တဆင့်) ပြန်လည်တင်ပို့နေတာ ဖြစ်တယ်။ ထိုင်ဝမ်

လုပ်ငန်းရှင်တွေ ရင်းနှီးမြှုပ်နှံလုပ်ကိုင်နေတဲ့ လုပ်ငန်းပေါင်း ၅၀,၀၀၀ ကျော်ရှိပြီး၊ စားသောက်ကုန်၊ အထည်အလိပ် လုပ်ငန်းများမှအစ ဘဏ်၊ အာမခံ၊ ဆောက်လုပ်ရေး၊ ပို့ဆောင်ရေး၊ ဆေးဝါးနဲ့ နည်းပညာမြင့် အီလက်ထရောနစ် ဆက်သွယ်ရေးလုပ်ငန်းများ၊ သုတေသနနဲ့ ဖွံ့ဖြိုးရေး လုပ်ငန်းများအထိ ပါဝင်တယ်။

တရုတ်နဲ့ထိုင်ဝမ်ဟာ စီးပွားရေး၊ လူမှုရေး ဖွဲ့စည်းအုပ်ချုပ်ပုံ ရေးဆွဲတာဖြစ်တယ်။ ဒါဟာ မူသဘောဆောင်တဲ့ ပြဿနာ ဖြစ်လာတယ်။

ချန်ရှွေပြန်းနဲ့ သူ့အရင်သမ္မတ လီထန်ဟွေး တို့ဟာ စစ်အေးလွန်ကာလ အထူးသဖြင့် ၁၉၈၉ ထင်အန်မင်အရေးအခင်း နောက်ပိုင်း ကျယ်ကျယ်လောင်လောင် ပေါ်ထွက်လာတဲ့ ဒီမိုကရေစီနဲ့ လူ့အခွင့် အရေး ဆိုတဲ့ လေထုနဲ့အတူ သီးခြားထိုင်ဝမ်သမ္မတ နိုင်ငံ ဆိုတာ

**တရုတ်ခေါင်းဆောင်များက တရုတ်တပြည်တည်း မူဘောင်က ကျော်လွန်လှုပ်ရှားလာရင် လက်နက်နဲ့ ဖြေရှင်းတာ မလုပ်ဘူးလို့ အာမ မခံနိုင်ကြောင်း။**

အပြန်အလှန် ထောက်ကူ ဆက်ဆံလျက်ရှိတယ်။

(၄)

တရုတ်ခေါင်းဆောင်များက "တရုတ်တပြည်တည်းမူ"ဘောင်က ကျော်လွန်လှုပ်ရှားလာရင် လက်နက်နဲ့ ဖြေရှင်းတာမလုပ်ဘူး လို့ အာမမခံနိုင်ကြောင်း ကြိမ်ဖန်များစွာ ထုတ်ဖော်ပြောကြားထားတဲ့ကြားက ထိုင်ဝမ်သမ္မတက ထိုင်ဝမ်လွတ်လပ်ရေး၊ ဆန္ဒခံယူပွဲ ဆိုတာကို ဘာကြောင့် လုပ်ချင်သလဲ။

"ထိုင်ဝမ် ဒီမိုကရေစီ"နဲ့ "ထိုင်ဝမ်လွတ်လပ်ရေး"ဟာ တသီးတခြားစီလို့ တရုတ်က ယူဆတယ်။ ထိုင်ဝမ်ဒီမိုကရေစီ ပြုပြင် ပြောင်းလဲရေးဟာ ထိုင်ဝမ်ပြည်သူတွေရဲ့ ကိုယ်ပိုင်အခွင့်အရေးဖြစ်လို့ တရုတ်ပြည်မကြီးက နားလည်လေးစားတယ်။ တကယ့်ပြဿနာက ဒီမိုကရေစီဆိုတာကို တံဆိပ်တပ်ပြီး ထိုင်ဝမ်တဖက်သတ် လွတ်လပ်ရေးအတွက်(ခွဲထွက်ရေးအတွက်) ဆန္ဒခံယူပွဲနဲ့ ကို ထုတ်ဖော်ချင်နေကြတယ်။ တရုတ်ပြည်မကြီးက အချုပ် အခြာ အာဏာပိုင် "တရုတ်တပြည်တည်းမူ"ကို ကိုင်စွဲတယ်။ ဒီမိုကရေစီဆိုတာ ကိုယ့်နိုင်ငံကိုယ့်လူမှုစနစ်နဲ့ ကိုက်ညီစွာ ပြည်သူတွေက ရွေးချယ်ကျင့်သုံးရမယ့် အချုပ် အခြာအာဏာအောက်က တည်ရှိနေတဲ့ လူမှုစနစ်တရပ် လို့ မြင်တယ်။ "တိုင်းပြည်တခု စနစ်နှစ်မျိုး"ဆိုတာ ဒီအခြေခံကနေ ဖော်ထုတ်လိုက်တဲ့ တီထွင်ထားတဲ့ အမျိုးသားစည်းလုံးညီညွတ်ရေး ပုံသဏ္ဍာန်တရပ် ဖြစ်တယ်။

ဒီမိုကရေစီနဲ့ လူ့အခွင့်အရေးဆိုတဲ့ သဘောကောရောကော မီးရှူးမီးပန်းတွေအောက်မှာ ကိုယ့်နိုင်ငံ အချုပ်အခြာအာဏာ၊ ကိုယ့်ပြည်သူတွေ စည်းလုံးညီညွတ်မှု၊ ကိုယ့်အမျိုးသားတွေရဲ့ လူမှုစနစ် ထိပါးလာတာကို သတိထားနေတာ ဖြစ်တယ်။

ထိုင်ဝမ်ဟာ သီးခြားတိုင်းပြည်တခု ဘယ်တုန်းကမှ မဖြစ်ခဲ့ဘူး။ တရုတ်ပြည်ရဲ့ အစိတ်အပိုင်းတခုအဖြစ်နဲ့

ဂျပန်ကိုလိုနီ ဖြစ်ခဲ့တာပဲ။ စစ်ကြီးပြီးတော့ ကိုလိုနီဘဝက လွတ်လပ်ပြီး၊ တရုတ် ပြည်ရဲ့ အစိတ်အပိုင်း ပြန်ဖြစ်ခဲ့ တာပဲ။ ထိုင်ဝမ်ဟာ ချန်ကေရှိတ် စစ်ရှုံး လို့ ထွက်ပြေးခို လှုံနေတဲ့ တရုတ်ပြည်မ ကြီးရဲ့ အစိတ် အပိုင်းတရပ်ဖြစ်တဲ့ ကျွန်းပြည်နယ် တခုပဲဖြစ်တယ်။

၁၉၄၇ ကမ္ဘာ့ကုလသမဂ္ဂ ပြဋ္ဌာန်းချက်အရ ကိုလိုနီနိုင်ငံတွေ၊ အသိမ်းပိုက်ခံနိုင်ငံတွေက ပြည်သူတွေ သာလျှင် ကုလသမဂ္ဂရဲ့ ခွင့်ပြုချက်နဲ့ လွတ်လပ်ရေး အတွက် လူထုဆန္ဒခံယူပွဲ လုပ်ခွင့်ရှိပါတယ်။ (ဥပမာ – အရှေ့တီမော)။ ထိုင်ဝမ်ဟာ အရှေ့တီမော မဟုတ်။

ဒါကြောင့် ထိုင်ဝမ်ရဲ့ ဒီမိုကရေစီနဲ့ လူ့အခွင့် အရေးကို ဗန်းပြပြီး လွတ်လပ်ရေးပဲခါခါ၊ တခြားနာမည် လှလှလေးတွေပဲတပ် တပ်၊ ပြည်မကြီးက ခွဲထွက်ဖို့ကြံစည် လာတာကို တရုတ်ပြည်က ပြင်းပြင်း ထန်ထန် သတိပေး နေတာဖြစ်တယ်။ ထိုင်ဝမ်အရေးကို ထိပါး လာရင် တရုတ် ပြည်တွင်းရေးကို ထိပါးတာ ဖြစ်တယ်။ မည်သည့်တန်ဖိုး ပေးရပေးရ စစ်ဖြစ်ရမှာကိုလည်း ဝန်မလေးကြောင်း PLAက ထောက်ပြနေ တာဖြစ်တယ်။

(၅)

ထိုင်ဝမ်အရေးဟာ တရုတ် – အမေရိကန် ဆက်ဆံရေး ပြဒါးချိန်လို့တောင် ဆိုနိုင်တယ်။ ယေဘုယျ ပြောရရင် တရုတ် – အ မေရိကန် ဆက်ဆံရေးဟာ ၁၉၈၉ မှ ၂၀၀၁(၉/၁၁) အရေးအခင်းကာလအထိ တစုံတရာ ဆက်ဆံရေးပျက်ပြားခဲ့တယ်။ အမေရိကန် အမြွာမျှော်စင် အကြမ်းဖက်ဖောက်ခွဲခံရတဲ့ ၂၀၀၁ (၉ /၁၁) နောက်ပိုင်း ပြောင်းလဲလာတဲ့ နိုင်ငံတကာ့အခြေအနေအရ ပုံမှန်ဖြစ် လာတယ်လို့ ဆိုနိုင်တယ်။

ဒ့ါအပြင် အမေရိကန်သမ္မတ ရွေးကောက်ပွဲ ကာလ လေးနှစ်တကြိမ်နဲ့ နှစ်စဉ်ဆောင်းအကုန်၊ နွေအကူး (မတ် နဲ့ ဇွန်အကြား) ကာလတွေမှာ ဆက်ဆံရေး အဖု အထစ်တွေ ပေါ်တတ်တယ်။ အမေရိကန်သမ္မတ ရွေး ကောက်ပွဲတွေမှာ ရီပတ်ဘလီကန်ကော ဒီမိုကရက်ပါ တရုတ်အပေါ်ထားတဲ့ သဘောထားနဲ့ ထိုင်ဝမ်ပြဿနာ တွေကို မဲဆွယ်ရာမှာ ထည့်သွင်းဖော်ပြ လှုံ့ဆော်စည်းရုံး လေ့ ရှိတယ်။ ဒီမို ကရက်တွေက "တရုတ်ပြည်ရဲ့ အန္တရာယ်"နဲ့ "ထိုင်ဝမ်ပြဿနာ"ဆိုတာကို တင်ပြလေ့ ရှိပြီး၊ ရီပတ်ဘလီကန်တွေက "တရုတ်လူ့အခွင့် အ ရေးအခြေ အနေ"ဆိုတာကို ပြောလေ့ရှိတယ်။

ဒီတပတ် ၂၀၀၄ နိုဝင်ဘာ ၂ အမေရိကန် သမ္မတ ရွေးကောက်ပွဲ မဲဆွယ်ရာမှာ ဘုရှ်ကော ကယ် ရီပါ တရုတ်နဲ့ ထိုင်ဝမ် ကိစ္စကို ပုံကြီးချဲ့ မပြော ကြတော့ ဘူး။ ပိုအရေးကြီးတဲ့ အီရတ်စစ်ပွဲနဲ့ အကြမ်းဖက်မှု အန္တရာယ်က ရှေ့တန်းရောက်နေပါတယ်။ ယခင်ကပြော လေ့ရှိတဲ့ တရုတ်ဟာ အမေရိကန်ရဲ့ မဟာဗျူဟာ မိတ်ဘက်မဟုတ် ပြိုင်ဘက် ဖြစ်တယ်။ မိတ်ဆွေလည်း မဟုတ်။ ရန်သူလည်းမဟုတ်။ တရုတ်ရဲ့ အင်အားကြီးထွား လာတဲ့ အန္တရာယ်ဆိုတာတွေလည်း မပြောတော့ဘူး။ ရွေးကောက်ပွဲကာလ မဲဆွယ်ရာမှာ ပြောတဲ့ လေလုံး မိုး လုံးတွေဟာလည်း တကယ်တမ်းမှာ လက်တွေ့ဖြစ်ချင်မှ ဖြစ်လာတတ်တာပါ။ မဲဆွယ်ရာမှာ ပြောခဲ့တဲ့ ပျားရည် ဆမ်းတဲ့ စကား တွေကလည်း လက်တွေ့မှာ ချိုချင်မှ ချို တတ်တာပါ။

နှစ်စဉ်မတ်နဲ့ဇွန်အကြားမှာ တရုတ်ကို စီးပွား ရေးပုံမှန်ဆက်ဆံရေး အခွင့်အရေးပေးဖို့ ကွန်ဂရက်မှာ ငြင်းခုန်လေ့ရှိတယ်။ (အခုတော့ တရုတ်ဟာ WTO အဖွဲ့ဝင်ဖြစ်လာလို့ ဒီပြဿနာမရှိတော့) နှစ်စဉ်မတ်လမှာ ကျင်းပလေ့ရှိတဲ့ ဂျီနီဗာလူ့အခွင့်အရေးကွန်ဖရင့် မှာ တရုတ်လူ့အခွင့်အရေးကိစ္စကို အမေရိကန်က တင်လေ့ရှိ တယ်။ (ဒါပေမဲ့ နှစ်တိုင်းပယ်ချခံရတယ်) နောက်တချက် က ထိုင်ဝမ်ကို အမေရိကန်လက်နက်ရောင်းချရေးကို ထုတ် ဖော်လာတတ်တယ်။ (ဒါကအခုဆက်ရှိနေတယ်) ဒ့ါအပြင် နျူကလီးယားလက်နက်ပြန့်ပွားမှု အန္တရာယ်ဆိုတာနဲ့ တရုတ်ကို စွဲချက်တင်တာတွေလည်း ယခုမလုပ်တော့။ (မြောက်ကိုးရီးယားဘက်လှည့်သွားပြီ)။

ထူးခြားချက်အနေနဲ့ ၁၉၉၉က ယခင်ယူဂို စလားဗီးယား နိုင်ငံဟောင်းရှိ တရုတ်သံရုံးကို ဗုံးချတဲ့ကိစ္စ။ ၂၀၀၁ က ဟိုင်နန်ကျွန်းပေါ် တရုတ်တိုက်လေယာဉ်နဲ့

အမေရိကန်ကင်းထောက်လေယာဉ် တိုက်ပွဲ အရေးအခင်း တွေဟာလည်း မတ်နဲ့ဇွန်အကြားမှာ ဖြစ်ပျက်ခဲ့တဲ့ တရုတ်– အမေရိကန်ဆက်ဆံရေး တင်းမာခဲ့တဲ့ ကိစ္စတွေ ဖြစ်တယ်။

၉/၁၁ အရေးအခင်းနဲ့ ၂၀၀၃အီရတ်စစ်ပွဲ ကာလကစပြီး တရုတ် – အမေရိကန်ဆက်ဆံရေး ပြန် ကောင်းလာခဲ့တယ်။ ၂၀၀၃ ဂျီနီဗာ လူ့အခွင့်အရေး ညီလာခံမှာ အမေရိကန်အစိုးရဘက်မှ တရုတ်လူ့အခွင့် အရေး ဆိုးဝါးကြောင်း ကြေညာချက် မထုတ်ပြန်ဘဲ ထား ခဲ့တယ်။ လူ့အခွင့်အရေးဆိုတာကိုပြောတိုင်း အမေရိကန် ဘက်က တိဘက်၊ ဟောင်ကောင်နဲ့ စင်ကျန် – ဝေဂါ တရုတ်မူဆလင်များကိစ္စ ရှေ့တန်းတင်လေ့ရှိတယ်။ အခုတော့ စင်ကျန် – ဝေဂါ ကိစ္စမပြောတော့။

နှစ်နိုင်ငံခေါင်းဆောင်များ အပြန်အလှန် လည်ပတ်တာ၊ နိုင်ငံတကာညီလာခံများမှာ အလွတ် သဘောတွေ့ဆုံတာတွေ ကြိမ်ဖန်များစွာ လုပ်လာနိုင် တယ်။ ဒါပေမဲ့ ထိုင်ဝမ်ကိစ္စနဲ့ စီးပွားရေးဆက် ဆံမှုကိစ္စတွေမှာ အဖုအထစ်တွေ ရှိနေပြီး အပြည့်အဝ နားလည်မှု မရသေးတာ တွေ့ရတယ်။

(၆)

အမေရိကန်အစိုးရအဆက်ဆက်ရဲ့ တရားဝင် သဘောထားက “တရုတ်တပြည်တည်းမူ”ကို လက်ခံ တယ်။ တရုတ် – အမေရိ ကန် ဘက်စုံသဘောထား ပူးတွဲ ကြေညာချက် ၃ စောင်မှာ ဒါကိုအတိအလင်း ဖော်ပြထား တယ်။ ၂၀၀၃ ဒီဇင်ဘာ သမ္မတ ဘုရှ်က ဧည့်သည် တရုတ်ဝန်ကြီးချုပ် ဝမ်ကြားပေါင်နဲ့ တွေ့ဆုံဆွေးနွေးရာမှာ “ရေလက်ကြားနှစ်ဘက် တည်ရှိနေတဲ့ အနေအထားကို ပြောင်းလဲအောင် လုပ်ဆောင်တဲ့ မည်သည့်ကြိုးပမ်းမှု ကိုမဆို ဆန့်ကျင်တယ်”လို့ သံတမန်စကားလုံးနဲ့ ပြော ခဲ့တယ်။ ထိုင်ဝမ်ကိုလည်း တဘက်သတ် လွတ်လပ် ရေး မကြေညာဖို့ တိုးတိုးတိတ်တိတ် သတိပေးသယောင် အရိပ်အယောင်တွေလည်း ပြခဲ့တယ်။

သို့သော် အမေရိကန်ဟာ ထိုင်ဝမ်ကို နှစ် ဘက် လက္ခဏာနဲ့ မှားယွင်းတဲ့အချက်ပြမှုတွေကိုလည်း ဆက်လုပ်နေတယ်။ ၂၀၀၄ ဧပြီမှာ ထိုင်ဝမ်ဆက်ဆံရေး ဥပဒေ(Taiwan Relation Act)ကို အသစ်ထပ်မံ ပြဋ္ဌာန်းတယ်။ ဒီဥပဒေမှာ ထိုင်ဝမ် “လွတ်လပ် ရေး” မကြေညာရဘူးဆိုတဲ့ ကြိုတင်စည်းကမ်း သတ်မှတ် ချက်အောက်မှာ တရုတ်ခြိမ်းခြောက်မှုဆိုတာကြောင့် ထိုင်ဝမ်ကို လက်နက် ရောင်းချ ခွင့်ပြုဖို့နဲ့ အမေရိကန် – ထိုင် ဝမ် ဆက်ဆံရေးတိုးမြှင့်ပြီး ထိုင်ဝမ်လုံခြုံရေးကို အမေရိကန် က တာဝန်ယူကြောင်းတို့ပါဝင်တယ်။

၂၀၀၄ မေ ၂၀ ချန်းရွှေပြန်းရဲ့ ရွေးကောက်ပွဲနိုင် သမ္မတမိန့်ခွန်းကိုလည်း အိမ်ဖြူတော်ပြောခွင့်ရှိသူက ချီးမွမ်းပြောဆိုတယ်။ (ဒီမိန့်ခွန်းမှာ ထိုင်ဝမ်လွတ်လပ်ရေး ဆန္ဒခံယူပွဲတို့ ပါတယ်) အဲဒီနေ့မှာပဲ အမေရိကန် အောက်လွှတ်တော်က အမျိုးသားကာကွယ် ရေး အခွင့် အာဏာ အက်ဥပဒေ၂၀၀၅(National Defense Authorization Act 2005)ဆိုတာကို ခွင့်ပြုလိုက် တယ်။ ဒီဥပဒေအရ ပင်တဂွန်က ထိုင်ဝမ်ကာကွယ်ရေး စွမ်းရည်မြှင့်တင်ပေးဖို့ အထွေထွေအရာရှိများ သို့မဟုတ် ဒုလက်ထောက်ကာကွယ်ရေး ဝန်ကြီးကို ထိုင်ဝမ်သို့စေ လွှတ်ဖို့ ပါဝင်တယ်။

၂၀၀၄ မေ ၇ (၅၇)ကြိမ်မြောက် ကမ္ဘာ့ ကျန်း မာရေးအဖွဲ့ကြီး(WHO)ရဲ့ အထွေထွေညီလာခံမှာ ၁၉၉၇ကစလို့ ဂနှစ်ဆက် တိုက် အမေရိကန် ထောက်ခံမှုနဲ့ ထိုင်ဝမ်လေ့လာသူ တက်ရောက်ဖို့ တောင်းဆိုတာကို ဆက်တိုက်ပယ်ချခံရတယ်။ တရုတ်ကိုယ်စားလှယ်က “ထိုင်ဝမ်ပြည်သူတွေရဲ့ တကယ့်ကျန်းမာရေး အကျိုးစီးပွား အတွက် မဟုတ်ဘဲ ကျန်းမာရေးကိစ္စကို ပြပြီး နိုင်ငံရေး အမြတ်ထုတ်ဖို့ လုပ်ဆောင်ချက်သာ ဖြစ်တယ်”လို့ ရှုတ်ချ ကန့်ကွက်တယ်။

အမေရိကန်ရဲ့ အပြောနဲ့အလုပ် မညီမှုဟာ အတော်စိတ်ပျက်ဖွယ်ကောင်းတယ်။ အမေရိကန် သမ္မတ အဆက်ဆက်ဟာ ထိုင် ဝမ်ကို “တရုတ်ခြိမ်း ခြောက် မှု” အကြောင်းပြပြီး ခေတ်မီစစ်လက်နက် ပစ္စည်းတွေ ရောင်းချခဲ့တာ တွေ့ရတယ်။ ၁၉၉၂ ဘုရှ်(အကြီး) လက်ထက် မှာ F- 16 ခေတ်မီဂျက်တိုက်လေယာဉ်အစင်း ၁၅၀ ရောင်းချ ခွင့်ပြုခဲ့တယ်။ ကလင်တန်သမ္မတ သက်တမ်း ကုန်ဆုံးခါနီး ၂၀၀၀ခုနှစ်မှာ ခေတ်မီတာဝေး ရေဒါ ကင်းထောက်စနစ်ကို ရောင်းချခွင့်ပြုခဲ့တယ်။ လက်ရှိ သမ္မတ ဘုရှ်(အငယ်)က ၂၀၀၁ ဧပြီ၂၄မှာ Kidd

အမျိုးအစား ဖျက်သင်္ဘော ၄ စင်း။ 12P - 3C ရေငုပ်သင်္ဘောဖျက် ရဟတ်ယာဉ်များ။ ဒီဇယ်ရေ ငုပ် သင်္ဘော ၈ စင်းနဲ့ အခြားနည်းပညာမြင့် စစ်ပစ္စည်းများ ရောင်းချခွင့်ပြုခဲ့တယ်။ ဒါပေမယ့် **Acgis** အမျိုးအစား ဖျက်သင်္ဘောများကိုတော့ ခွင့်မပြုခဲ့။ ၄င်း အစား Kidd အမျိုး အစား ဖျက်သင်္ဘောများနဲ့ အစား ထိုးရောင်းချခဲ့တယ်။

ဒီစစ်လက်နက်ပစ္စည်းတွေဟာ ထိုင်ဝမ်ကာကွယ်ရေးအတွက် တကယ်လိုအပ်လို့လား။ တကယ်ကော ကာကွယ်နိုင်ပဲ့မလား။ ထိုင် ဝမ်ရေလက်ကြားကျဉ်းကျဉ်း ကလေးကို ထောက်လှမ်းဖို့ ရေဒါ တာဝေးအချက်ပြ ထောက်လှမ်းရေးစနစ်ဆိုတာ တကယ်လိုအပ်လို့လား။ ဒီစနစ်အတွက် ကုန်ကျစား ရိတ်ဟာ ထိုင်ဝမ်ဒေါ်လာ NT$ ၆၁၀ ဘီလီယံ (အမေရိကန်ဒေါ်လာ ၁၈.၁၀ ဘီလီယံ)ကုန်ကျတယ်။ ရေ ငုပ်သင်္ဘောများ တန်ဖိုးက –လည်း အလွန်ကြီးမြင့်ပါတယ်။ ထိုင်ဝမ်ရဲ့နှစ်စဉ် စစ်ရေးဘတ်ဂျက် NT$ ၂၆၀ ဘီလီယံ (အမေရိကန် ဒေါ်လာ ၇.၉၂ ဘီလီယံ)နဲ့ မတတ်နိုင်ပါ။ ထိုင်ဝမ်စီးပွား ရေးကလည်း ကောင်းလှတာမဟုတ်ပါ။

အမေရိကန်ရဲ့ စစ်လက်နက်ဈေးကွက်မှာ ထိုင်ဝမ်ဟာ လက်နက်ဝယ်ယူမှုကို သံတမန်လက်နက်အဖြစ် အသုံးချကာ နိုင်ငံရေး ကစားနေတယ်။ အမေရိကန်နဲ့ ဆက်ဆံရေးကို စစ်ရေးကတဆင့် တိုးချဲ့နေ တယ်။ တကယ်က ထိုင်ဝမ်ကဝယ်ချင်နေတာထက် အမေရိ ကန်က ရောင်းချင်နေတာဖြစ်တယ်။ လက်နက် ဝယ်ယူဖို့ လေ့လာရေးကို အကြောင်းပြလို့ ထိုင်ဝမ်ခေါင်းဆောင်များ၊ အရာရှိများဟာ အမေရိကန်ကို ဖြတ်သွားဖြတ်လာ ပြည်ဝင်ခွင့်(transit visit)ကို အမေ ရိကန်က ခွင့်ပြုနေတယ်။

နှစ်စဉ် ထိုင်ဝမ်ရေလက်ကြားမှာ အမေရိကန် – ထိုင်ဝမ်ပူးတွဲစစ်ဆင်ရေး လေ့ကျင့်မှုများ ကြိမ်ဖန်များစွာ ပြုလုပ်နေတယ်။ ဟန်နန်လေ့ကျင့်မှု(Hang nang exercise)ဟာ ကြည်းရေလေ ပူးတွဲပြီး ကြီးမားတဲ့ စစ်ရေးလေ့ကျင့်မှု ဖြစ်တယ်။ အလားတူPLAကလည်း နှစ်စဉ်ကြီးမားတဲ့ ကြည်းရေလေ စစ်ရေးလေ့ကျင့်မှုလုပ်တယ်။ ထိုင်ဝမ်သမ္မတ ချန်ရွှေပြန်းက တရုတ်ပြည်က ထိုင်ဝမ်ကို "ရာပေါင်း များစွာသော ဒုံးလက်နက်များနဲ့ ချိန်ရွယ်ထား ကာ ခြိမ်းခြောက်နေတယ်"ဆိုတဲ့ စွပ်စွဲချက်ကို PLA က ဟုတ် မဟုတ် မတုံ့ပြန်ပါ။ ဟုတ် မဟုတ် ဘယ်သူကမှ အတည်မပြုနိုင်ပါ။ ချဲ့ကားထားတဲ့ ပြောဆိုမှုသာ ဖြစ်တယ်လို့ပဲ PLA က တုံ့ပြန်ပါတယ်။ ဒါပေမယ့် "အ ရေးပေါ် တုံ့ပြန်မှု အစီအ စဉ်" (emergency response plan)အတွက် အမေရိကန်က ထိုင်ဝမ်ကို စစ်လက်နက်ပစ္စည်းများ(တာဝေး ရေဒါ ထောက်လှမ်း ရေး စနစ် အပါအဝင်) ဒေါ်လာ ၁၈ ဘီလီယံ ဖိုး ဝယ်ယူဖို့ ဖိအား ပေးနေတယ်။ စစ်အေးခေတ်ကို အမှတ်ရစရာပါ။

အမေရိကန်ဟာ ပစိဖိတ်ဒေသရှိ ဂူအမ်ကျွန်း (Guam)စစ်အခြေစိုက်စခန်းကို စစ်အင်အား တိုးချဲ့ဖြည့်တင်းထားတယ်။ ခရုဇ် ဒုံးကျည်တွေ၊ လျှို့ဝှက်မြန်ဆန်အစွမ်းထက်တဲ့ ဗုံးကြဲလေယာဉ်တွေ၊ အနုမြူစွမ်းအင်သုံး ရေငုပ်သင်္ဘောတွေနဲ့ လေယာဉ်တင် သင်္ဘောတစင်း ပါဝင်တဲ့ ရေတပ်အုပ်စုတစုပါဝင်တယ်။ အမေရိကန် ကာကွယ်ရေးဌာန အရာရှိတဦးက ကျုပ်တို့ဘက်က ထိုင်ဝမ်ရေလက်ကြားကို အလျှင်မြန်ဆုံး ဝင်ရောက်နိုင်အောင် ပြင်ဆင်ထားတာဖြစ်တယ်လို့ တုံးတိတိပဲ ပြောပါတယ်။

အမေရိကန်ဟာ ထိုင်ဝမ်ကို တရုတ်ပြည်မကြီးအား ခြိမ်းခြောက်နိုင်တဲ့ မပြုပ်နိုင်တဲ့ လေယာဉ်တင် သင်္ဘောကြီးအဖြစ် သ ဘောထားကာ တရုတ်ကို လိုအပ်ရင်လိုအပ်သလို ဖိအားပေးနိုင်တဲ့ ကိရိယာအဖြစ် အသုံးချနေတာဖြစ်တယ်။ ဒါကြောင့်ထိုင်ဝမ်ဟာ တ ရုတ်အပေါ်ထားတဲ့ အမေရိကန်ရဲ့သဘောထား အတက်အကျကို တိုင်းတာတဲ့ ပြဒါးချိန်သဖွယ်ဖြစ်နေတယ်။ အာရှနဲ့ ပစိဖိတ်ဒေသ တည်ငြိမ်ရေးနဲ့ ငြိမ်းချမ်းရေးကို ခြိမ်းခြောက်နေတဲ့ မီးမငြိမ်းသေးတဲ့ မီးသေတောင်တလုံးလည်း ဖြစ်နေပါတယ်။ ဗမာပြည်အတွက်ကတော့ အာရှအရှေ့ပိုင်းမှာ ငြိမ်းချမ်းတည်ငြိမ်မှု ရှိစေချင်တယ်။ မီးတောင် ထပြီး မပေါက်ကွဲစေချင်ပါဘူး။ ။

ရည်ညွှန်း။ ။ Far Eastern Economic Review
Beijing Review
New Age Weekly စာစောင်များ။

# နဂါးတို့ရဲ့ မဟာဗျူဟာ

## (နိုင်ငံခြားရေးရာ လေ့လာချက်တချို့)

အောင်ပင်လယ်

●

**ပေါ်လစီသုံးရပ်**

ဘာဆက်လုပ်မလဲ။ ဘယ်လိုသွားကြမလဲ။

ဆိုဗီယက်ပြည်ထောင်စုကြီး ပြိုကွဲသွားလေပြီ။ ဘာလင်တံတိုင်းကို ဖြိုချ၊ အရှေ့ဥရောပ နိုင်ငံများလည်း ဆက်တိုက် ပြောင်းသစ်ကုန်ပြီ။ အယူဝါဒနဲ့ နိုင်ငံရေးစနစ်တို့သာမက နိုင်ငံတော်နယ်နိမိတ်နဲ့ အခြေခံအုတ်မြစ်များ အားလုံး လှုပ်ခါဖြိုလှဲ ခံနေရပြီ။ ကမ္ဘာ့အခင်းအကျင်းနဲ့ နိုင်ငံတကာ့ပတ်ဝန်းကျင်ဟာ နဂါးတို့အတွက် အရေးမသာဆုံး အခြေအနေ ဖြစ်နေပြီ။ မထင်မှတ်မှုမှန်သမျှ အခါမရွေး ရုတ်ချည်းကျရောက်နိုင်တဲ့ အခါသမယများ…။

သူတို့ ပြည်တွင်းမှာလည်း ယဉ်ကျေးမှုတော်လှန်ရေးရဲ့ ဒဏ်ရာ အနာ၊ အရိပ်အစွဲများကို ကုသနေရဆဲ။ စီးပွားရေးပြုပြင်ပြောင်းလဲမှုဟာလည်း အရှိန်မရသေး။ ထင်အန်မင် ရင်ပြင် အရေးအခင်းကလည်း ဖြစ်ပြီးတာ ဘာမှ မကြာ သေး။

အတွင်းအပြင်၊ အနောက်နဲ့အရှေ့ မုန်တိုင်းနှစ်ခုကြားမှာ တရုတ်ပြည်ကြီးဟာ ကြီးမားနက်ရှိုင်းတဲ့၊ ကျပ်တည်း ခက်ခဲတဲ့၊ သည်းသန်ပြင်းထန်တဲ့ သေရေးရှင်ရေး မေးခွန်းပြဿနာတွေကို မှန်ကန်စွာဖြေရှင်းနိုင်ဖို့ အပူတပြင်း လိုအပ် နေပြီ။ ကဲ…ဘာဆက်လုပ်မလဲ။ ဘယ်လို သွားကြမလဲ။

ထိုအရေးကြီးတဲ့ အခါသမယမှာ တိန်ရှောက်ဖင်ဟာ “ခေါင်းအေးအေးထား စောင့်ကြည့်အကဲခတ်၊ မြဲမြဲခိုင်ခိုင် ရပ်တည်၊ တည်တည်ငြိမ်ငြိမ် ရင်ဆိုင်ကျော်ဖြတ်…”ဆို တဲ့ ပေါ်လစီသုံးရပ်ကို ညွှန်ပြကာ သူ့ပါတီ၊ သူ့တပ်မတော်၊ သူ့နိုင်ငံတော်နဲ့ ပြည်သူလူထုကြီးတရပ်လုံးကို ခေါင်းဆောင်မှုပေးပြီး၊ အဆုံးအရှုံး၊ အပြိုအကွဲနဲ့ အဟန့်အတားများ ကို ကျော်နင်းလွန်မြောက်စေခဲ့ပါတယ်။

ပြည်တွင်းပြည်ပ၊ အထူးသဖြင့် ပြည်ပအကြောင်းအချက် အခွင့်မသာ၊ လက်ဦးမှုမဲ့တဲ့ အနေအထားမှ တဖြည်းဖြည်း အခွင့်သာ အကျိုးရှိတဲ့ဘက်၊ လက်ဦးမှုရှိတဲ့ဘက် သို့ တရုတ်ပြည်ကြီးအား ဦးတည်သွားစေခဲ့ပါတယ်။

**ခေါင်းအေးအေးထား စောင့်ကြည့်အကဲခတ်**
**မြဲမြဲခိုင်ခိုင် ရပ်တည်**
**တည်တည်ငြိမ်ငြိမ် ကျော်ဖြတ်**

## ယနေ့ကမ္ဘာ့ဖြစ်တည်မှုနဲ့ နဂါးတို့ရဲ့ အမြင်

(ကာလကြီး သုံးခု)

စစ်အေးခေတ်အပြီး နိုင်ငံတကာ့အခြေအနေဟာ အကြမ်းအားဖြင့် “ကာလကြီး သုံးခု”ကို ဖြတ်သန်း ခဲ့ကြကြောင်း နဂါးသုတေသီတချို့က ပိုင်းခြားတင်ပြထားပါတယ်။

ပထမကာလကြီးဟာ ၁၉၈၉ ခုနှစ်၊ ဆိုဗီယက်ပြည်ထောင်စု ပြိုကွဲပျက်စီးခြင်းနဲ့ အရှေ့ဥရောပနိုင်ငံများ ပြောင်းလဲခြင်းမှစတင်ကာ၊ ၁၉၉၉ ခုနှစ်၊ အမေရိကန်ဦးဆောင်တဲ့နေတိုး စစ်မဟာမိတ်အဖွဲ့ဝင်တပ်များ ယူဂိုဆလပ်ကို စစ်ရေးအရ ဝင်ရောက်တိုက်ခိုက်ချိန်အထိ ဖြစ်ပါတယ်။

ဒုတိယကာလကြီးကတော့ ၁၉၉၉ ခုနှစ်မှ၊ ၂၀၀၁ (၉/၁၁) အရေးအခင်းအထိ၊ အမေရိကန်အဖို့ တခါမှ မကြုံဖူးခဲ့တဲ့ အကြမ်းဖက်တိုက်ခိုက်မှု ခံရချိန်ထိ ဖြစ်ပါတယ်။ တဗိုလ်တည်း ထင်တိုင်းကြဲတဲ့ အင်အားလွန်တနိုင်ငံတည်းရဲ့ လုပ်ရပ်ကြောင့် ပေါ်ပေါက်လာရတဲ့ သူ့ပဋိပက္ခနဲ့ ပြဿနာမျိုးစုံ ပွင့်ကျကာ ထင်သာ မြင်သာ ဖြစ်လာတဲ့ ကာလပေါ့။

တတိယကာလကြီးဆိုတာ (၉/၁၁)အရေးအခင်းမှ စကာ အာဖဂန်ကို အမေရိကန်ဝင်တိုက်ပြီးနောက် “မိစ္ဆာဝင်ရိုးတန်း နိုင်ငံများ” ဆိုတာနဲ့ “ဦးအောင် အရင်ချရေး”ဆိုတဲ့ သဘောတရားတွေ ထုထောင်အကောင်အထည် ဖော်ကာ ဗိုလ်ကျလွှမ်းမိုးရေးကာလကို တဆင့်တိုးမြှင့် ကျင့်သုံးလာတဲ့ အချိန်အထိ ဖြစ်တယ် လို့ ရှုမြင်သုံးသပ်ထားကြပါတယ်။

(ပြောင်းလဲမှုထဲက မပြောင်းလဲမှု)

အထက်ပါ “ကာလကြီး သုံးခု”နဲ့အတူ နိုင်ငံတကာ့အခြေအနေ၊ ကမ္ဘာ့အခင်းအကျင်းတို့ဟာ အောက်ပါ အဓိက ထူးခြားမှုတွေလည်း တည်ရှိနေသေးကြောင်း နဂါးသု တေသီတို့က တင်ပြထားပြန်ပါတယ်။

(၁) အင်အားလွန်နိုင်ငံ တနိုင်ငံတည်းပဲ ရှိနေခြင်းကြောင့်ကမ္ဘာကြီးဟာ နောက်နောင်မှာလည်း မတည်မငြိမ်မအေးချမ်းနိုင်သေးကြောင်း။ တဗိုလ်တည်းပဲ ရှိနေလင့် ကစား “ဝင်ရိုးတခု နဲ့ ဝင်ရိုးအများ ရှိရေး” တိုက်ပွဲဟာ ဆက်လက်တည်ရှိနေဦးမှာ ဖြစ်ကြောင်း။ “ဝင်ရိုးအများ ရှိရေး”အယူအဆရှိတဲ့ နိုင်ငံနဲ့ အင်အားစုများဟာ အကွေ့ အကောက် အဆီးအတားတွေကြားကပဲ ကြီးထွားတိုးတက်လာမှာ ဖြစ်ကြောင်း။

(၂) ပင်လယ်ကွေ့စစ်နဲ့ ကိုဆိုဗိုအရေးကိစ္စ၊ အာဖဂန်စစ်နဲ့ ဆက်ဒမ်ဟူစိန် ဖြုတ်ချရေး အီရတ်စစ်ပွဲ စသည်တို့ကဲ့သို့သော စစ်ပွဲမျိုးတွေဟာ စစ်အေးကာလမှာဆိုရင် တွေးတောစဉ်းစားစရာတွေ ဖြစ်ကြောင်း၊ ဖြစ်ကောင်းမှ ဖြစ်လာနိုင်မယ့် အရာကိစ္စများ ဖြစ်ကြောင်း၊ အလားတူ ကနေ့ ကမ္ဘာမြေပေါ်မှာ “ဗိုလ်ကျလွှမ်းမိုးရေး” ကို တဆင့်တိုးမြှင့်လုပ်ဆောင်လာနေပေမယ့် “ငြိမ်းချမ်းရေး နဲ့ တိုးတက်ရေး” အင်အားစုတွေဟာလည်း တိုးများလာနေကြောင်း။

(၃) တချိန်တည်းမှာ ကမ္ဘာ့သုံးပုံနှစ်ပုံရှိ ဆင်းရဲနွမ်းပါး ပြည်သူများဟာ အားကြီးချမ်းသာ နိုင်ငံတို့ရဲ့ ထင်သလို အနိုင်အထက် ပြုမှုကို ဘယ်လောက်ရှည်ကြာစွာ ဆက်လက်သည်းခံနိုင်မလဲ။ ကမ္ဘာ့မြောက်ခြမ်းနဲ့ တောင်ခြမ်းတို့ရဲ့ ကွာဟမှုနဲ့ ပဋိပက္ခတို့ဟာ တနေ့တခြား တိုးပွားလာနေကြောင်း ထောက်ပြထားကြပါတယ်။

(၄) (၉-၁၁)အရေးအခင်းဟာ ရှောင်တခင် ဖြစ်လာတဲ့ ကိစ္စမဟုတ်ကြောင်း၊ (၉/၁၁) အရေးအခင်းကို အကြောင်းပြု ဖြစ်လာတဲ့ အကြမ်းဖက်မှု ဆန့်ကျင်ရေး စစ်ပွဲဟာ ရာစုသစ်ခေတ်ဦးရဲ့ ပြဿနာနဲ့ ပဋိပက္ခပေါင်းစုံ စုတည်နေမှုကို ထင်ဟပ်ပြနေတာသာ ဖြစ်ကြောင်း၊ အမေရိကန်ရဲ့ တဗိုလ်တမင်း ဗိုလ်ကျလွှမ်းမိုးရေး ပေါ်လစီကို ကျင့်သုံးတိုးချဲ့တဲ့ အခမ္ဘ နိုင်ငံရေးနဲ့ စီးပွားရေးတို့ရဲ့ အကျိုးဆက်ဖြစ်ကြောင်း။

(၅) (၉–၁၁) အရေးအခင်းဟာ အနောက်ကမ္ဘာ နဲ့ အစ္စလာမ်နိုင်ငံတွေအကြားက ပိုမိုတိုးများလာတဲ့ ဘာသာရေး၊ လူမျိုးရေး နဲ့ ယဉ်ကျေးမှု ပဋိပက္ခတို့ရဲ့ ပုံကားချပ် များ ဖြစ်ကြောင်း၊ အကြမ်းဖက်မှု ဆန့်ကျင်ရေး စစ်ပွဲတွေကြောင့် အရှေ့အလယ်ပိုင်းရှိ အာရပ်ကမ္ဘာရဲ့ အမေရိကန် မုန်းတီးဆန့်ကျင်ရေး စိတ်ဓာတ်ကို ပိုမိုနိုးကြွ လာစေကြောင်း။

(၆) အီရတ်စစ်ပွဲဟာ အာဖဂန်စစ်ပွဲရဲ့ အဆက်ဖြစ်ကြောင်း၊ အမေရိကန်ဟာ နောက်ထပ် ပစ်မှတ်သစ်ကို ရွေးချယ်ဦးမှာဖြစ်ကြောင်း၊ ဆက်ဒမ်ဟူစိန်ကို အယ်လ်ကိုက်ဒါ အကြမ်းဖက်များနဲ့ ဆက်စပ်ပေးကာ အဖျက်စွမ်းအား ပြင်းထန်တဲ့ အဆိပ်ဓာတု လက်နက်များနဲ့ ချည်နှောင်ဆက်စပ် အကြောင်းပြကာ ကမ္ဘာ့ကုလသမဂ္ဂနဲ့ နိုင်ငံအများစုတို့ရဲ့ ကန့်ကွက်မှုကို ဂရုမစိုက်ဘဲ ကိုယ်ထင်ရာ ကိုယ်ဆုံးဖြတ်၊ အီရတ်ကို ဝင်တိုက်တာ ဖြစ်ကြောင်း။

(၇) အမေရိကန်ရဲ့ ဒီလုပ်ရပ်တွေကြောင့် အရှေ့အလယ်ပိုင်း နိုင်ငံရေး ပထဝီမြေပုံသစ် ပြောင်းလဲပစ်ရေး သူ့"မဟာ စီမံချက် နဲ့ ရေနံထိန်းချုပ်လက်ဝါးကြီးအုပ်ရေး အကြံအစည်"ကို နိုင်ငံတကာ အများပြည်သူ တို့က မြင်တွေ့လာရကြောင်း။

(၈) အကြမ်းဖက်မှုဆန့်ကျင်ရေးစစ်ပွဲ လို့ ခေါ်ဆိုနေတဲ့ အာဖဂန်စစ်ပွဲပဲ ဖြစ်စေ၊ ဆက်ဒမ်ဟူစိန် ဖြုတ်ချရေး အီရတ်စစ်ပွဲပဲ ဖြစ်စေ၊ မျက်မှောက်ကမ္ဘာမှာ ဖြစ်တည်နေတဲ့အဓိက ပဋိပက္ခနဲ့ ပြဿနာတွေကို ငြိမ်းချမ်းစွာ မပြောင်းလဲ နိုင်ကြောင်း၊ ဒီစစ်ပွဲ ၂ ပွဲဟာ စစ်အေးလွန်ခေတ် ကမ္ဘာ့အခင်းအကျင်းသစ်နဲ့ ပြောင်းလဲမှုသစ် တချို့သာ ဖြစ်ကြောင်း၊ အကန့်အသတ်ရှိတဲ့ ဒေသအလိုက်ဖြစ်တဲ့ စစ်ပွဲငယ်သာ ဖြစ်ကြောင်း။

(၉) ဒါကြောင့် မတူတဲ့နိုင်ငံ၊ မတူတဲ့ အင်အားအမျိုးမျိုးတို့ဟာ ဒီစစ် ၂ ပွဲကြောင့် အမေရိကန်နဲ့ ဆက်ဆံရေးမှာ အရင်းခံအားဖြင့် ပြောင်းလဲသွားဦးမှာ မဟုတ်သေးကြောင်း၊ ဆိုလိုတာက စစ်ပွဲကို ဆန့်ကျင်တဲ့ အမေရိကန်ရဲ့ မဟာမိတ်ဖြစ်စေ၊ ရင်းနှီးတဲ့နိုင်ငံဖြစ်စေ၊ ဒီစစ်ပွဲ ၂ ခုကြောင့် ချက်ချင်းလက်ငင်း ဘက်ပြောင်းသွားတာ၊ ထိပ်တိုက် ရပ်တည်လာတာမျိုး ဖြစ်မလာနိုင်သေးကြောင်း။

(၁၀) အခုလို အခြေအနေ အခင်းအကျင်းများ မပြောင်းမလဲ ဖြစ်တည်နေတာကြောင့် အကြမ်းဖက်မှုဆန့်ကျင်ရေး ကို အကြောင်းပြု အလံလွှင့်ပြီး၊ အမေရိကန်ရဲ့ ဗိုလ်ကျ လွှမ်းမိုးရေး၊ ကမ္ဘာကြီးကို ချုပ်ကိုင်နိုင်ရေး ကြိုးပမ်းအားထုတ်မှုတွေဟာ ဆက်လက်ရှိနေဦးမှာ ဖြစ်ကြောင်း၊ ထို့အတူ ဗိုလ်ကျလွှမ်းမိုးမှုနဲ့ ဗိုလ်ကျလွှမ်းမိုးမှု ဆန့်ကျင်ရေး၊ စွက်ဖက်မှုနဲ့ စွက်ဖက်မှုဆန့်ကျင်ရေး၊ ချုပ်ကိုင်ချယ်လှယ်မှုနဲ့ ချုပ်ကိုင်ချယ်လှယ်မှု ဆန့်ကျင်ရေး၊ ဝင်ရိုးတခုတည်းရှိရေးနဲ့ ဝင်ရိုးအများ ရှိရေး တိုက်ပွဲများဟာ ပြောင်းလဲသွားဦးမှာ မဟုတ်သေးကြောင်း။ အမေရိကန်နဲ့ အာရပ်၊ အစ္စလာမ်ကမ္ဘာ တို့အကြား ဖြစ်တည်နေတဲ့ ပဋိပက္ခနဲ့ တိုက်ပွဲများဟာလည်း ပြောင်းလဲသွားမှာ မဟုတ်သေးကြောင်း တင်ပြကြပါတယ်။

## စိန်ခေါ်မှုနဲ့ အခွင့်အလမ်း

(အထက်ပါအတိုင်း ခွဲခြမ်းရှုမြင်ကာ နဂါးတို့ဟာ သူတို့အတွက် "စိန်ခေါ်မှုနဲ့ အခွင့်အလမ်း" နှစ်ရပ် စလုံး ရှိနေတယ်လို့လည်း ယူဆထားကြပါတယ်။)

ငြိမ်းချမ်းရေး ရလိုမှု၊ ဖွံ့ဖြိုးတိုးတက်လိုမှု၊ ပူးပေါင်းဆောင်ရွက်လိုမှုတို့ဟာ ကမ္ဘာ့ပြည်သူ အများစုကြီးတို့ရဲ့ တူညီတဲ့ ဆန္ဒသဘောထားဖြစ်သလို ပင်မရေစီးလည်း ဖြစ်ကြောင်း၊ နိုင်ငံအစိုးရအများစုကြီးရဲ့ လျှောက်လှမ်းသွားဖို့ပြင်ထားတဲ့ မျှော်မှန်းချက်တွေကို ကြည့်ရင်လည်း သိပ္ပံနဲ့ နည်းပညာကို ဦးစားပေး အလေးထားပြီး၊ စီးပွားရေး

အားကောင်းမောင်းသန်နဲ့ အားရှိစေရေး အားကြီးစေရေးတို့ကို အခြေပြုကြိုးပမ်းနေကြကြောင်း နဂါးတို့က မြင်ထားကြပါတယ်။

မျက်မှောက်မှာ အမေရိကန်ကဲ့သို့သော အင်အားလွှန် နိုင်ငံကြီး တနိုင်ငံတည်းရှိနေတဲ့အတွက် ကမ္ဘာကြီးဟာ ပိုမိုပြီး ချိန်ခွင်လျှာ မညီမမျှဖြစ်နေကြောင်း၊ ဒေသတွင်းရေးစစ် နဲ့ဒေသဆိုင်ရာ မတည်ငြိမ်မှု၊ ရှုပ်ထွေးခက်ထန်မှုတို့ကို ပိုမို ဖြစ်တည်စေကြောင်း၊ ဗိုလ်တဗိုလ်တည်း ဖြစ်တည်နေပေမယ့်လည်း လောလောဆယ်မှာ ကမ္ဘာစစ်ကြီးဖြစ်ဖို့ အခြေအနေ တရပ်ဟာ ရင့်မှည့်မှု မရှိသေးကြောင်းကိုလည်း ရှုမြင်သုံးသပ်ထားကြပါတယ်။

ဒါကြောင့် နဂါးတို့ဟာ ကနေ့ဖြစ်တည်နေတဲ့ နိုင်ငံတကာ့အခြေအနေနဲ့ ပတ်ဝန်းကျင်အောက်မှာ သူတို့အတွက် စိန်ခေါ်မှုများ ရှိနေသလို အခွင့်အလမ်းများလည်း ရှိနေကြောင်း ရှုမြင်သုံးသပ်ကြတာပါ။ အဲဒီအပေါ်ကနေ သူတို့ရဲ့ ငြိမ်းချမ်းတဲ့ နိုင်ငံခြားရေးမူတွေကို ကျင့်သုံးဖော်ဆောင်သွားဖို့၊ သူတို့ရဲ့ အိပ်မက်ကို အစွမ်းကုန် ရုပ်လုံးပေါ်စေဖို့ သူတို့ရဲ့ "၂၁ ရာစု မဟာဗျူဟာ ရည်မှန်းချက်"ကို ချမှတ်ထားကြပါတယ်။

## နဂါးတို့ရဲ့ ၂၁ ရာစု မဟာဗျူဟာ ရည်မှန်းချက်

၂၁ ရာစု မဟာဗျူဟာ ရည်မှန်းချက်ဟာ ဘာလဲ။

(တစ်)ဘက်စုံခေတ်မီ တိုးတက်ရေးကို လက်တွေ့အကောင်အထည်ဖော်နိုင်ရေး။ (နှစ်) ထိုင်ဝမ်ပြဿနာဖြေ ရှင်းနိုင်ရေးတို့ ဖြစ်ပါတယ်၊ သူတို့ရဲ့ ဒီမဟာ ဗျူဟာ ရည်မှန်းချက် အောင်မြင်ရေးအတွက် လုပ်ငန်းရပ် အားလုံးရဲ့ စ–လယ်–ဆုံး တခုလုံးမှာ 'ပိုမို ပြည့်စုံ သစ်လွင်တဲ့'မဟာဗျူဟာ အမြင်နဲ့ တွေးခေါ်မှုများကို ဖြည့်ဆည်းမြှင့်တင်ထားဖို့ သူတို့ရဲ့ နိုင်ငံခြားရေးရာမှာ တောင်းဆိုထားကြတယ်။ လိုက်နာကျင့်သုံးကြတယ်။

နိုင်ငံခြားရေးရာဟာ ပြည်တွင်းရေးရာရဲ့ အဆက်ဖြစ်သလို ပြည်တွင်းရေးရာကို အလုပ်အကျွေးပြုရတယ်။ နာခံရတယ်။ ပြည်တွင်းရေးရာက နိုင်ငံခြားရေးရာကို ဆုံးဖြတ်တာ ဖြစ်တယ်။ "အားချည့်နိုင်ငံအဖို့ရာ နိုင်ငံခြားရေး ဆိုတာ မရှိပါ။"ဆိုတဲ့ တရားများကို နဂါးတို့က ယုံကြည်ထားပါတယ်။ အလားတူ "အမျိုးသား တရပ်၊ နိုင်ငံတခုဟာ နိမ့်ကျနေရင်၊ အားချည့်နေရင် သူတပါးရဲ့ အထင်သေးတာ၊ စော်ကားတာ၊ အဓမ္မပြုတာ ခံရမယ်"ဆိုတာ လေးလေး နက်နက် သဘောပေါက်ကြတယ်။ သမိုင်းပေးအသိ ရရှိထားကြတယ်။

ဒါကြောင့် နဂါးတို့ဟာ မိမိအရေး၊ မိမိကံကြမ္မာ၊ မိမိလုပ်ငန်းကိစ္စတွေကို ဦးစွာပထမ ကောင်းအောင်၊ တောင့် တင်းအောင်လုပ်၊ နှစ်ကာလကြာရှည် အဆင်းရဲ အပင်ပန်းခံ လုံးပန်းအားထုတ်ဆိုတဲ့ ဒီဆောင်ပုဒ်၊ ဒီခြေလှမ်းများနဲ့ တက်လှမ်းနေကြပါတယ်။ တချိန်တည်းမှာ နိုင်ငံတကာ့ စင်မြင့်ပေါ်မှာ တရားမျှတတဲ့၊ သမာသမတ်လည်း ရှိတဲ့ သွင် ပြင် လက္ခဏာကို ပြသကာ၊ တက်ကြွတဲ့အခန်းက ပါဝင်ကပြရေးကို လုပ်ဆောင်နေကြတယ်လို့ ဆိုပါတယ်။

တရုတ်ပြည်ဟာ ကမ္ဘာပေါ်မှာ မိမိတာဝန်ယူသင့်တာကို တာဝန်ယူတဲ့၊ ငြိမ်းချမ်းရေးကို မြတ်နိုးတဲ့ ဖွံ့ဖြိုး ဆဲ နိုင်ငံကြီး တနိုင်ငံ ဖြစ်တယ်လို့လည်း ဆိုထားပါတယ်။ အတိတ်ကာလ အချိန်တချိန်က သူတို့ရဲ့"နိုင်ငံတကာ့ ဝါဒ တာဝန်ဝတ္တရား"ဆိုတာတွေကိုလည်း ပြန်လည်သုံးသပ်ကြပါတယ်။ မိမိတို့ ဖွံ့ဖြိုးတိုးတက်ရေးအတွက် သိပ်အကျိုးမလှ၊ သိပ်လက်တွေ့မကျဘူးလို့ မြင်လာကြတဲ့နောက်မှာ သင့်တင့်လျောက်ပတ်စွာ ခေတ်အချိန်အခါအလိုက် ပြုပြင်ပြောင်းလဲ ဖို့ လိုအပ်ပြီလို့ သဘောပေါက်လာကြကာ၊ အဲဒီသဘောထားအတိုင်း ပြုပြင်ဆောင်ရွက်ခဲ့ကြတယ်။

ဒါပေမဲ့ ဒါဟာ လူသားတရပ်လုံးရဲ့ ကံကြမ္မာနဲ့ ဖွံ့ဖြိုးတိုးတက်မှုကို ဥပေက္ခာပြုလိုက်ဖို့ မဟုတ်ပါ။ ခေတ်ရေ စီးကြောင်းနဲ့အတူ ပြောင်းလဲပြင်ဆင်ကာ "အခွင့်သာမှုကို ရှာဖွေ၊ အထိနာမှုကို ရှောင်ရှား"ပြီး၊ မိမိတို့အတွက် ဆက် လက်ရှင်သန်ရေး၊ အချက်အလက် ဖန်တီးတည်ဆောက်သွားနိုင်ရေးအတွက် ပြောင်းလဲမှုအသစ်တခုသာ ဖြစ်တယ်လို့ လည်း ဖွင့်ဆိုထားပါတယ်။

ဒါကြောင့် တရုတ်ပြည်ရဲ့ မဟာဗျူဟာ ရည်မှန်းချက်ဟာ...

(၁) လူသားတရပ်လုံးရဲ့ ငြိမ်းချမ်းတဲ့ ဖွံ့ဖြိုးတိုးတက်ရေးနဲ့ ဆက်စပ်ထားဖို့။

(၂) ကမ္ဘာ့ ခေတ်ရေစီးကြောင်းကြီးရဲ့ ချီတက်ရာ တိုးတက်တဲ့ လမ်းကြောင်းနဲ့ ဆက်စပ်ထားဖို့။

(၃) အများတကာ့အများစု နိုင်ငံများ၊ ပြည်သူများရဲ့ ဆန္ဒမျှော်မှန်းချက်တို့နဲ့ ဆက်စပ်ထားဖို့။

(၄) မိမိပြည်တွင်း တည်ဆောက်မှု လုပ်ငန်းစဉ်ကြီးနဲ့ ဆက်စပ်ထားဖို့။

သူတို့ ကြိုးပမ်းနေကြပါပြီ။

သူတို့ရဲ့ နိုင်ငံခြားရေးရာ ပေါ်လစီကိုလည်း "ရေရှည်အကျိုးရှိစေတဲ့၊ လက်ဦးမှု ရှိတဲ့၊ တဆက်တစ်စပ်တည်း ရှိတဲ့၊ တလုံးတစည်းတည်း ရှိတဲ့"ပေါ်လစီမျိုး ဖြစ်အောင် ချမှတ်ဦးတည်ထားတယ်လို့ ဆိုပါတယ်။

## ငြိမ်းခြင်း အေးခြင်းသည်သာ ကောင်းမြတ်တန်ဖိုး ဖြစ်၏။

မရှိတော့မှ ရှိခြင်းရဲ့ တန်ဖိုး၊ စစ်ဖြစ်တော့မှ ငြိမ်းချမ်းရေးရဲ့ တန်ဖိုးကို လူတွေက ပြောဆိုတတ်ကြတယ်။ တရုတ်နဂါးတို့ရဲ့နှစ်ပေါင်းထောင်ချီတဲ့ယဉ်ကျေးမှုသမိုင်းနဲ့ အမျိုးသား အမွေအနှစ်တွေထဲမှာ "ငြိမ်းခြင်း အေးခြင်း သည်သာ ကောင်းမြတ်၏။ တန်ဖိုးရှိ၏"ဆိုတဲ့ စိတ်ဓာတ်အတွေးအခေါ်ဟာ ထုထဲတဲ့ ရေခံမြေခံ ရှိခဲ့ပါတယ်။ "သူငယ်ချင်းကို ရွေးချယ်နိုင်ခွင့် ရှိ၏။ အိမ်နီးချင်းကို ရွေးချယ်နိုင်ခွင့်မရှိ"ဆိုတဲ့ ဆိုရိုးစကားလည်း ရှိခဲ့ပါတယ်။

၁၉၄၉ ခုနှစ်မှ စတင်တဲ့ တရုတ်ပြည်သစ်ရဲ့ နိုင်ငံခြားရေးရာ ပေါ်လစီကို ကျွန်တော်တို့ လေ့လာကြည့်ရှု မယ်ဆိုရင် အပြုသဘော၊ ငြိမ်းချမ်းရေးအတွေးအမြင်များ စိုက်လိုက်မတ်တတ် ဖော်ပြထားတာ တွေ့ရပါတယ်။

မော်စီတုန်း၊ ချူအင်လိုင်းတို့ရဲ့ "သုံးကမ္ဘာ""ငြိမ်းချမ်းစွာ ယှဉ်တွဲနေထိုင်ရေး မူကြီးငါးချက်"၊ တဆင့် ပြောင်းသစ်လာတဲ့ တိန်ရှောက်ဖင်ရဲ့ "ငြိမ်းချမ်းရေးနဲ့ ဖွံ့ဖြိုးတိုး တက်ရေး"သဘောတရား၊ "တံခါးဖွင့် ပေါ်လစီ" "ဈေးကွက်စီးပွားရေး""တပြည်ထောင် စနစ်နှစ်ခု"စသည်တို့ဟာ အနှစ် ၅၀ အတွင်း နဂါးတို့ ကျင့်သုံးဆင့်ပွား ပြောင်းလဲလာခဲ့ တဲ့ "ငြိမ်းချမ်းရေး နဲ့ အမှီခိုကင်းရေး" နိုင်ငံခြားရေးမူများပါပဲ။ သူတို့ဟာ "မူရဲ့ ခိုင်မြဲမှု နဲ့ ပေါ်လစီရဲ့ ပျော့ပျောင်းမှု"ကို အထူးဂရုပြုကြပါတယ်။

တရုတ်ပြည်ဟာ လူဦးရေ သန်း ၁၃၀၀ရှိတဲ့ ဖွံ့ဖြိုးဆဲ နိုင်ငံကြီး တနိုင်ငံပါ။ ကုလသမဂ္ဂ လုံခြုံရေးကောင်စီရဲ့ အမြဲတမ်းအဖွဲ့ဝင် နိုင်ငံတနိုင်ငံလည်း ဖြစ်ပါတယ်။ ဒါ ကြောင့် နိုင်ငံကြီးများနဲ့ ဆက်ဆံရေးမှာ "မူပေါ် ခိုင်မြဲစွာ ရပ်ရေး"ကို အထူးသတိထား လုပ်ဆောင်ရုံမက ကမ္ဘာ့ငြိမ်းချမ်းရေးနဲ့ တရားမျှတရေးကို ကာကွယ်ထိန်းသိမ်းတဲ့ အင်အားတရပ် အဖြစ် ပြသနိုင်ဖို့၊ သူတို့ဟာ "ဗိုလ်ကျလွှမ်းမိုးရေး၊ အဓမ္မ အာဏာနိုင်ငံရေး"ကို ဆန့်ကျင်တဲ့ တိုက်ပွဲမှာ ရှေ့က ပါဝင်နေတယ်လို့ ဆိုပါတယ်။ နိုင်ငံကြီးတို့ရဲ့ ဆက်ဆံရေး အတိမ်းအစောင်းဟာ ကမ္ဘာ့အခြေအနေနဲ့ တခုလုံးကိုလည်း ဂယက်ရိုက် ထိခိုက်စေနိုင်တယ်။ ငြိမ်းချမ်းရေးနဲ့ တည်ငြိမ်မှုများအပေါ်လည်း အကျိုးသက်ရောက်နိုင် တယ် ဆိုတာ သူတို့သိမြင်ထားပါတယ်။

ဒါ့အပြင် "ကျွန်တော်တို့ကို အာရှ၊ အာဖရိက၊ လက်တင်အမေရိက မိတ်ဆွေတွေက ကုလသမဂ္ဂတွင်းကို ထမ်းပိုးတင်ပို့ခဲ့တာပါ"လို့ နဂါးတို့က မကြာခဏ ထုတ်ဖော် တတ်ကြပါတယ်။ "မိတ်ဆွေဟောင်းတွေကို ဘယ်တော့မှ မမေ့နဲ့"လို့ သူ့ နောင်လာနောက်သားများကို အမြဲတမ်း သွန်သင်သတိပေးတတ်ပါတယ်။

ယနေ့လို ပြင်းထန်စွာ ဖြစ်တည်ပြောင်းလဲနေတဲ့ နိုင်ငံတကာ့အရေးအခင်း၊ အရှုပ်အထွေး၊ အကောက်အကွေ့၊

အမှားအမှန်တို့ရဲ့ တိုက်ပွဲများ အကြားမှာ… သူ့ရဲ့ လူ့အခွင့်အရေးဆိုင်ရာ နဲ့ ထိုင်ဝမ်ပြဿနာတို့ကြားမှာ…သူ့ရဲ့ ပြုပြင်ပြောင်းလဲရေးနဲ့ ခေတ်မီတိုးတက်ရေး ရည်မှန်းချက်ကြားမှာ…ပိုမိုကျယ်ပြန့်တဲ့ ဖွံ့ဖြိုးဆဲ နိုင်ငံနဲ့ ကမ္ဘာ့ပြည်သူအများစုတို့ရဲ့ စာနာထောက်ခံအားပေးမှုကို ရရှိဖို့ အလွန်ကို လိုအပ်ကြောင်း နဂါးတို့ ကောင်းစွာ သဘောပေါက်ကြပါတယ်။

တနေ့တခြား ခွန်အားနဲ့ ဂုဏ်ရှိန် တိုးပွားကြီးမြင့်လာနေတဲ့ တရုတ်ပြည်သစ်ဟာ သူ့ရဲ့ အရေးပါလှတဲ့ နိုင်ငံခြားရေးရာ လုပ်ငန်းစဉ်ကြီးမှာ…

(၁) နိုင်ငံကြီးများကို သော့ချက်အဖြစ်ထားရေး။

(၂) အိမ်နီးနားချင်းကို ပထမဦးစားပေး။

(၃) 'ဖွံ့ဖြိုးဆဲ' ကို အခြေခံ။

(၄) ကမ္ဘာ့ငြိမ်းချမ်းရေးနဲ့ အတူတကွ ဖွံ့ဖြိုးတိုးတက်ရေးကို ရည်သန်။

(၅) တည်ငြိမ်အေးချမ်းတဲ့ ပတ်ဝန်းကျင်ဖြစ်ပေါ်ရေးကို အစွမ်းကုန်တည်ဆောက်။

(၆) ကျယ်ပြန့်များပြားတဲ့ မိတ်ဆွေတွေကို ရှာဖွေလမ်းဖောက်။…ဆိုတဲ့ မူတရပ်နဲ့ ခြေလှမ်းများချကာ တရုတ်ထူးခြားချက်နဲ့ တရုတ်လက္ခဏာဆောင်တဲ့ လမ်းကြောင်းအတိုင်းအာရုံစိုက် ချီတက်နေတယ်လို့ တင်ပြထားပါတယ်။

## နိဂုံး

မျက်မှောက် ကမ္ဘာ့အနေအထားအရ အင်အားချိန်ခွင်လျှာဟာ အပြောင်းအလဲ ကြီးမားလာနေပါတယ်။ အာရှနဲ့ အရှေ့တောင်အာရှက အရှိန်လျှင်မြန်စွာ ပြောင်းလဲ လာနေတဲ့ စီးပွားဖွံ့ဖြိုးတိုးတက်လာမှုနဲ့ အင်အားကြီးထွားလာမှုတို့ဟာ အခွင့်အလမ်းသာမှုကို ဖြစ်စေသလို တချိန်တည်းမှာ စိန်ခေါ်မှုသစ်တွေကိုလည်း ဖြစ်ပေါ်လာ စေပါတယ်။ အမေရိကန်တို့ရဲ့ စစ်ရေးအပါအဝင် မဟာဗျူဟာနေရာချထားမှုတွေကလည်း တစတစ အရှေ့ဆီ ဦးတည်လာနေကြောင်း သတိပြုမိဖို့ လိုပါတယ်။ ပဋိပက္ခ ဖြစ်စေနိုင်တဲ့ တချို့ ပြဿနာများဟာ အာရှတိုက်မှာလည်း ရှိနေတယ်ဆိုတာ မေ့ထားလို့ မရပါ။

ဗမာပြည်က တော်လှန်သူများအနေနဲ့ နိုင်ငံတကာ၊ အာရှနဲ့ အိမ်နီးနားချင်းတို့ရဲ့ အခင်းအကျင်း၊ အနေအထားတွေအတွင်းမှာ အခွင့်သာမှုကို အသုံးချ၊ စိန်ခေါ်မှု တွေကို ရင်ဆိုင်နိုင်ဖို့ ကြိုတင်ပြင်ဆင်ရင်းက မိမိတိုင်းပြည်နဲ့ မိမိအမျိုးသား အကျိုးစီးပွားအတွက် လိမ္မာကျွမ်းကျင်စွာ ရပ်တည်လုပ်ဆောင်နိုင်ဖို့ လိုအပ်နေပါတယ်။ ဗမာပြည်ရဲ့ ပထဝီအနေအထားအရလည်း ကမ္ဘာ့လူဦးရေအများဆုံးတိုင်းပြည်ကြီး ၂ ခုကြားမှာ ရှိနေတာပါ။ ပထဝီအနေအထားအရ ကြားညပ်တည်ရှိနေတာဟာ ဘာပြဿနာမှ မရှိသလို ထင်ရပေမယ့် အကျိုးဆက်အဖြစ် နိုင်ငံရေး၊ စစ်ရေး ကြားညပ်မှုဖြစ်လာရင်တော့ မိမိနိုင်ငံ၊ မိမိအမျိုးသားအတွက် ဆိုးကျိုးတွေ တသီကြီး ဖြစ်ပေါ်လာစေနိုင်ပါတယ်။

"အိမ်နီးချင်းကို ရွေးချယ်ခွင့်မရှိ" ဆိုတဲ့စကားဟာ ဗမာပြည်အတွက်လည်း မှန်ကန်နေပါတယ်။ အိမ်နီးနားချင်းတိုင်းပြည်တွေရဲ့ အခြေအနေ၊ ၎င်းတို့ရဲ့ မူဝါဒ၊ ရပ်တည်ချက်နဲ့ နိုင်ငံခြားရေးရာ ပေါ်လစီတွေကို ဗမာပြည်နိုင်ငံရေးသမားတွေအနေနဲ့ ပိုင်ပိုင်နိုင်နိုင် လေ့လာထားဖို့လိုမှာပါ။ ဒါမှသာ အပြောင်းအလဲ မြန်လှတဲ့ ကမ္ဘာ့အနေ အထားနဲ့ အာရှအနေအထားအတွင်းမှာ မိမိတို့တော်လှန်ရေးအတွက် အခွင့်သာမှုကို ဖမ်းယူဆုပ်ကိုင်၊ အခွင့်မသာမှုနဲ့ အန္တရာယ်တွေကို ရှောင်ရှားဖို့ အထောက်အကူ ဖြစ်စေမှာပါ။ ဒီရည်ရွယ်ချက်အရ ယခုဆောင်းပါးကို တင်ပြလိုက်တာ ဖြစ်ပါတယ်။ ။

မှီငြမ်းကိုးကားစာစောင်။ တရုတ်ဘာသာနဲ့ထုတ်ဝေတဲ့ China Global Times စာစောင်များမှာ ပါရှိတဲ့ ဆောင်းပါးများပါ အချက်အလက်များ။

၂၀ ရာစု၊ နောက်ဆုံး ဆယ်စုနှစ်။ စစ်အေးခေတ် အဆုံးသတ်သွားမှုနဲ့အတူ ကမ္ဘာပေါ်မှာ ပထမဆုံး ဆိုရှယ်လစ် နိုင်ငံကြီးဖြစ်တဲ့ ဆိုဗီယက် ပြည်ထောင်စုနဲ့ အရှေ့ဥရောပ ဆိုရှယ်လစ် နိုင်ငံများ အသွေးအရောင် ပြောင်းသွားတဲ့ အရေးအခင်းကြီး ဖြစ်ပွားခဲ့တယ်။ ဒီအခါ အရင်းရှင်ဘက်တော်သား ပညာရှင်တွေက "ဆိုရှယ်လစ်ဝါဒ ကမ္ဘာပေါ်က ပျောက်ဆုံးသွားပြီ""မာ့က်စ်ဝါဒခေတ်မမီတော့ဘူး"စသဖြင့် လက်ပန်းပေါင်းခတ် ကြွေးကြော်ခဲ့ကြတယ်။ တကယ့်ကို စည်စည်ညံခဲ့တယ်။

တကယ့်လက်တွေ့က သူတို့ပြောသလို ဟုတ်ပါရဲ့လား။ "ကွန်မြူနစ် လှုပ်ရှားမှု" ကမ္ဘာပေါ်က အမှန် တကယ်ပဲ ပျောက် သွားပြီလား။ ဒီဆောင်းပါးမှာ "မျက်မှောက် ကမ္ဘာ့ကွန်မြူနစ်လှုပ်ရှားမှု" အခြေအနေတချို့ကို တင်ပြသွားပါမယ်။

### ၁။ သမိုင်းနောက်ခံအကျဉ်း

ကွန်မြူနစ်ပါတီဆိုတာ မာ့က်စ်ဝါဒအတွေးအခေါ်ကို လမ်းညွှန်အဖြစ် ထားတဲ့ ပစ္စည်းမဲ့ လူတန်းစား နိုင်ငံရေးပါတီ(ဝါ) အလုပ် သမား လူတန်းစား နိုင်ငံရေးပါတီ ဖြစ်တယ်။ ပစ္စည်းမဲ့လူတန်းစားရဲ့ ရှေ့တန်းရောက် တပ်ဖွဲ့ လည်း ဖြစ်တယ်။

## ကွန်မြူနစ်လှုပ်ရှားမှု
## ကမ္ဘာပေါ်က တကယ်ပဲ ပျောက်ကွယ်သွားပြီလား။

ရဲဘော်သိန်းဝင်း

ဃ

၁၉ ရာစု၊ ၄၀ ခုနှစ်များကာလက မာ့က်စ်ဝါဒကို ထူထောင်လိုက်ခြင်းဟာ ကွန်မြူနစ်ပါတီများ ပေါ်ထွက်လာရေးအတွက် သဘောတရားရေး အခြေခံအုတ်မြစ် ဖြစ်တယ်လို့ ဆိုရပါလိမ့်မယ်။

အခု "ကမ္ဘာ့ကွန်မြူနစ်လှုပ်ရှားမှု"ဟာ နှစ်ပေါင်း ၁၅၀ ကျော် သက်တမ်းရှိသွားခဲ့ပါပြီ။

စစ်အေးခေတ်အဆုံးမသတ်မီကာလက ၁၉၈၅ ခုနှစ်အထိ ကမ္ဘာပေါ်မှာ ကွန်မြူနစ်ပါတီ(၁၁၉)ပါတီ ရှိခဲ့တယ်။ နိုင်ငံနဲ့ဒေသ (၁၀၇)မှာ လှုပ်ရှားနေတဲ့ ပါတီဝင် စုစုပေါင်း သန်း(၈၀) ရှိခဲ့တယ်။

### ၂။၂၀ ရာစု ကွန်မြူနစ် လှုပ်ရှားမှု အခြေအနေအကျဉ်း

၂၀ ရာစု အစောပိုင်းကာလ။ ပထမကမ္ဘာစစ်နဲ့ အောက်တိုဘာတော်လှန်ရေး အောင်ပွဲရလိုက်ပြီးနောက် ကမ္ဘာ့ကွန်မြူနစ် လှုပ်ရှားမှုဟာ ဒီရေတက်ကာလတခုသို့ ဆိုက်ရောက်ခဲ့တယ်လို့ ဆိုနိုင်တယ်။

တဆက်တည်းမှာ အရင်းရှင်နိုင်ငံများအတွင်း အလုပ်သမား လှုပ်ရှားမှု ကျယ်ကျယ်ပြန့်ပြန့် ဖြစ်ထွန်းခဲ့တယ်။

ကိုလိုနီလက် အောက်ခံနိုင်ငံများမှာလည်း ဆိုရှယ်လစ်စနစ်ရဲ့ ရိုက်ခတ်မှုကြောင့် အမျိုးသားလွတ်မြောက်ရေး လှုပ်ရှားမှုများ မြိုင်မြိုင်ဆိုင်ဆိုင်ကြီး ပေါ် ထွက်ခဲ့တယ်။ နယ်ချဲ့ဝါဒကမ္ဘာ့စနစ်လည်း သွက်သွက်ခါအောင် ယိမ်းယိုင်သွားခဲ့တယ်။

ဒုတိယကမ္ဘာစစ်ပြီးနောက် ဒုတိယအကြိမ် တော်လှန်ရေး အုံကြွမှုတရပ် ထပ်မံပေါ်ထွက်ခဲ့တယ်။

ဒီအတောအတွင်း တရုတ်၊ ဥရောပနဲ့ အာရှမှာ တသီတတန်းကြီးသော ဆိုရှယ်လစ် နိုင်ငံများ ပေါ်ထွန်းခဲ့တယ်။ ဆိုရှယ်လစ် စနစ်ဟာ ကမ္ဘာ့စနစ်အဖြစ် ဖြစ်တည်လာတယ်။ နယ်မြေအရလည်း တဆက် တစပ်တည်းဖြစ်တဲ့ "ဆိုရှယ်လစ်ဂိုဏ်းကြီး" ပေါ်ထွန်းလာခဲ့တယ်။ တချိန်တည်းမှာ အာရှ၊ အာဖရိက၊ လက်တင်အမေရိကတို့မှာ အမျိုးသားလှုပ်ရှားမှုတွေဟာလည်း ဘက်စုံဒီရေမြင့်သို့ တိုးပွားစေခဲ့တယ်။ ဒီလိုနဲ့ ကိုလိုနီထမ်းပိုးအောက်က နိုင်ငံများ လွတ်လပ်ရေး ရလာကြတယ်။ ဆိုလိုတာက အမျိုးသားနိုင်ငံတော်တွေ ပေါ်ထွန်းလာတယ်။

**အခုနောက်ဆုံး နိုင်ငံပေါင်း(၁၂၀)မှာ ကွန်မြူနစ်ပါတီ (သို့မဟုတ်) မာ့က်စ်ဝါဒ သဘောဆောင်တဲ့ပါတီ(၁၄၇)ပါတီရှိနေပါတယ်။ ၎င်းတို့အနက် ပါတီဝင်တသောင်း အထက်ရှိတဲ့ ကွန်မြူနစ်ပါတီ(၃၆)ပါတီအထိ ရှိနေပါပြီ။**

ကိုလိုနီစနစ်ဟာလည်း လုံးဝ ပြိုကွဲသွားခဲ့ရတယ်။

ချုပ်ပြီးပြောရင် အောက်တိုဘာ တော်လှန်ရေး ပြီးတဲ့နောက် နှစ်(၄၀) ကာလဟာ ကမ္ဘာ့ကွန်မြူနစ်စနစ်ရဲ့ အောင်တေးသံများ သီကျူးနိုင်ခဲ့တဲ့ ကာလတွေလို့ ဆိုနိုင်ပါတယ်။

ဒီနောက် ကမ္ဘာ့ကွန်မြူနစ်လှုပ်ရှားမှုဟာ အကျပ်အတည်း၊ အခက်အခဲ၊ အကွေ့အကောက်များနဲ့ ရင်ဆိုင်ခဲ့ရပြီး၊ ခက်ခက်ခဲခဲ စူးစမ်းရှာဖွေ လျှောက်လှမ်းခဲ့ရတယ်။ ၂၀ ရာစု ၅၀ ခုနှစ်များနောက်ပိုင်းမှ စတင်ပြီး ဒီရေနိမ့်ဆင်းလာရာက စစ်အေးခေတ် အဆုံးသတ် တဲ့ ၂၀ ရာစု ၉၀ ခုနှစ်များ အစပိုင်း ဆိုဗီယက်နဲ့ အရှေ့ဥရောပ နိုင်ငံများ အသွေးအရောင် ပြောင်းသွားခြင်းဟာ သမိုင်းမှာ မကြုံဖူးတဲ့ အခက်အခဲ အကျပ်အတည်းများ ကြုံတွေ့ရတော့တယ်။ ကမ္ဘာ့ကွန်မြူနစ်လှုပ်ရှားမှုဟာ ဒီရေနိမ့်ကာလသို့ ဆိုက်ရောက်သွားပါပြီ။ အခုထိပါပဲ။

## ၃။ စစ်အေးလွန်ခေတ် အခြေအနေ

ဆိုဗီယက် ပြည်ထောင်စုနဲ့ အရှေ့ဥရောပ နိုင်ငံများ အသွေးအရောင် ပြောင်းလဲမှုဟာ ဆိုရှယ်လစ် အရေးတော်ပုံနဲ့ပတ်သက်လို့ ကမ္ဘာ့ပြည်သူများအတွင်းမှာ တော်တော် ရှုပ်ရှုပ်ထွေးထွေး ဖြစ်သွားခဲ့တယ်လို့ ပြောမယ်ဆိုရင် ပြောလို့ရပါတယ်။ ဒီအရေးအခင်းဟာ ကမ္ဘာ့ဆိုရှယ်လစ်အရေးတော်ပုံ ဒီရေနိမ့်ကာလသို့ ကူးပြောင်းသွားမှုရဲ့ မှတ်တိုင်အဖြစ်လည်း ပြောနိုင်ပါတယ်။ ဒီအရေးအခင်း ဖြစ်ပွားပြီးနောက် ကမ္ဘာပေါ်မှာ ဆိုရှယ်လစ်နိုင်ငံဆိုလို့ တရုတ်၊ ဗီယက်နမ်၊ မြောက်ကိုရီးယား၊ လာအို နဲ့ ကျူးဘား စတဲ့ (၅) နိုင်ငံသာ ကျန်ရစ်ခဲ့ပါတယ်။

ဒီအရေးအခင်းမတိုင်မီက ကမ္ဘာပေါ်မှာ ဆိုရှယ်လစ်နိုင်ငံ(၁၃)နိုင်ငံ နဲ့ ကွန်မြူနစ်ပါတီ (မာ့က်စ်ဝါဒကို လမ်းညွှန် သဘောတ ရားအဖြစ်ထားတဲ့ အလုပ်သမား နိုင်ငံရေးပါတီများအပါ) ၁၈၆ ပါတီအထိ ရှိနေပါတယ်။ ဒီအရေးအခင်းက နိုင်ငံတကာ့ ကွန်မြူနစ်ပါတီ များအပေါ် ပြင်းထန်တဲ့ ရိုက်ခတ်မှု ဖြစ်စေခဲ့လို့ ပါတီအရေအတွက် (၁၃၀) ထိ ကျဆင်းသွားခဲ့ရတယ်။

နိုင်ငံတကာ ကွန်မြူနစ်လှုပ်ရှားမှု ICM အတွင်း ၂ နှစ်လောက် မငြိမ်မသက်ဖြစ်မှုတွေ အပြင်း အထန်ပေါ်ပေါက်ခဲ့ပြီးနောက် ပါတီသစ်အချို့ ပေါ်ပေါက်လာလို့ ပါတီပေါင်း (၁၈၀) အထိ ပြန်ဖြစ်လာတယ်။ ဒါပေမဲ့

အခုနောက်ဆုံး နိုင်ငံပေါင်း(၁၂၀) မှာ ကွန်မြူနစ် ပါတီ(သို့မဟုတ်) မာ့က်စ်ဝါဒ သဘောဆောင်တဲ့ ပါတီ (၁၄၇) ပါတီ ရှိနေပါတယ်။ ၎င်းတို့အနက် ပါတီဝင်တသောင်း အထက်ရှိတဲ့ ကွန်မြူနစ်ပါတီ (၃၆) ပါတီထိ ရှိနေပါပြီ။

ဆိုဗီယက် နဲ့ အရှေ့ဥရောပနိုင်ငံတွေ နောက်ပြန်ဆုတ်မှုရဲ့ ဂယက်ရိုက်ခတ်မှုအောက်မှာ ကွန်မြူနစ်ပါတီများဟာ ဆိုရှယ် လစ် ဝါဒနဲ့ ပတ်သက်ပြီး ပြန်လည်သုံးသပ်မှုတွေ၊ သဘောတရား ရှာဖွေစူးစမ်းမှုတွေ နက်နက်ရှိုင်းရှိုင်း ပြန်လုပ်ကြပါတယ်။ တချိန်တည်းမှာ မိမိပါတီရဲ့ လုပ်ငန်းစဉ်၊ ပေါ်လစီ နဲ့ နည်းပရိယာယ်တို့ကို ပြန်လည်သုံးသပ်၊ ထိန်းညှိပြုပြင်ရေးတို့ကို ဆောင်ရွက်ခဲ့ကြရပါတယ်။

ပါတီအသီးသီးရဲ့ အခိုင်အမာအခြေအနေ မတူကြလို့ ခုလို စူးစမ်းလေ့လာမှုနဲ့ ထိန်းညှိမှု ပြုကြရာမှာ အတိုင်းအတာအရ၊ အဝန်းအဝိုင်းအရ တညီတညွတ်တည်း မရှိနိုင်ပါဘူး။ ဒါကြောင့် အပိုင်း(၄) ပိုင်း ခွဲပြီး တင်ပြပါမယ်။

(က) ပထမဆုံးအနေနဲ့ အာဏာရကွန်မြူနစ်ပါတီများ အခြေအနေ တင်ပြပါမယ်။

တရုတ်ပြည်အပါအဝင် ဆိုရှယ်လစ်နိုင်ငံ(၅) နိုင်ငံစလုံးဟာ ဒီအရေးအခင်းကြောင့် ဖြစ်ပေါ်လာတဲ့ ရိုက်ခတ်မှုနဲ့ စိန်ခေါ်မှုတွေ ကို ပြင်းထန်ဆိုးဝါးစွာ ခံကြရပါတယ်။ ဒါပေမဲ့ မာ့က်စ်ဝါဒကို သဘောတရားလမ်းညွှန်အဖြစ်ထားရှိရေး၊ ကွန်မြူနစ်ပါတီရဲ့ ခေါင်းဆောင်မှုကို ကြံ့ကြံ့ခိုင်ခိုင် ဆုပ်ကိုင်ထားရှိရေး မှုတို့ကို ဆက်လက်ဆုပ်ကိုင်ထားပါတယ်။ တချိန်တည်းမှာ အာဏာရပါတီရဲ့ အဆင့်နေရာကို ဆက်လက်ထိန်းသိမ်းထားနိုင်ရုံမက အရည်အချင်းအရရော အရေအတွက်အရပါ ဘက်၂ ဘက်စလုံးမှာ မတူတဲ့အတိုင်းအတာအရ မြှင့် တင်နိုင်ခဲ့တယ်။

ဒီပါတီတွေဟာ ပြည်တွင်းပြည်ပ အတွေ့အကြုံများကို နိဂုံးချုပ်တဲ့ အခြေခံပေါ်မှာ ဆိုရှယ်လစ်စနစ်ဆိုတာ ဘာလဲ။ ဆိုရှယ် လစ်စနစ်ကို ဘယ်လို တည်ဆောက်ရမလဲ ဆိုတဲ့ ပြဿနာတွေကို အသစ်တဖန် စူးစမ်းလေ့လာမှု ပြုကြတယ်။ တချိန်တည်းမှာ ပြုပြင် ပြောင်းလဲရေး၊ ထိန်းညှိရေးတို့မှတဆင့် ဆိုရှယ်လစ်ဝါဒ အသိအမြင်တွေကို နက်ရှိုင်းလာစေပါတယ်။ တဆက်တည်းဆိုသလို မိမိ နိုင်ငံရဲ့ ထူးခြားချက်နဲ့ ပေါင်းစပ်ပြီး ဆိုရှယ်လစ်စနစ် တည်ဆောက်ရေးကို စူးစမ်းလေ့လာကြပါတယ်။

ဒီအာဏာရပါတီအားလုံးဟာ မိမိပါတီ တည်ဆောက်ရေးကို အလွန်အလေးထား ဂရုစိုက်ကြတယ်။ ပါတီရဲ့ အုပ်ချုပ်မှုရေချိန် နဲ့ ခေါင်းဆောင်မှုစွမ်းရည်ကို ကြိုးစားမြှင့်တင်ခဲ့တယ်။ ကမ္ဘာ့ဆိုရှယ်လစ်အရေးတော်ပုံ ဒီရေနိမ့်ကာလ ရောက်ရှိနေသည့်တိုင် ဒီပါတီတွေ ဟာ ပြည်သူလူထုကြီးနဲ့ ရင်းရင်းနှီးနှီး ဆက်ဆံရေးကို စွဲစွဲမြဲမြဲ ထိန်းသိမ်းရင်းက ပိုမို ကြံ့ခိုင်လာနေကြပါပြီ။

(ခ) ဒုတိယ အနေနဲ့ အရှေ့ဥရောပနဲ့ လွတ်လပ်တဲ့ ဓနသဟာယနိုင်ငံ(ဆိုဗီယက် ပြည်ထောင်စု ပြိုကွဲသွားပြီး ပေါ်ထွက်လာတဲ့ နိုင်ငံ)များမှ ကွန်မြူနစ်ပါတီများရဲ့ အခြေအနေကို ဆက်လက်တင်ပြပါမယ်။

ယခင် ဆိုဗီယက် ပြည်ထောင်စု အဖွဲ့ဝင် နိုင်ငံများနဲ့ အရှေ့ဥရောပ နိုင်ငံများရှိ ကွန်မြူနစ်ပါတီတွေဟာ နာမည်ပြောင်းတာ၊ လက္ခဏာပြောင်းတာ ရှိပါတယ်။

နာမည်မပြောင်းတဲ့ ကွန်မြူနစ်ပါတီတွေအတွင်း တစုံတရာ ဩဇာရှိတဲ့ပါတီ (၁၅) ပါတီထိ ရှိပါတယ်။ ဒီပါတီတွေမှာ ပါတီဝင်စုစုပေါင်း ( ၁ သန်း၊ ၄ သိန်း၊ ၃ သောင်း) အထိ ရှိနေဆဲပါ။ ဒီပါတီတွေဟာ ယခင် အာဏာရပါတီတွေထဲမှာ မာ့က်စ်ဝါဒနဲ့ ကွန်မြူနစ်ဝါဒကို စွဲစွဲမြဲမြဲ ဆုပ်ကိုင်ထားကြတဲ့ အစုအဖွဲ့တွေက ဖွဲ့စည်းလိုက်တဲ့ ပါတီတွေ ဖြစ်ပါတယ်။ ၎င်းတို့အနက် အများတကာ့ အများစုဟာ ဥပဒေတွင်း တရားဝင်ပါတီတွေ ဖြစ်ပါတယ်။ အရှေ့ဥရောပ နိုင်ငံ(၁၂) နိုင်ငံအနက် ယခုအခါ (၇) နိုင်ငံမှာ လက်ဝဲဂိုဏ်း နိုင်ငံရေးပါတီတွေ ပြန်လည် အာဏာရ ရှိနေပါပြီ။

တကယ်တော့ အရှေ့ဥရောပ နိုင်ငံများ အသွေးအရောင်ပြောင်းလဲသွားတဲ့၊ နောက်ပြန်ဆုတ်တဲ့ အရေးအခင်း ဖြစ်ပေါ်ခဲ့ပေ မယ့်၊ ပါတီအဖွဲ့အစည်းများဟာ နှိုင်းယှဉ်ခြင်းအားဖြင့် မပျက်မယွင်း မူလအတိုင်း ရှိခဲ့ကြတာပါ။

အရှေ့ဥရောပမှာ မိမိတိုင်းပြည်အတွင်း နှိုင်းယှဉ်ခြင်းအားဖြင့် အင်အားတောင့်တင်း ဩဇာကြီးမားတဲ့ ပါတီတွေကတော့ ရုရှားဖက်ဒရေးရှင်း ကွန်မြူနစ်ပါတီ၊ ချက်ပြည် မိုရေးဗီးယားကွန်မြူနစ်ပါတီ၊ ယူကရိန်း ကွန်မြူနစ်ပါတီ

(ယခုအခါ လွှတ်တော်တွင် အင် အား အကြီးဆုံးပါတီ ဖြစ်) တို့ ဖြစ်ကြတယ်။ ဆိုဗီယက် ပြည်ထောင်စုမှ ခွဲထွက်လာတဲ့ ဂိုဒိုဗာ ကွန်မြူနစ်ပါတီဟာ အာဏာရပါတီ ပြန် ဖြစ်လာခဲ့သလို အရှေ့ဥရောပ နိုင်ငံတွေအနက် ပိုလန်နိုင်ငံဟာ သမ္မတ၊ ဝန်ကြီးချုပ်၊ လွှတ်တော်ဥက္ကဋ္ဌ …အားလုံး ကွန်မြူနစ်ဟောင်း တွေချည်းဖြစ်လို့ ကွန်မြူနစ်ဟောင်းတွေ အာဏာ ပြန်ရလာတဲ့ နိုင်ငံဖြစ်တယ် လို့တောင် ပြောနိုင်ပါတယ်။

သူတို့ဆီက အသွေးအရောင် ပြောင်းသွားတဲ့ နောက်ဆုတ်မှု အရေးအခင်းဟာ ဆိုရှယ်လစ်စနစ် ပင်ကိုယ်ရဲ့ အကျပ်အတည်း မဟုတ်ဘူး။ ဆိုရှယ်လစ်စနစ် တည်ဆောက်ရေးမှာ တိမ်းစောင်းခဲ့တဲ့ လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်မှုရဲ့ ရှုံးနိမ့်မှုသာ ဖြစ် တယ် လို့ ဒီပါတီတွေက ယူဆကြပါတယ်။

အဲဒီကွန်မြူနစ်ပါတီတွေက မိမိတို့ဟာ ပါတီသစ်တွေ မဟုတ်ကြပါဘူး။ ယခင် ကွန်မြူနစ်ပါတီဟောင်းများရဲ့ သမိုင်းကို ဆက် ခံကြသူများသာ ဖြစ်တယ် လို့ ကြေညာခဲ့ကြတယ်။ ဒါပေမဲ့ မိမိတို့ဟာ ယခင် ကွန်မြူနစ်ပါတီများနဲ့ မတူတဲ့ ပုံစံသစ်ပါတီတွေ ဖြစ်တယ် လို့ ရှင်းရှင်းလင်းလင်း ထုတ်ဖော်ကြေညာခဲ့ပါတယ်။ ဒ့ါအပြင် မာ့က်စ်ဝါဒကို မိမိတို့ရဲ့ သဘောတရားလမ်းညွှန်အဖြစ် စွဲစွဲမြဲမြဲ ဆုပ်ကိုင် ထားကြမဲ့ ဖြစ်တယ် လို့ ဆိုပါတယ်။ ဒါပေမဲ့ မာ့က်စ်ဝါဒကို တီထွင်ဖန်တီးမှုရှိစွာ ဖြစ်ထွန်းတိုးတက်ရေးကို အလေးထားကြတယ်။ တချိန် တည်းမှာ မိမိတိုင်းပြည်က တိုးတက်တဲ့ အတွေးအခေါ်နဲ့ အစဉ်အလာများကိုလည်း ဆက်ခံအားဖြည့်သွားရမယ် လို့ ယူဆခဲ့ကြတယ်။

ဒီပါတီတွေဟာ ဆိုရှယ်လစ်ဝါဒရည်မှန်းချက်ကို ဆက်လက်ဆုပ်ကိုင်မြဲ ဆုပ်ကိုင်ထားကြတယ်။ ဒါပေမဲ့ အစဉ်အလာ ဆိုရှယ်လစ်ဝါဒမဟုတ်ဘဲ ဆိုဗီယက်နဲ့ အရှေ့ဥရောပ အပြောင်းအလဲ သမိုင်းသင်ခန်းစာကို နိဂုံးချုပ်ထားတဲ့ အခြေခံပေါ်မှာ မိမိတိုင်းပြည်ရဲ့ လက် တွေ့အခြေအနေမှ အစချီပြီး ပြုပြင်ဆန်းသစ်ထားတဲ့ ဆိုရှယ်လစ် ဝါဒ လမ်းကြောင်း သစ်ဖြစ်တယ် လို့ ရှင်းလင်းဖွင့်ဆိုထားပါတယ်။

(ဂ) ဖွံ့ဖြိုးပြီး အရင်းရှင်နိုင်ငံများရှိ ကွန်မြူနစ်ပါတီများ။

၎င်းနိုင်ငံများရှိ ကွန်မြူနစ်ပါတီအများစုဟာ မူလအမည်ကို ထိန်းသိမ်းမြဲ ထိန်းသိမ်းထားတယ်။ အနည်း စုလောက်သာ ခံယူချက် ပြောင်းသွားခဲ့တယ်။

အနောက်ဥရောပမှာ ကွန်မြူနစ်ပါတီ (၂၁) ပါတီ ရှိနေဆဲ ဖြစ်တယ်။ ပါတီဝင် စုစုပေါင်း (၁) သန်း နီးပါး ရှိတယ်။ အဲဒီပါတီ တွေအနက် မိမိတိုင်းပြည်အတွင်း တစုံတရာ ဩဇာရှိပြီး လွှတ်တော်အမတ်နေရာတချို့ရထားတဲ့ ပါတီတွေကတော့ ပြင်သစ်ကွန်မြူနစ်ပါ တီ၊ ပေါ်တူဂီ ကွန်မြူနစ်ပါတီ၊ အီတလီ ပြန်လည်ထူထောင်ရေး ပါတီ၊ အီတလီ ကွန်မြူနစ်များ ပါတီ၊ စပိန်ကွန်မြူနစ်ပါတီ၊ ဂရိကွန်မြူနစ်ပါတီ တို့ ဖြစ်တယ်။

ဒီ (၁၀) နှစ်ကျော်အတွင်း ဖွံ့ဖြိုးပြီး နိုင်ငံများရှိ ကွန်မြူနစ်ပါတီတွေဟာ သဘောတရားလမ်းစဉ်နဲ့ စည်းရုံးရေး မူတွေမှာ အပြောင်းအလဲ အလွန်ကြီးပါတယ်။ အထူးသဖြင့် အနောက်ဥရောပ ကွန်မြူနစ်ပါတီများဟာ နှိုင်းယှဉ်ခြင်း အားဖြင့် အပြောင်းအလဲ ပိုမိုကြီးမားပါတယ်။ မြောက်အမေရိကနဲ့ မြောက်ဥရောပရှိ ကွန်မြူနစ်ပါတီတွေလည်း ထိန်းညှိရေးကို ဆောင်ရွက်ကြပါတယ်။

ဂျပန်ကွန်မြူနစ်ပါတီဟာ ဖွံ့ဖြိုးပြီး နိုင်ငံတွေရှိ ကွန်မြူနစ်ပါတီများအနက် အရေးပါတဲ့ ကွန်မြူနစ်ပါတီတရပ် ဖြစ်ပါတယ်။ အခု နောက်ဆုံး အနေအထားအရ ပါတီဝင် ၃ သိန်း ၈ သောင်း ရှိပြီး၊ လွှတ်တော်အတွင်း အမတ်နေရာ (၄၀) အထိ ရရှိထားတဲ့ ပါတီ ဖြစ်ပါ တယ်။ လောလောဆယ် နှစ်များအတွင်း အခြေခံလမ်းညွှန်မှုတွေ၊ ခံယူမှုတွေမှာ တော်တော်များများ ထိန်းညှိထားပါတယ်။

(ဃ) ဖွံ့ဖြိုးဆဲ နိုင်ငံများရှိ ကွန်မြူနစ်ပါတီများ။

ဗမာပြည်ကွန်မြူနစ်ပါတီ အပါအဝင်ဖြစ်တဲ့ ဖွံ့ဖြိုးဆဲ နိုင်ငံများရှိ ကွန်မြူနစ်ပါတီများမှာ တချို့ကွန်မြူနစ် ပါတီတွေဟာ ပြန်လည် ထိန်းညှိမှုမှတဆင့် အင်အားသစ်တွေ တိုးပွားလာကာ မပြတ်ကြီးထွားလာနေတယ်။ တချို့ပါတီတွေဟာ ပြည်တွင်းနိုင်ငံရေးဇာတ်ခုံပေါ် မှာ တစုံတရာ အရေးပါတဲ့ အခန်းကဏ္ဍက ပါဝင်ဆောင်ရွက်လျက်

ရှိနေတယ်။

အိန္ဒိယကွန်မြူနစ်ပါတီ(မာ့က်စ်ဝါဒ) နဲ့ အိန္ဒိယကွန်မြူနစ်ပါတီတို့ဟာ အိန္ဒိယနိုင်ငံအတွင်း အင်အားအတောင့်တင်းဆုံး လက်ဝဲနိုင်ငံရေးပါတီတွေ ဖြစ်ကြတယ်။ ပါတီဝင် စုစုပေါင်း ၁ သန်း၊ ၃ သိန်းကျော် ရှိနေပြီး၊ လွှတ်တော်အတွင်း အခုနောက်ဆုံး ၂၀၀၄ ရွေးကောက်ပွဲ မှာ အမတ်နေရာ (၆၂) နေရာအထိ ရရှိခဲ့တယ်။ ယခုအခါ အိန္ဒိယနိုင်ငံရဲ့ သမိုင်းမှာ ကွန်မြူနစ်အမတ်တဦးကို လွှတ်တော်ဥက္ကဋ္ဌအဖြစ် ပထမဆုံးရွေးချယ်ခဲ့တဲ့အထိ အိန္ဒိယကွန်မြူနစ်ပါတီရဲ့ အခန်းဟာ အရေးပါလာခဲ့ပါတယ်။

နီပေါကွန်မြူနစ်ပါတီ(စည်းလုံးညီညွတ်သော မာ့က်စ်၊ လီနင်ဝါဒ) ဟာ နီပေါနိုင်ငံရဲ့ အကြီးဆုံးပါတီ ဖြစ်နေပြီး၊ စစ်အေးလွန်ခေတ်မှာ ကာလတို ၂ ကြိမ်တိုင် အာဏာရခဲ့ဖူးတယ်။ ဘုရင်ဂျာရင်ဒရာက အာဏာသိမ်းပြီး အဖျက်သိမ်းခံလိုက်ရတဲ့ အစိုးရအဖွဲ့မှာလည်း ဝန်ကြီး ၁၁ နေရာယူထားတဲ့ ပါတီပါ။ တဖက်မှာလည်း လက်နက်ကိုင်တိုက်ပွဲဝင်နေတဲ့ မော်ဝါဒီကွန်မြူနစ်တွေကလည်း နီပေါမှာ အလွန်အားကောင်းလျက် ရှိနေတယ်။

ဆိုက်ပရပ် အလုပ်သမား တိုးတက်ရေးပါတီဟာလည်း စစ်အေးလွန်ခေတ် ရွေးကောက်ပွဲတိုင်းမှာ လွှတ်တော်အတွင်း ဒုတိ ယ အကြီးဆုံးပါတီ အဆင့်နေရာကို တောက်လျှောက် ထိန်းထားနိုင်ခဲ့တယ်။

အီရတ်ကွန်မြူနစ်ပါတီဟာ နှစ်ပေါင်းရှည်ကြာစွာ မြေအောက်ရောက်နေရာက ‘ဆတ်ဒမ်’လွန်ခေတ်မှာ ဘွားကနဲ ပေါ်ထွက် လာတယ်။ ဒါဟာ လောလောဆယ်ဆယ် ကာလတွေအတွင်း အီရတ်ပြည်သူတွေ ဂရုအစိုက်ဆုံး နိုင်ငံရေး ဖြစ်ပေါ်တိုးတက်မှုတရပ်လည်းဖြစ်ပါတယ်။ အီရတ်ပြည်အတွင်းမှာ ဩဇာဂယက်ကြီးပြီး အဆုံးအဖြတ်အခန်းကပါတဲ့ အင်အားတရပ်လည်း ဖြစ်တယ်။ အီရတ်ပြည်အ တွင်း နေရာအနှံ့ အဖွဲ့ခွဲပေါင်း ဆယ်အချို့ထိ ရှိနေပါပြီ။ ၎င်းပါတီရဲ့ အထွေထွေ အတွင်းရေးမှူး ‘မူဆာ’ဟာ အမေရိကန်က ခန့်အပ်တဲ့ အုပ်ချုပ်ရေး အတိုင်ပင်ခံ အဖွဲ့ဝင်ဖြစ်ခဲ့ပါတယ်။

နောက်ထပ် မြေအောက်မှာ ရေရှည်လှုပ်ရှားနေခဲ့တဲ့ အင်ဒိုနီးရှား ကွန်မြူနစ်ပါတီဟာလည်း ၂၀၀၄ ခုနှစ်အတွင်း လွန်ခဲ့တဲ့ လတချို့အတွင်းက ဥပဒေတွင်း ပါတီတရပ်အဖြစ် ပေါ်ထွက်လာပြီဆိုတဲ့ သတင်းတရပ် ကြားသိရတယ်။ ဒါပေမဲ့ နောက်ထပ် အခိုင်အမာသတင်းများ ထွက်ပေါ်မလာသေးပါ။

ဖိလစ်ပိုင်ကွန်မြူနစ်ပါတီက ခေါင်းဆောင်တဲ့ ပြည်သူ့တပ်မတော်သစ်(NPA)ဟာ ဖိလစ်ပိုင် အုပ်စိုးသူ လူတန်းစားတွေကို ဆက်လက်ပြီး အင်အားကောင်းကောင်းနဲ့ လက်နက်ကိုင်တိုက်ပွဲများ ဆင်နွှဲလျက် ရှိနေဆဲပါ။

၂၀၀၄ ခုနှစ်၊ မေလ(၆-၈)ရက်အတွင်း ဒက်ကာမှာ ဘင်္ဂလားဒေ့ရှ် ကွန်မြူနစ်ပါတီဟာ မိမိပါတီရဲ့ ဆဋ္ဌမအကြိမ်ကွန်ဂရက်ကို အောင်မြင်စွာ ကျင်းပနိုင်ခဲ့တယ်။ ကွန်ဂရက်သို့ ကိုယ်စားလှယ် ၃၄၆ ဦး တက်ရောက်ခဲ့တယ်။

လက်တင်အမေရိက ဒေသဟာ လက်ဝဲဂိုဏ်းအင်အားများ တောင့်တင်းတဲ့ဒေသတခု ဖြစ်တယ်။ ၎င်းဒေသက ပြည်သူလူထုဟာ ဆိုရှယ်လစ်စနစ်ကို အလွန်စိတ်ဝင်စားကြပါသတဲ့။ အကြောင်းကတော့ - အနောက်အရင်းရှင်နိုင်ငံတွေက ဆင်းရဲ ခေတ်နောက်ကျ ပြီး လူ့အခွင့်အရေး ကင်းမဲ့တယ် လို့ ပြောနေကြတဲ့ ဆိုရှယ်လစ်ကျူးဘား နိုင်ငံဟာ လက်တင်အမေရိက နိုင်ငံတွေထဲမှာ ပြည်သူလူထု ရဲ့ နေထိုင်မှုဘဝ အဆင့်အတန်း အမြင့်ဆုံးနိုင်ငံဖြစ်နေလို့ပါပဲ။ ဆိုရှယ်လစ်စနစ်က ပြည်သူလူထုအကျိုး ဆောင်ကြဉ်းပေးနိုင်မှုအပေါ် စိတ်ဝင်စားကြပါတယ်။ လက်တင်အမေရိကမှ အများတကာ့အများစု ကွန်မြူနစ်ပါတီတွေနဲ့ လက်ဝဲအင်အားစုတွေဟာ လက်နက်ကိုင်တိုက်ပွဲကို ရပ် ပြီးနောက် ဥပဒေတွင်း တိုက်ပွဲလမ်းစဉ်နဲ့ လွှတ်တော်တိုက်ပွဲလမ်းစဉ်အရ ချီတက်နေကြ ပါတယ်။ ပါတီအများစုဟာ ဥပဒေတွင်း အကြမ်းမဖက်တဲ့ တိုက်ပွဲလမ်းကြောင်းကို စူးစမ်းလေ့လာနေတာနဲ့ တချိန်တည်းမှာ လူတန်းစားတိုက်ပွဲနဲ့ အာဏာအရယူရေးကိုလည်း အလေး ထားဆောင်ရွက်လျက် ရှိကြတယ်။ တချို့ပါတီတွေဟာ အကြမ်းမဖက်တဲ့ နည်းရော၊ အကြမ်းဖက်တဲ့နည်းပါ နည်းနာ ၂ ရပ်လုံးကို တင်ပြလျက် ရှိတယ်။

အင်အားကြီးတဲ့ပါတီတွေကတော့ ဘရာဇီးလ်ကွန်မြူနစ်ပါတီနဲ့ ချီလီကွန်မြူနစ်ပါတီတို့ ဖြစ်ပါတယ်။

တောင်အာဖရိက ကွန်မြူနစ်ပါတီဟာလည်း ဖွံ့ဖြိုးဆဲ နိုင်ငံများရှိ ကွန်မြူနစ်ပါတီများအနက် အရေးပါတဲ့ ကွန်မြူနစ်ပါတီတရပ်ဖြစ်ပါတယ်။ အစိုးရအဖွဲ့အတွင်း ဝန်ကြီးနေရာကို အချိန်ရှည်ကြာစွာ ဆုပ်ကိုင်ထားနိုင်တဲ့

ပါတီတရပ် ဖြစ်ပါတယ်။

အထက်ပါအချက်များက နိုင်ငံတကာ့ ကွန်မြူနစ်ပါတီတွေရဲ့ လက်တွေ့ နဲ့ စူးစမ်းလေ့လာမှုအသစ်တွေက ၂၁ ရာစု ဆိုရှယ် လစ်စနစ်သို့ ချီတက်ရာလမ်းကြောင်းဟာ မိမိနိုင်ငံရဲ့ လက်တွေ့က အစချီတာမို့ အမျိုးမျိုးအဖုံဖုံ ကွဲပြားသွားနိုင်တယ်ဆိုတာ မြင်တွေ့နိုင်ပါတယ်။ ဒါပေမဲ့ ၂၀ ရာစု တော်လှန်ရေးအတွေ့အကြုံနဲ့ သင်ခန်းစာတွေဟာ ၂၁ ရာစု ဆိုရှယ်လစ်စနစ် ချီတက်ရာလမ်းကြောင်းကို စူး စမ်းရှာဖွေရေးအတွက် အခြေခံအုတ်မြစ်နဲ့ အစချီချက် ဖြစ်မြဲ ဖြစ်လျက် ရှိတယ်။

## ၄။ နိဂုံး

မျက်မှောက်ကမ္ဘာမှာ အရင်းရှင်စနစ် လွှမ်းမိုးထားဆဲ ဖြစ်ပါတယ်။ သတင်းမီဒီယာခေတ် ရောက်ပြီဆိုပေမယ့် ကမ္ဘာ့ကွန်မြူနစ် လှုပ်ရှားမှုသတင်းများကိုတော့ ထိန်ချန်ဖုံးကွယ်ထားဆဲ ဖြစ်ပါတယ်။ ဒါကြောင့် ကမ္ဘာ့ပြည်သူတွေ သိရှိနိုင်မှု အလွန်ကို နည်းသေးတယ် လို့ ဆိုနိုင်ပါတယ်။

ဒါပေမဲ့ အထက်ဖော်ပြပါ လက်တွေ့ဖြစ်ရပ်နဲ့ သတင်းများ ရကိုပဲ ၂၀ ရာစုနှောင်းပိုင်း ဆိုဗီယက်ပြည်ထောင်စု ပြိုကွဲသွားခြင်း နဲ့ အရှေ့ဥရောပဆိုရှယ်လစ်နိုင်ငံတွေ အသွေးအရောင်ပြောင်းသွားမှုဟာ ကမ္ဘာပေါ်က ဆိုရှယ်လစ်ဝါဒ၊ ကွန်မြူနစ်ဝါဒ ပျောက်ကွယ်သွား တာ မဟုတ်ဘူး။ မာ့က်စ်ဝါဒ ခေတ်ကုန်သွားတာ မဟုတ်ဘူး ဆိုတာကို လုံလောက်စွာ သက်သေခံနေပါပြီ။ အနာဂတ်ကို ကွန်မြူနစ်ဝါဒ နဲ့ ဆိုရှယ်လစ်ဝါဒက ပိုင်ဆိုင်မြဲ ပိုင်ဆိုင်လျက်ရှိတယ်။ ။

**ရည်ညွှန်း။** ။ တရုတ်ဘာသာနဲ့ ထုတ်ဝေတဲ့ “မျက်မှောက်ကမ္ဘာနဲ့ ဆိုရှယ်လစ်ဝါဒ”ဂျာနယ်များ။
တရုတ်ဘာသာနဲ့ ထုတ်ဝေတဲ့ “ချန်ခေါင်”ကိုးကားသတင်းများ။

# အထုပ်အပိုးတွေနဲ့ တောင်အာရှ

မောင်သန်းမြွေ

၂၀၀၄ မေ ၁၄ အိန္ဒိယ ရွေးကောက်ပွဲမှာ ကွန်ဂရက်ပါတီ အနိုင်ရခဲ့တယ်။ ၆ နှစ်ကြာ အာဏာရခဲ့တဲ့ BJP ရှုံးခဲ့တယ်။ Lok Sabha အောက်လွှတ်တော် ၅၄၃ နေရာအနက် လိုအပ်တဲ့ အရေအတွက် ၂၇၂ နေရာကို ဘယ်ပါတီမှ ပြတ်ပြတ်သားသား အနိုင်မရ တဲ့အတွက် အိန္ဒိယပါလီမန် နိုင်ငံရေးအစဉ်အလာအတိုင်း ကွန်ဂရက်ပါတီဟာ မဟာမိတ်ပါတီများနဲ့ တွဲပြီး အစိုးရဖွဲ့ရတယ်။ ကွန်ဂရက် က ၂၁၇ နေရာ၊ BJP က ၁၈၆ နေရာ၊ လက်ဝဲပါတီများက ၆၂ နေရာ ရခဲ့တယ်။ ကွန်ဂရက်ပါတီဟာ လက်ဝဲပါတီများရဲ့ ထောက်ခံမှုနဲ့ အစိုးရဖွဲ့တယ်။ လက်ဝဲပါတီများဟာ အစိုးရအဖွဲ့တွင် ရာထူးမယူသော်လည်း တည်ငြိမ်ပြီး အလုပ်ဖြစ်မယ့် အစိုးရဖြစ်အောင် ပြင်ပမှ ထောက်ခံအားပေးသွားမယ်လို့ ဆိုတယ်။ ၁၄ ကြိမ်မြောက် ပါလီမန်ဥက္ကဋ္ဌအဖြစ် ကွန်မြူနစ်အမတ် (Somnath Chatterjee)ကို အားလုံးက သဘောတူ တင်မြှောက်ကြတယ်။ ဒါဟာ ၁၉၄၇ ကစလို့ အိန္ဒိယပါလီမန်မှာ ပထမဆုံး ကွန်မြူနစ်ဥက္ကဋ္ဌ ဖြစ်တယ်လို့ ဆိုတယ်။

တကယ်တော့ ကွန်ဂရက်ပါတီနဲ့ နေရူး၊ ဂန္ဒီမျိုးဆက်ဟာ အိန္ဒိယလွတ်လပ်ရေးသမိုင်းနဲ့အတူ နှစ်ပေါင်းများစွာ အုပ်ချုပ်ခဲ့တာ ဖြစ်တယ်။ ပါတီခေါင်းဆောင် ဆိုနီယာဂန္ဒီက သူရဲ့အီတလီနိုင်ငံသူ ပုံရိပ်ကြောင့် ဝန်ကြီးချုပ်ရာထူးကို လက်မခံဘဲ အသက် ၇၁ နှစ်အ ရွယ် စီးပွားရေးပညာရှင် မန်မိုဟန်ဆင်း(Manmohan Singh)ကို ဝန်ကြီးချုပ်သစ်အဖြစ် တင်မြှောက်ခဲ့တယ်။

အစိုးရအဖွဲ့သစ် ဖွဲ့စီးပြီးပြီးချင်း ချက်ချင်းဆိုသလိုပဲ ဝန်ကြီးချုပ်သစ် မန်မိုဟန်ဆင်းက ပါကစ္စတန်နဲ့ လုပ်လက်စ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်ကို တိုးတက်မှုရအောင် ဆက်လက်လုပ်ဆောင်သွားမယ်လို့ ကတိပြုပြောကြားတယ်။ နိုင်ငံခြားရေးဝန်ကြီးသစ် နက်ဝါဆင်း (K Natwar Singh)ကလည်း “ကျွန်တော်တို့ဟာ အတိတ်ကို မေ့ပြစ်လို့မရ။ ဒါပေမဲ့ ဘယ်သူမှ အတိတ်ရဲ့ အကျဉ်းသား မ ဖြစ်လိုကြ”လို့ ပြောတယ်။ ပါကစ္စတန်ကလည်း အိန္ဒိယအစိုးရသစ်ရဲ့ ရင်းနှီးတဲ့လေသံကို ကောင်းမွန်စွာ တုံ့ပြန်တယ်။ နှစ်နိုင်ငံ ဝန်ကြီး ချုပ်ချင်း ဖုန်းနဲ့နှုတ်ဆက်ကြပြီး ပါကစ္စတန်နိုင်ငံခြားရေးဝန်ကြီး ခါဆစ် မာမွတ် ခဆူရီ(Khursheed Mehmood Kasuri)က “အပေါင်းလက္ခဏာဆောင်တယ်။ အပြုသဘောဆောင်တယ်”လို့ တုံ့ပြန်တယ်။

လူဦးရေ သန်း ၁၀၀၀ အိန္ဒိယနဲ့ လူဦးရေ သန်း ၁၃၀ ပါကစ္စတန် နိုင်ငံကြီးနှစ်ခုရဲ့ ဆက်ဆံရေးကောင်းမွန်မှုဟာ တောင်အာရှ တည်ငြိမ်ရေးသာမက အာရှတည်ငြိမ်ရေးအတွက် အလွန်အရေးကြီးပါတယ်။ ၁၉၄၈ လွတ်လပ်ရေး ပြိုင်တူရလာကတည်းက ဘာသာ ရေး၊ လူမျိုးရေး၊ နယ်မြေအရေး သမိုင်းနဲ့ချီဖြစ်ပွားခဲ့တဲ့ နှစ်ဖက်ရန်လိုမှုဟာ ရာစုဝက်ကျော်တဲ့ အထိဖြစ်ပွားခဲ့တယ်။ ဂျမ္မူးနဲ့ ကက်ရှမီးယား(Jammu & Kashmir)ဟာ ယနေ့အထိ အချက်အချာ မီးပွားပြဿနာ ဖြစ်နေဆဲ ဖြစ်တယ်။ နှစ်နိုင်ငံ စစ်ပွဲ ၃ ကြိမ် ဖြစ်ပွား ခဲ့ပြီး၊ ၂၀၀၂ ကတဖန် စစ်ပွဲဖြစ်လုနီးအဖြစ် တင်းမာခဲ့တယ်။ နှစ်နိုင်ငံစလုံးဟာ နျူကလီးယားလက်နက်နဲ့ တာဝေးပစ်ဒုံးများ ပိုင်ဆိုင်ရေး စမ်းသပ်မှုများ လုပ်နေတဲ့အတွက် နျူကလီးယား အားပြိုင်မှု အန္တရာယ်လည်း ရှိနေတယ်။

၂၁ ရာစု အခြေအနေ အပြောင်းအလဲ ကာလမှာ အိန္ဒိယ – ပါကစ္စတန် – တရုတ်ဆက်ဆံရေး၊ မဟာအင်အားကြီး အမေရိကန်ရဲ့ အာရှပေါ်လစီ၊ တောင်အာရှစီမံကိန်းတို့နဲ့ ပတ်သက်ပြီး ဗမာအမျိုးသားပြည်သူတွေဟာ ဂရုတစိုက် စောင့်ကြည့်သုံးသပ်ကာ ပြည်ချစ်စိတ်နဲ့ တုံ့ပြန်နိုင်ဖို့လိုတယ်။ ဒါကြောင့် ဆောင်းပါးလေးမှာ စိုးသော်လည်း လိုအပ်သလောက် အကျယ်တင်ပြပါ့မယ်။

(၂)

ဆိုဗီယက်ယူနီယံ ပြိုကွဲပြီးနောက် ဒုတိယကမ္ဘာစစ်ပြီး ဖြစ်တည်လာတဲ့ စည်းစနစ်ဟောင်း ပျက်စီးသွားတယ်။ စည်းစနစ်သစ် တရပ်လည်း မပေါ်ပေါက်သေး။ တခုတည်းသော မဟာအင်အားကြီး အမေရိကန်က အမေရိကန်ဗဟိုပြု ဝင်ရိုးတခုတည်းကမ္ဘာကို ပုံဖော် လာတယ်။ အမေရိကန် စံ၊ တန်ဖိုးများနဲ့အတူ တကမ္ဘာလုံးဆိုင်ရာ အမေရိကန် မဟာဗျူဟာ ရည်မှန်းချက်အသစ်ကို ချမှတ်လာတယ်။ ၂၁ ရာစုဟာ အမေရိကန် ရာစုဆိုပါလား။ ကမ္ဘာ့ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝင်ရိုးအများရှိတဲ့ ကမ္ဘာ့စနစ်သစ်ဖြစ်ဖို့ နိုင်ငံအများအပြားက လိုလားကြတယ်။ ယနေ့ကာလဟာ လွန်ဆွဲနေတဲ့ ကာလပဲ။

စစ်အေးလွန်ကာလမှာ အမေရိကန်ဟာ စစ်ပွဲ ၄ ပွဲတိုက်ခဲ့ပီးပြီ။ ပင်လယ်ကွေ့စစ်ပွဲ(၁၉၉၁)နဲ့ အရှေ့အလယ်ပိုင်းကို ထိန်းချုပ်ခဲ့တယ်။ ကိုဆိုဗိုစစ်ပွဲ(၁၉၉၉)နဲ့ အရှေ့ဥရောပကို ထိန်းချုပ်ဖို့လုပ်တယ်။ ၉/၁၁ အရေးအခင်း ပေါ်ပေါက်လာတော့ အလယ်အာရှကို ဝင်ရောက်ဖို့ အခွင့်အလမ်း ပေါ်ပေါက်လာပြီး အာဖဂန်စစ်ပွဲ(၂၀၀၁ အောက်တိုဘာ – နိုဝင်ဘာ) တိုက်ခဲ့တယ်။ အီရတ်စစ်ပွဲ(၂၀၀၃ မတ်) ကို တိုက်ပြီး အာရပ်ကမ္ဘာ ရေနံသိုက်ကို ထိန်းချုပ်ဖို့ ယခုလုပ်ဆောင်နေတယ်။

ဒီစစ်ပွဲများမှာ အမေရိကန်ရဲ့ ငါတကော ကောမှုကို အထင်အရှား တွေ့လာရတဲ့အတွက် ဝင်ရိုးအများရှိတဲ့ ကမ္ဘာ့စည်းစနစ်သစ်ဘက်သို့ တိမ်းညွှတ်တဲ့ ပူးပေါင်းဆောင်ရွက်မှုတွေ မြင်တွေ့လာရတယ်။ အမေရိကန်ဟာ ကိုဆိုဗိုစစ်ပွဲမှာ ကုလသမဂ္ဂကို ဘေးချိတ်ပြီး NATO ထောက်ခံမှုနဲ့ တိုက်ခဲ့တယ်။ အီရတ်စစ်ပွဲမှာ ကုလသမဂ္ဂကော သူရဲ့အစဉ်အလာ မဟာမိတ် NATO ကိုပါ ဘေးချိတ်ပြီး ကိုယ်ထင်ရာကိုယ်စိုင်း လုပ်လာတယ်။ အမေရိကန် ဘာဆက်လုပ်မလဲ။ နောက်ထပ်စစ်မီးဟာ အာရှဘက်ကို လှည့်မလား။ ငြိမ်းချမ်းရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးကို ရှာကြံနေကြတဲ့ ကမ္ဘာ့နိုင်ငံအသီးသီးအတွက် ပူပန်မှုများ ဖြစ်စေပါတယ်။

ကိုဆိုဗိုစစ်(၁၉၉၉) နောက်ပိုင်း ကလင်တန်သမ္မတသက်တမ်း ကုန်ဆုံးခါနီးကစပြီး အမေရိကန် စစ်အင်အားဟာ အာရှဘက်သို့ စတင်ရွှေ့ပြောင်းစ ပြုနေပြီဖြစ်တယ်။ စစ်အေးလွန်ခေတ်မှာ အမေရိကန်နဲ့ ပြိုင်ဘက်ဟာ တရုတ်လို့မြင်လာနေတယ်။ ဥရောပနဲ့ ဂျပန်ကို ချုပ်ကိုင်၊ ရုရှားကို ထိန်းချုပ်၊ တရုတ်ကို ရင်ဆိုင်ဆိုတဲ့ အရိပ်အယောင်တွေ ပြလာတယ်။ ဘုရှ်လက်ထက်မှာ ထိုင်ဝမ်ကို စစ် လက်နက်တွေ တိုးပြီးရောင်းချလာတယ်။ ထိုင်ဝမ်နဲ့ဆက်ဆံမှု တွေတိုးလာတယ်။ "တရုတ်အန္တရာယ်"ဆိုတဲ့ သဘောတရားကိုလည်း ထူ ထောင်လာတယ်။ ဂျပန်နဲ့ထိုင်ဝမ်မှာ ဒုံးကာကွယ်ရေးစနစ်(Theatre Missile Defense)တပ်ဆင်ဖို့လည်း အားပေးလာတယ်။ လူအများသေစေ နိုင်တဲ့ စွမ်းအားပြင်းလက်နက် (WMD)များကို အကြောင်းပြုပြီး မိစ္ဆာဝင်ရိုးတန်းလေးနိုင်ငံ(မြောက်ကိုရီးယား၊ အီ ရတ်၊ အီရန်၊ လစ်ဗျား)တို့ကို ထုတ်ဖော်ကြေညာလာတယ်။ "လက်ဦးမှုယူ တိုက်ခိုက်မှု"ကိုလည်း ပြောလာတယ်။ ဒီအထဲမှာ အာရှကချည်း သုံးနိုင်ငံ ပါဝင်ကြောင်း သတိပြုပါ။ ဘင်္ဂလားပင်လယ်အော်မှ ဂျပန်ပင်လယ်အထိ အာရှ ပင်လယ်ကမ်းရိုးတန်းတလျှောက် (အိန္ဒိယ ယသမုဒ္ဒရာနဲ့ ပစိဖိတ်သမုဒ္ဒရာ)ကို အထူးစိန်ခေါ်နေတဲ့ ဒေသအဖြစ် သတ်မှတ်တယ်။ စစ်အင်အား အကြီးအကျယ် ဖြည့်တင်းတယ်။ ဒီ ဒေသတဝိုက်ကို ထိန်းချုပ်ဖို့ "NATO အသေးစား" စစ်အုပ်စုတခု ထူထောင်ဖို့ကြံရွယ်တယ်။

(၃)

၉/၁၁ အကြမ်းဖက်တိုက်ခိုက်ခံရပြီးနောက် အမေရိကန်ရဲ့သဘောထားနဲ့ နိုင်ငံတကာ့အခြေအနေဟာ တမျိုးတဖုံပြောင်း လဲသွားတယ်။ ဒီအဖြစ်အပျက်ရဲ့ နောက်ဆက်တွဲ သက်ရောက်မှုဟာ ကာလရှည်ကြာဦးမှာ ဖြစ်သော်လည်း သိသိသာသာ ပြောင်းလဲမှု တွေကိုလည်း မြင်တွေ့ကြရတယ်။

ပထမအချက်အနေနဲ့ ၂၀၀၁ နိုဝင်ဘာ ၂၆ အမေရိကန်အစိုးရ တရားဝင်ကြေညာချက်အရ ၁၀ နှစ်တာ စီးပွားရေးကောင်းခဲ့ရာမှ ယခုစီးပွားရေး စတင် ထိုင်းမှိုင်းလာတယ်လို့ဆိုတယ်။

ဒုတိယအချက်အနေနဲ့ အမေရိကန်မဟာဗျူဟာ လုံခြုံရေးအစီအစဉ် ပြောင်းလဲမှုဖြစ်တယ်။ ၂၀၀၁ အောက်တိုဘာ ၁ ထုတ် ပြန်တဲ့ လေးနှစ်ကာကွယ်ရေး သုံးသပ်ချက်(Quadrennial Defense Review)

အစီရင်ခံစာအရ အမေရိကန်ဟာ ဘက်စုံလုံ ခြုံရေး ခြိမ်းခြောက်မှုနဲ့ ကြုံတွေ့ နေရတယ်။ ကမ္ဘာ့ထောင့်အသီးသီးကနေ အမျိုးမျိုးသော ခြိမ်းခြောက်မှုအသစ်များနဲ့ ရင်ဆိုင်နေရတယ်။ အန္တရာယ်ဟာ မမျှော်မှန်းနိုင်တဲ့ နေရာမှ ရုတ်ချည်းပေါ်ပေါက်လာနိုင်တယ်။ ဘယ်သူ ဘယ်အချိန် ဘယ်နေရာကနေ တိုက်ခိုက် လာနိုင်တယ်လို့ လုံးဝမသိနိုင်တဲ့ အန္တရာယ်ဖြစ်တယ်လို့ဆိုပါတယ်။ အရင်အစီရင်ခံစာများမှာလို 'တရုတ်အန္တရာယ်'လို့ မဖော်ပြတော့ပါ။ ထင်ရှားတာက အမေရိကန်ဟာ ကိုယ်ပျောက်ရန်သူ(အကြမ်းဖက်သမား)နဲ့ ရင်ဆိုင်နေရပြီး မဟာဗျူဟာအရ မတင်မကျဖြစ်နေတာ ပါ။

၉/၁၁ အရေးအခင်းဟာ အမေရိကန်ရဲ့ ဥပဓိရုပ်ကို ထိခိုက်စေတဲ့ ကြေကွဲဖွယ်ရာ အဖြစ်အပျက်ဖြစ်တယ်။ အမေရိကန်အစိုးရဟာ ဒုတိယကမ္ဘာစစ် ပုလဲဆိပ်ကမ်း(Pearl Harbour)အဖြစ်အပျက်(၁၉၄၁)နဲ့ နှိုင်းယှဉ် ပြောလေ့ရှိတယ်။ ဥရောပနဲ့ ဂျပန်တို့တင် မက ရုရှား၊ တရုတ်၊ အိန္ဒိယစတဲ့ နိုင်ငံအသီးသီးရဲ့ စာနာကရုဏာ သက်မှုကို ရရှိတယ်။ "အကြမ်းဖက်ဝါဒ"လုပ်ရပ်အပေါ် ရှုတ်ချပြစ်တင်ပြီး တကမ္ဘာလုံးက အမေရိကန်အစိုးရရဲ့ အကြမ်းဖက် ဝါဒတိုက်ဖျက်ရေးနဲ့ လုံခြုံရေးအတွက် လက်တွဲလုပ်ဆောင်လာကြတယ်။ တဖက်ကလည်း အမေရိကန်ရဲ့ ငါတကောကောပြီး အမေရိကန်ဝင်ရိုးပြု ကမ္ဘာ့စနစ်ဖော်လာမှုနဲ့ စစ်ရေးတိုးချဲ့လိုမှုတို့ကိုလည်း စိုးရိမ်ပူပန်နေကြ တယ်။

၉/၁၁ အထူးသဖြင့် အီရတ်စစ်ပွဲပြီးနောက် ပြောင်းလဲလာတဲ့ နိုင်ငံတကာ့ အဖြစ်အပျက်တွေဟာ မြန်ဆန်လွန်းတဲ့အတွက် သုံးသပ်ဖို့ အလွန်ကျယ်ပြန့်တာဖြစ်ပြီး အမြင်အမျိုးမျိုးလည်း ကွဲနိုင်ပါတယ်။ ဒီနေရာမှာ အများသဘောတူနိုင်တဲ့ သိသာထင်ရှားတဲ့ (တောင်အာရှနဲ့သက်ဆိုင်တဲ့) ပြောင်းလဲမှုတွေကိုပဲ ခြုံငုံတင်ပြပါမယ်။

အမေရိကန် – ရုရှားဆက်ဆံရေး ပိုကောင်းလာတယ်။ အလယ်အာရှမှာ အမေရိကန်ဩဇာ ကြီးထွားလာပြီး အမေရိကန် စစ်တပ်များ ဝင်ရောက်နိုင်ခဲ့တယ်။ NATOရဲ့ အရှေ့ဘက်တိုးချဲ့ပြီး ယူရေးရှား(Euro - asia)အထိ တိုးချဲ့လာတာကို ရုရှားက စိုး ရိမ်ပူပန်မှုကြားက ခွင့်ပြုခဲ့တယ်။ ရုရှားကိုလည်း NATO အဖွဲ့ဝင်မဟုတ်တဲ့ အမေရိကန်ရဲ့ အဓိက မဟာမိတ်အဖြစ် သတ်မှတ်ခဲ့ တယ်။

တရုတ် – အမေရိကန်ဆက်ဆံရေး ပြန်လည်ထိန်းညှိပြီး ပိုကောင်းလာတယ်။ တရုတ်က အကြမ်းဖက် ဆန့်ကျင်ရေးကို အမေ ရိကန်နဲ့ လက်တွဲလုပ်ဆောင်ခဲ့တယ်။ မြောက်ကိုရီးယား နျူကလီယားကိစ္စ ၆ နိုင်ငံဆွေးနွေးပွဲကို တရုတ်က တက်တက်ကြွကြွ ကမက ထ လုပ်ဆောင်ပေးတယ်။

အမေရိကန်ရဲ့ အိန္ဒိယနဲ့ပါကစ္စတန်အပေါ် ဆက်ဆံရေးကို ပြောင်းလဲလိုက်တယ်။ အသစ်တဖန် ပြန်လည် ထိန်းညှိလာတယ်။ ဆိုဗီယက်ယူနီယံ ပြိုကွဲပြီးနောက် အမေရိကန်ဟာ အိန္ဒိယကို အလေးထားပြီး မဟာဗျူဟာ မိတ်ဖက်(strategic partnership)အ ဖြစ် ဆက်ဆံပြီး ပါကစ္စတန်ကို မသိကျိုးကျွံပြုဆက်ဆံခဲ့ရာမှ ယခု ပါကစ္စတန်ကို အထူးအလေးထား ဆက်ဆံလာတယ်။

(၄)

ပါကစ္စတန် နျူကလီယားဗုံး စမ်းသပ်ဖောက်ခွဲစဉ် (၁၉၉၈)ကပင် တောင်အာရှတည်ငြိမ်ရေးကို ထိခိုက်စေတယ်။ နျူကလီယား လက်နက်ပြန့်ပွားစေတယ်ဆိုပြီး အမေရိကန်က လက်နက်ရောင်းချမှု ပိတ်ပင်တာ၊ စီးပွားရေး ဒဏ်ခတ်တာတွေ လုပ်ထားတယ်။ နဝပ်ရှ ရစ်(Nawaz Sharif)အရပ်သား အစိုးရထံမှ အာဏာသိမ်းတက်လာတဲ့ ဗိုလ်ချုပ်ကြီးမူရှာရပ်(General Pervaz musharraf)ကို ဒီမိုကရေစီနဲ့ လူ့အခွင့်အရေးကို ချိုးဖောက်သူ အာဏာသိမ်းစစ်အစိုးရအဖြစ် ရှုတ်ချ အပြစ်တင်ခဲ့(၁၉၉၉)တယ်။ ပါကစ္စတန် ဟာ နိုင်ငံတကာမှာ အထီးကျန်ဖြစ်ခဲ့ပြီး၊ အကြမ်းဖက်ဆူပူမှုများ ထူပြောကာ စီးပွားရေးကျဆင်း ကြွေးနွံတွင်း နစ်နေခဲ့တယ်။

ရုရှားနဲ့ဆက်ဆံရေးကို ထိန်းထားရင်း အိန္ဒိယနဲ့ အမေရိကန် ဆက်ဆံရေးတိုးမြှင့်ခဲ့တယ်။ ရုရှားစစ် လက်နက်များ နေရာမှာ အိန္ဒိယသို့ အမေရိကန် စစ်လက်နက်များ ရောင်းချပေးခဲ့တယ်။ အိန္ဒိယက "တရုတ် ခြိမ်း ခြောက်မှု"ကို အကြောင်းပြပြီး နျူကလီယား စမ်းသပ်မှုနဲ့ ကာကွယ်ရေးစွမ်းအား တိုးမြှင့်မှုတွေ လုပ်တယ်။ အိန္ဒိယ သမုဒ္ဒရာရှိ ဖြိတိသျှပိုင် ဒိုင်ယာဂိုဂါးစီးယားကျွန်းမှာ အမေရိကန်စစ်စခန်း တိုးချဲ့လာတယ်။ နှစ်နိုင်ငံရေတပ် ပူးတွဲလေ့ကျင့်မှုတွေ လုပ်တယ်။ မိဇိုရမ်ပြည်နယ် အိန္ဒိယတောတွင်း လေ့ကျင့်ရေးကျောင်းမှာ အမေရိကန် အထူးစစ်ဆင်

ရေးတပ်ဖွဲ့ဝင် ၁၀၀ လောက်နဲ့ အိန္ဒိယတပ်ဖွဲ့ဝင်များ ပူးတွဲလေ့ကျင့်မှုတွေ လုပ်တယ်။ အမေရိကန် ပစိဖိတ် စစ်ဦးစီးဌာန(US Pacific Command)နဲ့ အိန္ဒိယ စစ်ဘက်ဆိုင်ရာ ဆက်ဆံရေး တိုးမြှင့်တယ်။ အိန္ဒိယဟာ ဖိလစ်ပိုင်၊ ထိုင်းတို့ လို အမေရိကန်နဲ့ အစဉ်အလာ မဟာမိတ်ဖြစ်လိုတယ်။ ပစိဖိတ်စစ်တပ်များ အစည်းအဝေး (Pacific Armies Management Seminar)ကို အိန္ဒိယက အိမ်ရှင်အဖြစ် လက်ခံ ကျင်းပလိုတယ်(ပြည်တွင်း အတိုက်အခံများ ကန့်ကွက်မှုကြောင့် မဖြစ်)။

ဒါတွေက ၉/၁၁ မတိုင်မီက အနေအထားတွေပါ။ ၉/၁၁ နောက်ပိုင်းမှာတော့ အခြေအနေတွေ ပြောင်းကုန်ပါတယ်။ ဘုရှ် အစိုးရရဲ့ အကြမ်းဖက်မှုဆန့်ကျင်ရေး မဟာဗျူဟာအရ အာဖဂန်နဲ့ ပါကစ္စတန်တို့ဟာ 'မဟာအာရှအလယ်ပိုင်း'ကို ရေးရျူတဲ့ ရည်မှန်း ချက်အတွက် အရေးပါတဲ့နိုင်ငံတွေ ဖြစ်လာပါတော့တယ်။

ပါကစ္စတန်ဟာ ပထဝီအရ အီရန်၊ အာဖဂန်၊ အိန္ဒိယနဲ့ နယ်နိမိတ်ချင်း ဆက်နေတယ်။ ပါရှင်းပင်လယ်ကွေ့ရဲ့ ကမ်းရိုးတန်း နိုင်ငံလည်းဖြစ်တယ်။ အိန္ဒိယ – ပါကစ္စတန် အငြင်းပွားနေတဲ့ ကက်ရှ်မီးယားဒေသဟာ တရုတ်နဲ့နယ်နိမိတ်ချင်း ဆက်နေတယ်။ ဒါကြောင့် ပါကစ္စတန်ဟာ အရှေ့အလယ်ပိုင်း(အနောက်အာရှ) အာရပ်မူဆလင်နိုင်ငံများနဲ့ရော၊ အာရှအလယ်ပိုင်း မူဆလင်နိုင်ငံများနဲ့ရော အိန္ဒိယ၊ တရုတ်နိုင်ငံကြီးများနဲ့ပါ ဆက်စပ်နေတဲ့ မဟာဗျူဟာအရ အရေးပါတဲ့ ပထဝီနိုင်ငံရေးဒေသ ဖြစ်လာတယ်။

အာဖဂန်စစ်ပွဲ(၂၀၀၁ အောက်တိုဘာ)တိုက်ရာမှာ မူဆလင်နိုင်ငံတခုဖြစ်တဲ့ ပါကစ္စတန်ရဲ့ ပူးပေါင်းပါဝင်မှုဟာ အမေရိကန်အတွက် အရေးကြီးလာတယ်။ အာဖဂန်နယ်စပ်တလျှောက်နဲ့ ပါကစ္စတန်မှာ ခိုအောင်းနေတဲ့ ဘာသာရေး အစွန်းရောက် အကြမ်းဖက်သမားတွေကို(ကက်ရှမီးယားမှာလည်း ရှိပါတယ်) မထိန်းချုပ်နိုင်ရင် "ပါကစ္စတန်ဟာ ကမ္ဘာ့အကြမ်းဖက်သမားများရဲ့ အခြေခံစခန်းသစ် ဖြစ်သွားလိမ့်မယ်"လို့ အမေရိကန်အလယ်ပိုင်း စစ်ဦးစီးဌာန ဦးစီးချုပ် ဗိုလ်ချုပ်ကြီး ဂျွန် အဘီဇက်(General John Abizaid, C in C of US Central Command)က သတိပေးလိုက်တယ်။ တကယ်တော့ ယခင် ဆိုဗီယက်က အာဖဂန်ကို ကျူးကျော်စဉ်က အမေရိကန်နဲ့ ပါကစ္စတန်တို့ စည်းရုံးဖွဲ့စည်းပေးထားခဲ့တဲ့ အဖွဲ့အစည်းတွေဖြစ်တယ်။

ပါကစ္စတန်ကို အလယ်အလတ်ကျတဲ့၊ တည်ငြိမ်တဲ့၊ အမေရိကန်ကို လိုလားတဲ့ မူဆလင်နိုင်ငံအဖြစ် အလျင်အမြန် ပုံသွင်းပါတယ်။ တောင်အာရှတိုက်ငယ်ရှိ ဒုတိယအကြီးဆုံးဖြစ်တဲ့ ပါကစ္စတန်စစ်တပ်ကို အမေရိကန် အလယ်ပိုင်းစစ်ဦးစီးဌာနနဲ့ ချိတ်ဆက်လိုက်တယ်။ နှစ်နိုင်ငံ ကာကွယ်ရေး ပူးပေါင်းဆောင်ရွက်မှု သဘောတူချက်(၂၀၀၂ ဖေဖော်ဝါရီ)လက်မှတ်ထိုးတယ်။ စစ်တပ်ရဲ့ အဆင့်နေရာ သဘောတူချက် (Status of Force Agreement) လက်မှတ်ထိုးတယ်။ အမေရိကန် စစ်ဘက်နဲ့ နယ်ဘက်ပုဂ္ဂိုလ်များကို သံတမန်အဆင့်အတန်းပေးတဲ့ သဘောတူညီချက်ဖြစ်တယ်။ နယ်ပယ်အသီးသီး ပူးပေါင်းဆောင်ရွက်ရေး ပူးတွဲကော်မတီများ ဖွဲ့စည်းတယ်။ ဒါတင်မက ပါကစ္စတန် နျူကလီးယားဌာနနဲ့ ထောက်လှမ်းရေးဌာနတို့ကို အမေရိကန်နဲ့ ဌာနချင်း တိုက်ရိုက်ဆက်ဆံရေး ထူထောင်တယ်။ ပါကစ္စတန်မှာ အမေရိကန်စစ်တပ် ရေရှည်ထားရှိရေးကို ရည်ရွယ်ပြီး ကောလင်းပါဝဲလ်က ပါကစ္စတန်ကို အမေရိကန်ရဲ့ NATO အဖွဲ့ဝင်မဟုတ်တဲ့ အဓိက မဟာမိတ်အဖြစ် (ဖိလစ်ပိုင်၊ ထိုင်းကဲ့သို့)သတ်မှတ်ကြောင်း ထုတ်ဖော်ပြောကြားတယ်(၂၀၀၄ ဧပြီ)။

ဗိုလ်ချုပ်ကြီးမူရှာရဖ်ရဲ့ ဆန္ဒခံယူပွဲနဲ့ ရွေးကောက်ခံသမ္မတဖြစ်လာတဲ့ စစ်တပ်တပိုင်း၊ ဒီမိုကရေစီ ပြုပြင်ပြောင်းလဲရေးကို အ မေရိကန်က ထောက်ခံအသိအမှတ်ပြုတယ်။ ဒဏ်ခတ်ပိတ်ဆို့မှုများကို ဖယ်ရှားပေးတယ်။ နျူကလီးယားသိပ္ပံပညာရှင်Abdul Qad eer Khan ရဲ့ အီရန်၊ လစ်ဗျားတို့ထံ နျူကလီးယား နည်းပညာ လွှဲပြောင်းပေးမှု ပေါ်ပေါက်လာတာအပေါ် (၂၀၀၄ မတ်) ပြေရာပြေ ကြောင်း လုပ်ခဲ့တယ်။

စစ်ရေးအကူ ၂၀၀၂ မှာ ဒေါ်လာ ၅၃ သန်း။ ၂၀၀၃ – ၂၀၀၄ မှာ ဒေါ်လာသန်း ၂၀၀။ ၂၀၀၄ –၂၀၀၅ မှာ ဒေါ်လာ သန်း ၆၀၀ ပေးတယ်။ ပါကစ္စတန်ရဲ့GDP ၂၀၀၁ – ၂၀၀၂ မှာ ၃ . ၆% ပဲရှိတယ်။ စီးပွားရေး အီထိုင်းပြီး ကြွေးနွံတွင်းနစ်နေတယ်။ အမေရိ ကန်ရဲ့ ထောက်ခံမှုနဲ့ ပါကစ္စတန်ဟာ ဥရောပနဲ့ မြောက်အမေရိက ဈေးကွက်သို့ အထူးအခွင့်အရေး တရပ်အဖြစ် ဝင်ခွင့်ရရှိတယ်။ ကြွေးဆပ်ရမည့်အချိန် ရွှေ့ဆိုင်းခွင့်၊ အချို့ကြွေးမြီ လျှော်ခွင့်ရတယ်။

ဒါကြောင့် ကြွေးဝန်ထုပ် ဒေါ်လာ တစ်ဘီလီယံ လျှော့သွားတယ်။ IMF မှချေးငွေ ဒေါ်လာ ၁ . ၃ ဘီလီယံ အစီအစဉ် ရရှိတယ်။

ကြီးတန်းလျှောက်နေရတဲ့ မူရှာရဖ်ဟာ ပါကစ္စတန်ကို အလယ်အလတ် မူဆလင်နိုင်ငံတခုရဲ့ ဒီမိုကရေစီပုံရိပ်နဲ့ လွတ်လပ်တဲ့ ပါကစ္စတန်ပုံရိပ်ကို ကြိုးစားပြီး ပုံဖော်နေရတယ်။ သူမွေးခဲ့တဲ့ အစွန်းရောက် မူဆလင်များက သူ့ကိုလုပ်ကြံတာခံရတာ အနည်းဆုံးနှစ် ကြိမ်ရှိပြီ။ အာရပ်မူဆလင်နိုင်ငံများနဲ့ ပြေလည်အောင် အစဉ်အလာ ဆက်ဆံရေးကောင်းခဲ့တဲ့ တရုတ်နဲ့နားလည်မှုရအောင် ကြိုးစား နေတယ်။ မူရှာရဖ် တရုတ်ပြည်အသွား(၂၀၀၁ ဒီဇင်ဘာမှာ) တရုတ်၊ ရုရှားနဲ့ အလယ်အာရှ ၄ နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုအဖွဲ့(Shanghai Cooperation Organization)ထဲ ပါဝင် လိုကြောင်း တင်ပြခဲ့တယ်။ အီရတ်စစ်ပွဲမှာ ပါကစ္စတန်စစ်တပ် စေလွှတ်ဖို့ အမေရိကန်ရဲ့ ဖိအားပေးတာခံနေရတယ်။ အစဉ်အလာပြိုင်ဘက် အိန္ဒိယနဲ့ ဘယ်လိုဆက်ဆံမလဲ။

(၅)

တောင်အာရှတိုက်ငယ်ဟာ လူဦးရေ ၁ . ၃ ဘီလီယံ (ကမ္ဘာ့လူဦးရေရဲ့ ၂၁ ％) ရှိပြီး အိန္ဒိယ၊ ပါကစ္စတန်၊ သီရိလင်္ကာ၊ မော်လဒိုက်(ကျွန်းနိုင်ငံ)၊ ဘင်္ဂလားဒေ့ရှ်၊ နီပေါ၊ ဘူတန် ၇ နိုင်ငံပါဝင်ပြီး ဒေသတွင်း ပူးပေါင်း ဆောင်ရွက်ရေးအဖွဲ့ (SAARC) ကို ၁၉၈၅မှာ ဖွဲ့စည်းခဲ့သော်လည်း လက်တွေ့မှာ သိပ်အလုပ်မဖြစ်ပါ။ (ဒေသတွင်း ကုန်သွယ်ရေး ၅％ပဲရှိ)။ ကမ္ဘာပေါ်မှာ ဖွံ့ဖြိုးမှုအနည်းဆုံးနဲ့ ဆင်းရဲသားအများဆုံး(တကမ္ဘာလုံးရဲ့ ၄၃％)ဒေသ ဖြစ်နေခဲ့တယ်။ ၄ နိုင်ငံဟာ(ဗမာပြည်လိုပဲ) ဖွံ့ဖြိုးမှုအနိမ့်ဆုံးစာရင်းဝင် နိုင်ငံများ ဖြစ်ပြီး ဒီထဲက ၂ နိုင်ငံ(ဘူတန်၊ နီပေါ)ဟာ အဆင်းရဲဆုံး ၁၀ နိုင်ငံ စာရင်းဝင်ဖြစ်နေတယ်။

တောင်အာရှရဲ့ အကြီးဆုံးနိုင်ငံကြီးလည်းဖြစ် ပထဝီအရ တိုက်ငယ်ရဲ့ အလယ်မှာတည်ရှိနေတဲ့ အိန္ဒိယဟာ မိမိအနေအထား အရ ပြန်လည်ထိန်းညှိလာတယ်။ အိန္ဒိယ စီးပွားရေးဟာ တောင်အာရှရဲ့ ၇၅％ ရှိပြီး၊ ၁၀ နှစ်ကြာ စီးပွားရေးပြုပြင်ပြောင်းလဲမှုနဲ့ တံခါး ဖွင့်လာခဲ့ပြီးနောက် ၂၀၀၃ မှာ GDP ၇％ လောက် တက်မယ်လို့ မှန်းထားနိုင်တယ်။ ၂၀ ရာစုကုန်ခါနီးအထိ ‘တရုတ်အန္တရာယ်’ဆိုတဲ့ပြောလုံးကို သံယောင်လိုက်လာခဲ့ရာမှ ၂၀၀၃ လောက်မှာ ‘အရှေ့မျှော်’ (Look East) ပေါ်လစီချလာတယ်။ အနောက်ဘက် အာရပ်ကမ္ဘာမှာ လည်း စစ်မီးပူနေ၊ ပါကစ္စတန်နဲ့ အာဖဂန်လည်း အမေရိကန်ဩဇာအောက်ရောက်နေ၊ ဒါကြောင့် အရှေ့ဘက် နိုးထလာနေတဲ့ အာရှနိုင် ငံတွေဘက် ဦးလှည့် လာခြင်းဖြစ်တယ်။ အိန္ဒိယ အရှေ့မျှော်တာဟာ ဗမာပြည်ကို မျှော်တာမဟုတ်ပါ။ ဗမာပြည်ကိုကျော်ပြီး ASEAN + 3 (တရုတ်၊ ဂျပန်၊ တောင်ကိုရီးယား) ကို မျှော်တာပါ။ ဗမာပြည်ကလည်း နယ်မြေခြင်းဆက်နေတော့ တန္ဓယ်ငင် တစင်ပါဆိုသလို ပါတ်သက်လာရပါတယ်။

အိန္ဒိယဝန်ကြီးချုပ် ဗာ့ဂျ်ပါရီ (Atal Bihari Vajpayee) တရုတ်ပြည်သွားတယ်။ ၁၀ နှစ်အတွင်း အိန္ဒိယ ဝန်ကြီးချုပ်တဦးရဲ့ ပထမဆုံး ခရီးပါ(၂၀၀၃ ဇွန်)။ ဒီအရင် တရုတ်ဝန်ကြီးချုပ် လီဖုန်(၂၀၀၁)။ ကျူရုံကျီ(၂၀၀၂) တို့ နှစ်ဦး နှစ်ကြိမ်သွားပြီးပါပြီ။ ယခုခရီးစဉ် မှာ နှစ်နိုင်ငံဆက်ဆံရေး သိသိသာသာ တိုးတက်ကောင်းမွန် လာတယ်။ နှစ်နိုင်ငံ ပူးတွဲကြေညာချက်တရပ်နဲ့ သဘောတူညီချက် ၉ ခု လက်မှတ်ထိုးခဲ့တယ်။ အစဉ်အလာ သံသယတွေ လျှော့ပါးပြီး ပြိုင်ဆိုင်မှုထက် နိုင်ငံရေး၊ စီးပွားရေး၊ လုံခြုံရေးတွေမှာ ပူးပေါင်းလုပ် ဆောင်ကြဖို့၊ ကျန်းမာသန်စွမ်းတဲ့ ပြိုင်ဆိုင်မှု(healthy competition)အဖြစ် နှစ်နိုင်ငံအကျိုးပြုရင်း ငြိမ်းချမ်းရေးနဲ့ တည်ငြိမ်ရေး ကို ထိန်းသိမ်းဖို့ သဘောတူကြတယ်။

နယ်စပ်ကုန်သွယ်ရေးစခန်းသစ် ဆစ်ကင်း(Sikkim)နယ်၊ နာထုလာတောင်ကြားလမ်း(Nathula pass)မှာ ဂိတ်ပေါက်ဖွင့်ဖို့ သဘောတူတယ်။ အိန္ဒိယဘက်က တိဘက်များကို နိုင်ငံတွင်းမှာ တရုတ်ဆန့်ကျင်ရေး နိုင်ငံရေး လှုပ်ရှားခွင့်မပြုဖို့ သဘောတူတယ်။ နှစ်နိုင်ငံနယ်နိမိတ်လုပ်ငန်း ပြီးမြောက်စေဖို့ နှစ်ဘက်အထူးကိုယ်စားလှယ် များ ထားရှိလုပ်ဆောင်သွားဖို့လည်း ပါဝင်တယ်။ ဒါဟာ ပဝေသဏီက အငြင်းပွားနေတဲ့ အိန္ဒိယဆစ်ကင်းနဲ့ တရုတ် တိဘက်ကို အပြန်အလှန် အသိအမှတ်ပြုလိုက်ကြတာပါ။ နှစ်နိုင်ငံ ကုန် သွယ်ရေး ၂၀၀၂ မှာ ဒေါ်လာ ၅ ဘီလီယံသာ ရှိရာက လေးလအတွင်း ၇၀％ တိုးခဲ့တယ်လို့ဆိုတယ်။ နှစ်ကုန်ပိုင်းမှာ နှစ်နိုင်ငံရေတပ် ကယ်ဆယ်ရေး ပူးတွဲလေ့ကျင့်မှု၊ စစ်သင်္ဘောများ လည်ပတ်မှု၊ စစ်ဘက်အရာရှိများ လေ့လာရေး၊ ဖလှယ်မှုများလည်း လုပ်လာတယ်။ အိန္ဒိယက

'တရုတ်အွန္တရာယ်'ဆိုတာ မပြောတော့ပဲ သဘာဝမိတ်ဖက်များအဖြစ် သဘောထားလာတယ်။

အိန္ဒိယနဲ့ တရုတ်တို့ဟာ ဖွံ့ဖြိုးဆဲနိုင်ငံများလည်းဖြစ်၊ ဝင်ရိုးအများစနစ်ကို လိုလားတဲ့ နိုင်ငံများလည်းဖြစ်၊ လူဦးရေအများဆုံး အိမ်နီးချင်းနိုင်ငံများလည်းဖြစ်၊ ဖွံ့ဖြိုးမှုလမ်းကြောင်းပေါ် ပြုပြင်ပြောင်းလဲရေးနဲ့တံခါးဖွင့် တက်လှမ်းနေကြတဲ့ နိုင်ငံများလည်းဖြစ်လို့ အိန္ဒိ ယ – တရုတ် ဆက်ဆံရေးကောင်းမွန်မှုဟာ အရေးကြီးတဲ့ဖြစ်စဉ် ဖြစ်တယ်။

၂၀၀၃ စက်တင်ဘာ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့(WTO) CANCUNအစည်းအဝေးမှာ တရုတ်နဲ့အိန္ဒိယဟာ ဘရာဇီးလ်၊ တောင်အာဖရိကတို့နဲ့လက်တွဲပြီး၊ ဖွံ့ဖြိုးဆဲ နိုင်ငံများနဲ့အတူ ခိုင်မာစွာ ရပ်တည်ခဲ့ တယ်။ အမေရိကန်၊ ဥရောပ၊ ကနေဒါ စတဲ့ ဖွံ့ဖြိုးပြီးနိုင် ငံကြီးများရဲ့ လယ်ယာထွက်သီးနှံတင်ပို့မှု အဟန့်အတားများကို ဆန့်ကျင်ခဲ့ကြတယ်။ ဖွံ့ဖြိုးဆဲနိုင်ငံများရဲ့ စည်းလုံးမှုနဲ့ ခွန်အားကို တိုးပွားစေခဲ့တယ်။

ဒီနောက် အိန္ဒိယဟာ အခိုင်အမာ ခြေလှမ်းများ လှမ်းလာတယ်။ ဘာလီASEAN ထိပ်သီးအစည်းအဝေး (၂၀၀၃ ဇူလိုင်) ကို ဝန်ကြီးချုပ် ဗာ့ဂျ်ပါရီ စတင်တက်ရောက်တယ်။ ASEAN + 3 နဲ့ စီးပွားရေးကုန်သွယ်ရေးများ တိုးမြှင့်တယ်။ ဗာ့ဂျ်ပါရီက အိန္ဒိယရဲ့ အရေးတကြီး လိုအပ်မှုအရ "ပထဝီအရ တဆက်တစပ်တည်း ဖြစ်နေတဲ့ အကြောင်းကြောင့် ဒေသဆိုင်ရာ ကုန်သွယ်ရေး သဘောတူညီမှုနဲ့ ပူးပေါင်းဆောင်ရွက်မှုက ချက်ချင်းလက်ငင်း ဖွံ့ဖြိုးတိုးတက်စေတယ်"လို့ ပွင့်ပွင့်လင်းလင်း ပြောခဲ့ပါတယ်။

အိန္ဒိယ ဒုသမ္မတ ဗမာပြည်လာတာလည်း ဒီဖြစ်စဉ်ရဲ့ အစိတ်အပိုင်းပဲ ဖြစ်တယ်(၂၀၀၃ နိုဝင်ဘာ)။

၆ ကြိမ်မြောက် BIMST . EC အစည်းအဝေး(ဘင်္ဂလားဒေ့ရှ်၊ အိန္ဒိယ၊ မြန်မာ၊ စင်္ကာပူ၊ ထိုင်း)ထိုင်းနိုင်ငံ ဖူးကက်မှာ အိန္ဒိယက တက်တက်ကြွကြွ အလုပ်ဖြစ်မယ့် အဆိုပြုမှုများ တင်ပြတယ်(၂၀၀၄ ဖေဖော်ဝါရီ ၈)။ အိန္ဒိယ – ထိုင်း၊ အိန္ဒိယ – စင်္ကာပူ နှစ် နိုင်ငံလွတ်လပ်တဲ့ ကုန်သွယ်ရေးသဘောတူညီမှုတွေလည်း ရခဲ့တယ်။

နိုးထလာတဲ့ အာရှကျားများနဲ့အတူ APEC(အာရှ၊ ပစိဖိတ် စီးပွားရေးပူးပေါင်းမှုအဖွဲ့)မှာလည်း အိန္ဒိယပါဝင်လိုတယ်။ ပါ ကစ္စတန်ကလည်း ASEANမှာ ပါဝင်လိုကြောင်း ဖော်ပြတယ်။

(၆)

နိုင်ငံရေးဆိုတာ လိုအင်ဆန္ဒရည်မှန်းချက်နဲ့ သန္နိဋ္ဌာန်ပေါ်မှာသာ တည်တာမဟုတ်။ ပေါ်လစီဖန်တီးနိုင်မှုနဲ့ ကျွမ်းကျင်ပိုင်နိုင်စွာ အကောင်အထည် ဖော်နိုင်မှုပေါ်မှာပါ တည်တယ်။

ဆိုခဲ့သလို အိန္ဒိယဟာ ဖွံ့ဖြိုးတိုးတက်တဲ့ ငြိမ်းချမ်းလုံခြုံတည်ငြိမ်တဲ့ ဒီမိုကရေစီ အာရှနိုင်ငံကြီး ဖြစ်လိုတယ်။ နိုင်ငံတကာမှာ ပြောရေးဆိုခွင့်အခန်း ကြီးမားလာဖို့ လိုလားတယ်။ ကုလသမဂ္ဂမှာ အမြဲတမ်းအဖွဲ့ဝင်နေရာ ရလိုတယ်။ ဒါပေမဲ့ ပါကစ္စတန်နဲ့ ပြဿနာဟာ သူ့အတွက် အတားအဆီးဖြစ်နေတယ်။ ဒ့ါအပြင် နှစ်နိုင်ငံတင်းမာမှုဟာ အိန္ဒိယစီးပွားရေးအတွက် ဝန်ထုပ်ဝန်ပိုး ဖြစ်စေတယ်။ ၂၀၀၁ အိန္ဒိယ ကာကွယ်ရေးဘတ်ဂျက် ဒေါ်လာ ၁ ၃ ဘီလီယံရဲ့ အတော်များများကို ကက်ရှ်မီးယားအရေးအတွက် သုံးနေရတယ်။ အဲဒီနှစ်၊ နှစ်နိုင်ငံ ကုန်သွယ်ရေးဟာ ဒေါ်လာ သန်း ၂၄၀ ပဲရှိတယ်။ ပုံမှန်ဆိုရင် ၁ မှ ၆ ဘီလီယံ အထိရှိတယ်။

ပါကစ္စတန်ဘက်ကဆိုရင် ၉/၁၁ နောက်ပိုင်း မရှောင်မလွှဲသာ အာဖဂန်စစ်မှာ ပါဝင်ခဲ့ရတယ်။ အမေရိကန် စစ်စခန်းအဖြစ် လက်ခံထားရတဲ့ အခွင့်မသာတဲ့ လုံခြုံရေးအနေအထားအရ အိန္ဒိယနဲ့ ပြေလည်ဖို့၊ အခွင့်အလမ်းရှာကြံဖို့ လိုအပ်လာတယ်။ အမေရိ ကန်နဲ့ အကြမ်းဖက်မှုဆန့်ကျင်ရေးအတွက် ပူးပေါင်းပြီး အိန္ဒိယနဲ့ပြေလည်ရေးကို လုပ်ဖို့ ပြည်တွင်းအတိုက်အခံများကော စစ်ဖက်ကပါ ထောက်ခံလာနေတယ်။ အကြမ်းဖက်မှုများနဲ့ အစွန်းရောက် စစ်သွေးကြွများကို နှိပ်ကွပ်တာနဲ့အတူ အလယ်အလတ် မူဆလင်လူ့အဖွဲ့အစည်းအဖြစ် ငြိမ်းချမ်းရေး၊ လုံခြုံရေး၊ ဒီမိုကရေစီရေးအတွက် လက်တွေ့ကျတဲ့ ခြေလှမ်းများ လှမ်းပြမှသာ နိုင်ငံတကာပုံရိပ်မှာ ယုံ ကြည်မှုရလာနိုင်မယ်။ ဒါကြောင့် အိန္ဒိယနဲ့ ကက်ရှ်မီးယားပြဿနာ ပြေလည်အောင် ဖြေရှင်းရေးဟာ ဗိုလ်ချုပ်ကြီး မူရှာရဖ်ရဲ့ ရည်မှန်း ချက်ဖြစ်လာတယ်။

အမေရိကန်အတွက် ပါကစ္စတန်နဲ့ အိန္ဒိယဟာ တောင်အာရှဒေသအတွင်း လက်မလွှတ်ရမယ့် အစိတ်အပိုင်း

တွေအဖြစ် ယူဆတယ်။ ပါကစ္စတန်ဟာ အရေးကြီးတဲ့ မူဆလင်နိုင်ငံ၊ အိန္ဒိယဟာ တရုတ်ကိုထိန်းချုပ်ဖို့ အိန္ဒိယသမုဒ္ဒရာကို စိုးမိုးဖို့ အရေးကြီးနိုင်ငံ။ အမေရိကန်ဟာ အိန္ဒိယနဲ့ပါကစ္စတန်ကို ဆိုင်ထားပြီး တန်ပြန်ထိန်းညှိထားလိုတယ်။

ဒါပေမဲ့ အီရတ်စစ်ပွဲမှာ အိန္ဒိယတပ်မတခု စေလွှတ်ဖို့ အမေရိကန်စစ်မစ်ရှင်အဖွဲ့ရဲ့ မေတ္တာရပ်ခံချက်ကို အိန္ဒိယမှ ကုလသမဂ္ဂ အစီအစဉ်အောက်ကသာ ပို့နိုင်မယ်လို့ ယဉ်ယဉ်ကျေးကျေး ငြင်းဆန်ခဲ့တယ်။ အိန္ဒိယပါလီမန်မှ(အစိုးရက မဟုတ်) အီရတ်စစ်ပွဲကို ဆန့်ကျင်ကြောင်း၊ အမေရိကန်နဲ့ဗြိတိသျှတပ်တွေ ပြန်လည်ရုပ်သိမ်းဖို့တောင်းဆိုကြောင်း ဆုံးဖြတ်ခဲ့တယ်။ မူဆလင်နိုင်ငံမဟုတ်တဲ့ အိန္ဒိ ယကို 'အိန္ဒိယ – အမေရိကန် – အစ္စရေး' ပူးတွဲအကြမ်းဖက်ဆန့်ကျင်ရေး တပ်ဖွဲ့ဖို့အဆိုပြုချက်ကိုလည်း အိန္ဒိယက ငြင်းဆန်ခဲ့တယ်။ (အတိုက်အခံများရဲ့ ဆန့်ကျင်မှုကြောင့်)

၂၀၀၃ ဧပြီ ၁ ။ အိန္ဒိယ ဝန်ကြီးချုပ်ဗာ့ဂျ်ပါရီက ပါကစ္စတန်နဲ့ ငြိမ်းချမ်းရေးဆွေးနွေးဖို့ စတင်ကမ်းလှမ်း၊ မူရှာရပ်ဖ်ကလက်ခံ။

မေ ၁၀ ။ နှစ်နိုင်ငံ သံအမတ်များ ပြန်လည်ထားရှိ။

နိုဝင်ဘာ ၂၃ ။ ပါကစ္စတန် ဝန်ကြီးချုပ် Zafarullah Jamali မှ ကက်ရှ်မီးယားဒေသ တဖက်သတ်အပစ်အခတ်ရပ်ကြောင်း ကြေညာ။ အိန္ဒိယက အလုံးစုံ အပစ်အခတ်ရပ်ဖို့ တိုက်တွန်း။

နိုဝင်ဘာ ၂၅ ။ ညသန်းကောင်က စပြီး တရားဝင်အပစ်အခတ်ရပ်စဲ။ ၂၃၀ ကီလိုမီတာရှည် ကက်ရှ်မီးယားထိန်းချုပ်မျဉ်း(Line of control) အပါ ၇၆၀ ကီလိုမီတာအရှည် နှစ်ဖက်ရင်ဆိုင်ထားတဲ့ Siachen Glacier ရေခဲတောင်ထိပ်အထိ နယ်စပ်တလျှောက် အကျုံးဝင်တယ်။

၂၀၀၄ ဇန်နဝါရီ ၆ ။ အစ္စလန်မာဘတ် ၁၂ ကြိမ်မြောက် SAARC ထိပ်သီးဆွေးနွေးပွဲမှာ ဗာ့ဂျ်ပါရီနဲ့ မူရှာရပ်ဖ် သီးသန့်တွေ့ဆုံ ဆွေးနွေး။ နိုင်ငံခြားရေးဝန်ကြီးများ၊ အထက်တန်းအရာရှိများ အကြိမ်ကြိမ် တွေ့ဆုံဆွေးနွေး။

နှစ်နိုင်ငံ ယုံကြည်မှုပြန်လည် တည်ဆောက်နိုင်ပြီး ကားလမ်း၊ ရထားလမ်း၊ လေကြောင်းလမ်းများ ပြန်ဖွင့်၊ အားကစားအဖွဲ့ များလည်ပတ်၊ အငြင်းပွားရေပြင် နှစ်ဖက်တံငါလှေများကို မဖမ်းဖို့လည်း သဘောတူ။

ဒါပေမဲ့ နှစ်နိုင်ငံ ကုန်သွယ်ရေး ပုံမှန်ပြန်မဖြစ်သေး။ ကွဲလွဲချက်တွေလည်း ရှိနေသေးတယ်။ ကွဲလွဲနေတာက –

***အိန္ဒိယ***က တတိယအုပ်စု၊ အထူးသဖြင့် အမေရိကန် ကြားဝင်တာ လက်မခံ။ ထိန်းချုပ်မျဉ်းကို အစစ်အမှန်နယ်နိမိတ်မျဉ်းအ ဖြစ် ထားလို။ စီးပွားရေးဆက်ဆံမှု တံခါးဖွင့်လိုတယ်။

***ပါကစ္စတန်***က ကက်ရှ်မီးယားပြဿနာဟာ နယ်နိမိတ်ပြဿနာမဟုတ်။ ၁၃သန်းသော ကက်ရှ်မီးယားပြည်သူတွေရဲ့ အနာဂတ်ပြဿနာဖြစ်လို့ နိုင်ငံတကာ့ပြဿနာဖြစ်တယ်။ ကြားလူဝင်စေလိုတယ်။ ထိန်းချုပ်ရေးမျဉ်းကို တရားဝင်နယ်နိမိတ်အဖြစ် လက်မခံ။ ကက်ရှ်မီးယားအရေးဟာ အိန္ဒိယနဲ့ ဆက်ဆံရေးရဲ့ အချက်အချာပြဿနာဖြစ်တယ်လို့ ယူဆတယ်။

(၇)

ကွဲလွဲချက်တွေ ရှိစေကာမူ ဆက်လက်ဆွေးနွေးဖို့ နှစ်ဖက်စလုံးက လိုလားကြတယ်။ သမိုင်းနဲ့ချီခဲ့တဲ့ ပြဿနာဖြစ်လို့ လွယ် လွယ်ဖြေရှင်း ရနိုင်မှာမဟုတ်ပါ။ သဘောထား အတက်အကျတွေလည်း ရှိတယ်။ ဒါကြောင့် အချိန်ယူ ညှိနှိုင်းသွားနိုင်ဖို့လိုတယ်။

၁၉၄၇ နှစ်နိုင်ငံ လွတ်လပ်ရေးရတော့ ကက်ရှ်မီးယားကို ပေါင်းလိုတဲ့ဘက်နဲ့ပေါင်းဖို့ ဗြိတိသျှကိုလိုနီအစိုးရက ချန်ထားခဲ့ တယ်။ စော်ဘွားက ဟိန္ဒူဘာသာဝင် ဖြစ်တယ်။ အိန္ဒိယနဲ့ပေါင်းဖို့ဆုံးဖြတ်တယ်။ လူထုက မူဆလင်တွေဖြစ်တယ်။ ပါကစ္စတန်နဲ့ပဲ ပေါင်းလိုတယ်။ ဒီလိုနဲ့ စစ် မီးပွားခဲ့တယ်။ နှစ်နိုင်ငံ စစ် ၃ ကြိမ်ဖြစ်တယ်။ ၂၀၀၂ မှာ တင်းမာမှုပြင်ထန်ခဲ့ပြီး စစ်ဖြစ်လုနီး ဖြစ်ခဲ့တယ်။ နှစ်နိုင်ငံစလုံးဟာ နျူကလီး ယားနဲ့ တာဝေးဒုံးစမ်းသပ်မှုများနဲ့ အပြန်အလှန်ခြိမ်းခြောက်ကြတယ်။ နှစ်နိုင်ငံစလုံးဟာ နျူကလီးယား မပြန့်ပွားရေး နိုင်ငံတကာ သဘောတူစာချုပ်မှာ ပါဝင်လက်မှတ်ထိုးဖို့လည်း ငြင်းဆိုကြတယ်။

ကုလသမဂ္ဂ လုံခြုံရေးကောင်စီက အိန္ဒိယ – ပါကစ္စတန် – ကက်ရှ်မီးယား လူထုသုံးပွင့်ဆိုင် ညှိနှိုင်းကြဖို့ ဆုံးဖြတ်ထားတာ ရှိတယ်။ တိုးတက်မှု မရှိဘူး။

၁၉၇၂ ဇူလိုင်မှာ အိန္ဒိယဝန်ကြီးချုပ် အင်ဒရာဂန္ဒီနဲ့ ပါကစ္စတန် သမ္မတ အလီဘူတိုတို့ လက်မှတ်ထိုးခဲ့တဲ့ “ဆင်းမလား သဘောတူချက်”အရ စစ်ပွဲကို ၂၇ နှစ်ကြာ(၁၉၇၂ – ၉၉) ရှောင်နိုင်ခဲ့တယ်။ သဘောတူချက်မှာ တတိယအုပ်စု မပါဝင်ဖို့၊ ထိန်းချုပ်မျဉ်း ကို အစစ်အမှန် နယ်ခြားမျဉ်းအဖြစ် သဘောထားဖို့တို့ ပါဝင်တယ်။

အမေရိကန်က ‘ကက်ရှ်မီးယား လွတ်လပ်ရေး’ကို အဆိုပြုတယ်။ နှစ်ဖက်စလုံးက ပယ်ချခဲ့တယ်။

ခုချိန်မှာတော့ ကက်ရှ်မီးယား နယ်စပ်တလျှောက် ဘာသာရေးအစွန်းရောက် အကြမ်းဖက်မှုတွေ သိသိသာသာ လျော့ပါး သွားတယ်။ မူရှာရဖ်ကလည်း နှိပ်ကွပ်တယ်။ အိန္ဒိယဘက်ကလည်း အသိအမှတ်ပြုတယ်။ နှစ်နိုင်ငံပညာရေး ဌာနများက နိုင်ငံသမိုင်း သင်ကြားရာမှာ ဘာသာရေး အစွန်းရောက်မှုတွေကို ပြန်လည်စိစစ် ဖြုတ်ပယ်လာကြတယ်။

နှစ်နိုင်ငံ နျူကလီးယား ယုံကြည်မှုတည်ဆောက်ရေး ဆွေးနွေးပွဲများ ၂၀၀၄ ဇွန်မှာ စတင်လုပ်ဆောင်တယ်။ အိန္ဒိယအစိုးရသစ် တက်လာစမှာပဲ ပါကစ္စတန်က ကြိုတင်အသိပေးပြီး နျူကလီးယားထိပ်ဖူး သယ်ဆောင်နိုင်တဲ့ ကီလိုမီတာ ၁၅၀၀ ပစ်လွှတ်နိုင်တဲ့ **Hatf V** တိုက်ချင်းပစ် ဒုံးစမ်းသပ်တယ်။ မူရှာရဖ်က ပြင်ပနိုင်ငံများကို နိုင်ငံရေးအချက်ပြတာ မဟုတ်ပါလို့ ဆိုသော်လည်း အိန္ဒိယ ဘက်က အလားတူ ကီလိုမီတာ ၃၅၀၀ ပစ်လွှတ်နိုင်တဲ့ **Agni iii** ဒုံးကို စမ်းသပ်ပစ်လွှတ် တုံ့ပြန်ခဲ့တယ်။ ၂၀၀၄ နိုဝင်ဘာထဲမှာ အိန္ဒိယက အဆင့်မြင့်နည်းပညာ ထိန်းကျောင်းတဲ့ ၅ ကြိမ်မြောက် တာလတ်ဒုံးကျည် စမ်းသပ်ပစ်လွှတ်ပြခဲ့ပြန်တယ်။ ပါကစ္စတန်ကလည်း တုံ့ ပြန်တယ်။ ဒီလိုနဲ့ ဒုံးစမ်းသပ်ပြီး အားပြနေကြတယ်။

တောင်အာရှ ငြိမ်းချမ်းရေး၊ လုံခြုံရေး၊ ဖွံ့ဖြိုးရေး အကောင်းမြင်တွေ ထားရှိကြတဲ့အောက်မှာ မန်မိုဟန်ဆင်း အစိုးရအဖို့ အ နောက်က မိတ်ဆွေများနဲ့ကော အရှေ့က မိတ်ဆွေများနဲ့ပါ ဆက်ဆံရေးကောင်းအောင် လုပ်ဆောင်ရင်း ခက်ခက်ခဲခဲနဲ့ ရေရှည်တည်ငြိမ် မှုကို ထိန်းသိမ်းနိုင်လိမ့်မယ်လို့ မျှော်လင့်ရပါတယ်။

ရည်ညွှန်း။ ။ Time- Newsweek-The Economist-Beijing Review-New Age People’s Democracy

# နဂါးနဲ့လင်းယုန်

အောင်ငြိမ်း

လွန်ခဲ့တဲ့ နှစ်တချို့အတွင်း ကမ္ဘာ့စီးပွားရေးဟာ ၅ ％ နီးပါး တိုးမြင့်လာတယ်။ ဒါဟာ နှစ် ၂၀ အတွင်း အမြင့်ဆုံး တိုးလာမှု ဖြစ်တယ်။ တိုးမြင့်မှုဟာ စွမ်းရည် မြင့်တဲ့ လောင်စာဆီ နှစ်မျိုးကြောင့်ပါ။ အမေရိကန် ဖက်ဒရယ်ဘဏ် ပေါ်လစီချမှတ်သူများရယ်၊ တရုတ် စီးပွား ရေး စန်းထမှုရယ်ကြောင့် ဖြစ်တယ်။ ချွင်းချက်မရှိ လျှော့ထားတဲ့ အမေရိကန် ငွေကြေးဆိုင်ရာ ပေါ်လစီကြောင့် အမေရိကန် စားသုံးသူများရဲ့ ဖြုန်းအားကြီးထွားခဲ့တယ်။ စန်းထလာတဲ့ တရုတ်စီးပွားရေးကြောင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု မကြုံစဖူး တိုးမြင့်လာခဲ့တယ်။ ပြီးခဲ့တဲ့နှစ် ကမ္ဘာ့စီးပွားရေး တိုးမြင့်မှုရဲ့ ထက်ဝက်လောက်ဟာ အမေရိကန်နဲ့ တရုတ်ကြောင့်ပါ။ တကယ်လို့ အမေရိကန် စားသုံးသူများနဲ့ တရုတ်ထုတ်လုပ်သူများ တပြိုင်တည်း ထိခိုက်မှု ရှိခဲ့ရင် ကမ္ဘာ့စီးပွားရေး တိုးတက်မှု ကျဆင်းသွားလိမ့်မယ်။

၂၀၀၄ ဇွန်လကစလို့ အမေရိကန် ဖက်ဒရယ်ဘဏ်က ဘဏ်တိုးနှုန်းမြှင့်လိုက်တယ်။ ဒီမတိုင်ခင်က အမေရိကန် တနိုင်ငံတည်း မဟုတ်၊ ကမ္ဘာ့စီးပွားရေး အင်အားကြီး နိုင်ငံများရဲ့ ကာလတို ပျမ်းမျှ ဘဏ်တိုးနှုန်းဟာ သမိုင်းမှာ အနိမ့်ဆုံးဖြစ်ခဲ့တယ်။ ငွေကြေးဖောင်းပွ မှု အမြင့်ဆုံးကာလများ ဖြစ်တဲ့ ၁၉၇၀ခုနှစ်များ နောက်ပိုင်း ပျမ်းမျှ တကယ့်ဘဏ်တိုးနှုန်းဟာ အနိမ့်ဆုံးရောက်ခဲ့တယ်။ ၂၀၀၀ – ၂၀၀၁ အ မေရိကန် စတော့ဈေးကွက် ပူဖေါင်း ပေါက်ကွဲပြီးနောက် ဖက်ဒရယ်ဘဏ်က ဘဏ်တိုးနှုန်း ၁ ％ ဖြတ်တောက်ပြီး အမေရိကန် စီးပွားရေး ဦးစိုက်ကျမှုနဲ့ ငွေကြေး မာကျစ်မှု(deflation)အန္တရာယ်မှ ရှောင်ရှားခဲ့တယ်။အမေရိကန် စတော့ဈေးကွက်ပူဖောင်း ပေါက်ကွဲခဲ့သော်လည်း စီးပွားရေးထိုင်းမှိုင်းမှုမှ တကမ္ဘာလုံး လွတ်မြောက်လာမှုအတွက် တရုတ်စီးပွားရေး အရှိန်အဟုန်နဲ့ ကြီးထွားမှုအပေါ် အထူးကျေးဇူး တင်ရမှာ ဖြစ်တယ်။ အမေရိကန် ငွေပေးငွေယူရှင်းတမ်း(ဘတ်ဂျက်) ကြီးမားတဲ့ လိုငွေဆက်တိုက် ပြနေသော်လည်း ဒေါ်လာ တန်ဖိုး ဆက် မကျတာ ၊ အမေရိကန် ဘွန်းငွေစု လက်မှတ် တန်ဖိုးတွေ ထောင်တက်မလာတာက တရုတ်က အမေရိကန် ငွေတိုက်ဘွန်းလက်မှတ်တွေ အမြောက်အမြား ဝယ်ခဲ့ လို့ပါ။

တရုတ်စန်းထမှုဟာ တစိတ်တပိုင်းအားဖြင့် ဖက်ဒရယ်ဘဏ်ရဲ့ မဟာဒယား လျော့ရဲထားတဲ့ ငွေကြေး ပေါ်လစီကြောင့်လည်း ဖြစ်တယ်။ ယွမ်ငွေကို ဒေါ်လာနဲ့ ချိတ်ဆက်ထားမှု (၁၉၉၅ ကစလို့) အောက်မှာတရုတ်က သွင်းကုန်များ တင်သွင်းရာမှာ(import) တွန်းအား ဖြစ်စေတယ်။ တရုတ်ဘဏ်တိုးနှုန်းမြင့်မှုက အရင်းအနှီး အမြောက်အမြား ဝင်ရောက်လာစေပြီး စီးပွားရေး ကြီးထွားလာတယ်။ ဒါပေမဲ့ လတ်တလော တရုတ် စီးပွားရေး ကြီးထွားမှုက ကမ္ဘာ့စွမ်းအင် လိုအပ်မှု ခုန်တက်လာစေပြီး ရေနံစိမ်း ဈေးနှုန်းကို တွန်းတင်လိုက် တယ်။ နောက် အရေးကြီးတဲ့ အချက်က တရုတ်ကုန်ပစ္စည်းတွေ ဈေးပေါပေါနဲ့ ဝင်ရောက်လာမှုကြောင့် အမေရိကန် အလုပ်အကိုင်တွေ ထိခိုက်ဖျားနာရတယ်လို့ စွပ်စွဲခံနေရတာပါ။

ယခုအခါ ငွေကြေးဖောင်းပွလာတဲ့အတွက် အမေရိကန် ငွေကြေးပေါ်လစီ တင်းကြပ်ဖို့ လိုအပ်လာ ပြန်တယ်။ ဘဏ်တိုးနှုန်း မှန်တမ်းကျတဲ့ ၄ – ၅ ％ လောက် ပြန်ရောက်အောင် အမေရိကန် စီးပွားရေး(တကယ်တော့ ကမ္ဘာ့စီးပွားရေးလည်းဖြစ်)ကို ဘယ်လို ထိန်းညှိမလဲ။ အမေရိကန် အလုပ်လက်မဲ့များအတွက်လည်း အလုပ်အကိုင်သစ်များ ဖန်တီးပေးဖို့ လိုနေတယ်။ ဘဏ်တိုးနှုန်း အလွန်အကျွံနိမ့်မှုဟာ ဘဏ်တိုးနှုန်းမြင့်မှုလောက်

အမေရိကန် စားသုံးသူများကို ထိခိုက်ခံစားစေတာ လွန်ခဲ့တဲ့ နှစ်တချို့အတွင်း ကမ္ဘာ့စီးပွားရေးဟာ ၅ % နီးပါး တိုးမြင့်လာတယ်။ ဒါဟာ နှစ် ၂၀ အတွင်း အမြင့်ဆုံး တိုးလာမှု ဖြစ်တယ်။ တိုးမြင့်မှုဟာ စွမ်းရည် မြင့်တဲ့ လောင်စာဆီ နှစ်မျိုးကြောင့်ပါ။ အမေရိကန် ဖက်ဒရယ်ဘဏ် ပေါ်လစီချမှတ်သူများရယ်၊ တရုတ် စီးပွား ရေး စန်းထမှုရယ်ကြောင့် ဖြစ်တယ်။ ချွင်းချက်မရှိ လျှော့ ထားတဲ့ အမေရိကန် ငွေကြေးဆိုင်ရာ ပေါ်လစီကြောင့် အမေရိကန် စားသုံးသူများရဲ့ ဖြုန်းအားကြီးထွားခဲ့တယ်။ စန်းထလာတဲ့ တရုတ်စီးပွားရေးကြောင့် နိုင်ငံခြားရင်း နှီးမြှုပ်နှံမှု မကြုံစဖူး တိုးမြင့်လာခဲ့တယ်။ ပြီးခဲ့တဲ့နှစ် ကမ္ဘာ့စီးပွားရေး တိုးမြင့်မှုရဲ့ ထက်ဝက်လောက်ဟာ အမေ ရိကန်နဲ့ တရုတ်ကြောင့်ပါ။ တကယ်လို့ အမေရိကန် စား သုံးသူများနဲ့ တရုတ်ထုတ်လုပ်သူများ တပြိုင်တည်း ထိ ခိုက်မှု ရှိခဲ့ရင် ကမ္ဘာ့စီးပွားရေး တိုးတက်မှု ကျဆင်းသွား လိမ့်မယ်။

၂၀၀၄ ဇွန်လကစလို့ အမေရိကန် ဖက်ဒရယ် ဘဏ်က ဘဏ်တိုးနှုန်းမြှင့်လိုက်တယ်။ ဒီမတိုင်ခင်က အမေရိကန် တနိုင်ငံတည်း မဟုတ်၊ ကမ္ဘာ့စီးပွားရေး အင်အားကြီး နိုင်ငံများရဲ့ ကာလတို ပျမ်းမျှ ဘဏ်တိုးနှုန်း ဟာ သမိုင်းမှာ အနိမ့်ဆုံးဖြစ်ခဲ့တယ်။ ငွေကြေးဖောင်းပွ မှု အမြင့်ဆုံးကာလများ ဖြစ်တဲ့ ၁၉၇၀ခုနှစ်များ နောက်ပိုင်း ပျမ်းမျှ တကယ့်ဘဏ်တိုးနှုန်းဟာ အနိမ့်ဆုံးရောက်ခဲ့တယ်။ ၂၀၀၀ – ၂၀၀၁ အ မေရိကန် စတော့ဈေးကွက် ပူပေါင်း ပေါက်ကွဲပြီးနောက် ဖက်ဒရယ်ဘဏ်က ဘဏ်တိုးနှုန်း ၁ % ဖြတ်တောက်ပြီး အမေရိကန် စီးပွားရေး ဦးစိုက်ကျမှုနဲ့ ငွေကြေး မာကျစ်မှု(**deflation**)အန္တရာယ်မှ ရှောင် ရှားခဲ့တယ်။အမေရိကန် စတော့ဈေးကွက်ပူဖောင်း ပေါက် ကွဲခဲ့သော်လည်း စီးပွားရေးထိုင်းမှိုင်းမှုမှ တကမ္ဘာလုံး လွတ်မြောက်လာမှုအတွက် တရုတ်စီးပွားရေး အရှိန် အဟုန်နဲ့ ကြီးထွားမှုအပေါ် အထူးကျေးဇူး တင်ရမှာ ဖြစ်တယ်။ အမေရိကန် ငွေပေးငွေယူရှင်းတမ်း(ဘတ်ဂျက်) ကြီးမားတဲ့ လိုငွေဆက်တိုက် ပြနေသော်လည်း ဒေါ်လာ တန်ဖိုး ဆက် မကျတာ ၊ အမေရိကန် ဘွန်းငွေစု လက်မှတ် တန်ဖိုးတွေ ထောင်တက်မလာတာက တရုတ်က အမေရိကန် ငွေတိုက်ဘွန်းလက်မှတ်တွေ အမြောက် အမြား ဝယ်ခဲ့ လို့ပါ။

တရုတ်စန်းထမှုဟာ တစိတ်တပိုင်းအားဖြင့် ဖက်ဒရယ်ဘဏ်ရဲ့ မဟာဗျူဟာ လျှော့ရဲထားတဲ့ ငွေကြေး ပေါ်လစီကြောင့်လည်း ဖြစ်တယ်။ ယွမ်ငွေကို ဒေါ်လာနဲ့ ချိတ်ဆက်ထားမှု (၁၉၉၅ ကစလို့ ) အောက်မှာတရုတ်က သွင်းကုန်များ တင်သွင်းရာမှာ(**import**) တွန်းအား ဖြစ်စေတယ်။ တရုတ်ဘဏ်တိုးနှုန်းမြင့်မှုက အရင်းအနှီး အမြောက်အမြား ဝင်ရောက်လာစေပြီး စီးပွားရေး ကြီးထွားလာတယ်။ ဒါပေမဲ့ လတ်တလော တရုတ် စီးပွားရေး ကြီးထွားမှုက ကမ္ဘာ့စွမ်းအင် လိုအပ်မှု ခုန်တက် လာစေပြီး ရေနံစိမ်း ဈေးနှုန်းကို တွန်းတင်လိုက် တယ်။ နောက် အရေးကြီးတဲ့ အချက်က တရုတ်ကုန်ပစ္စည်းတွေ ဈေးပေါပေါနဲ့ ဝင်ရောက်လာမှုကြောင့် အမေရိကန် အလုပ် အကိုင်တွေ ထိခိုက်ဖျားနာရတယ်လို့ စွပ်စွဲခံနေရတာပါ။

ယခုအခါ ငွေကြေးဖောင်းပွလာတဲ့အတွက် အမေရိကန် ငွေကြေးပေါ်လစီ တင်းကြပ်ဖို့ လိုအပ်လာ ပြန်တယ်။ ဘဏ်တိုးနှုန်း မှန်တမ်းကျတဲ့ ၄ – ၅ % လောက် ပြန်ရောက်အောင် အမေရိကန် စီးပွားရေး(တကယ်တော့ ကမ္ဘာ့စီးပွားရေးလည်းဖြစ်)ကို ဘယ်လို ထိန်းညှိမလဲ။ အမေရိကန် အလုပ်လက်မဲ့များအတွက်လည်း အလုပ် အကိုင်သစ်များ ဖန်တီးပေးဖို့ လိုနေတယ်။ ဘဏ်တိုးနှုန်း အလွန်အကျွံနိမ့်မှုဟာ ဘဏ်တိုးနှုန်းမြင့်မှုလောက် အမေရိကန် စားသုံးသူများကို ထိခိုက်ခံစားစေတာစွန်းရပြီး အနာဂတ်မှာ အောင်မြင်ဖို့ မျှော်လင့်နိုင်တယ်။ ထုတ်လုပ်ရေးစွမ်းရည်မြင့်လို့ အောင်မြင်တာဆိုရင်တော့ ချဲ့ကားတွေးထင်မှုတွေ ရှိလင့်ကစား စတော့ဈေးကွက် စန်းထမှုဟာ တကယ်ကြွယ်ဝချမ်းသာမှုကို ဆောင်ကြဉ်း တာဖြစ်ပါတယ်။ ဒါပေမဲ့ စတော့ဈေးကွက် ပူဖောင်း ပေါက်ကွဲတဲ့အခါ ဂွမ်းပြန်ကျကုန်ပါတယ်။ အိမ်ယာ ဈေးမြင့်တက်လာမှုဟာ တခုလုံးအနေနဲ့ တိုင်းပြည် ကြွယ်ဝချမ်းသာ လာတယ် လို့ မပြောနိုင်ပါ။ အနာဂတ်မှာ အိမ်ဝယ်နိုင်ဖို့ မျှော်လင့်နေတဲ့ အိမ်မဲ့ယာမဲ့များထံမှ အိမ်ပိုင်ယာပိုင်ရှိပြီးသူများထံ ကြွယ်ဝချမ်းသာမှုကို လွှဲပေးလိုက်တာပဲ ဖြစ်တယ်။ သို့ပင် ဖြစ်သော်ငြားလည်း အသစ်ဖန်တီးလိုက်တဲ့ ထင်ယောင်မှား ကြွယ်ဝမှုကြောင့် အိမ်ပိုင်ရှိသူများဟာ ပိုဈေးငှား သုံးစွဲကြပြီး စုဆောင်းမှု လျော့လာပါတယ်။

နည်းပညာ ရှေ့တန်းရောက်မှု၊ ပိုမိုထိရောက်တဲ့ ထုတ်လုပ်ရေးစွမ်းရည်မြင့်မားမှု၊ နိုင်ငံတကာ ကုန် သွယ်ရေး သဟဇာတဖြစ်မှုတို့ကသာလျှင် တကယ်

ကြွယ်ဝ ချမ်းသာမှုကို ဖန်တီးနိုင်တယ်။ စတော့ဈေးကွက် သို့မဟုတ် အိမ်ယာဆောက်လုပ်ရေး ပူဖောင်းများ ဖောင်းပွမှုကြောင့် ထင်ယောင်မှားကြွယ်ဝမှုကို စစ်မှန်တဲ့ ကြွယ်ဝချမ်းသာမှုလို့ မပြောနိုင်ပါ။ သမိုင်းမှာ ဘဏ်တိုးနှုန်းနိမ့်မှုက အမေရိကန်နဲ့ ကမ္ဘာတဝန်း နိုင်ငံများမှာ အိုးအိမ်တိုက်တာဆောက်လုပ်မှု ပူဖောင်းကို လေထိုးပေးတာတွေ့ရတယ်။ အိုးအိမ်ဈေး အဆင့်ဆင့် ကျလာတဲ့ အခါ စားသုံးသူများဟာ ပိုစုပြီး လျှော့သုံးလာကြပြန်တယ်။ အမေရိကန် စီးပွားရေး ချိန်ခွင်လျှာ မညီမျှမှုကို ဖြေလျှော့လိုက် တဲ့အခါ နှစ်ပေါင်းများစွာ စီးပွားရေး ကျဆင်းမှုကို ဖြစ်လာတယ်။

ကို့ရီးကားရား နိုင်တဲ့အချက်က အမေရိကန်ရဲ့ထင်ယောင်မှား ကြွယ်ဝချမ်းသာမှုအတွက် တရုတ်ကို တစိတ်တပိုင်းအားဖြင့် အပြစ်တင်ရမလို ဖြစ်နေတယ်။ ဘာကြောင့်လဲဆိုတော့ ကမ္ဘာ့စီးပွားရေးနဲ့ တရုတ်ပေါင်းစပ်မှု တဟုန်ထိုးကြီးထွားလာမှုအပေါ် ဗဟိုဘဏ်များမှ အရေးယူဆောင်ရွက်မှု နှေးကွေးနေလို့ဖြစ်တယ်။ ချမ်းသာတဲ့ နိုင်ငံများရဲ့ ဘဏ်တိုးနှုန်းနဲ့ ငွေဖောင်းပွမှုကို ကူညီဆွဲချရာရောက်တဲ့ အတွက် တရုတ်ဟာ ထိုနိုင်ငံများအတွက် ဘဏ်ချေးငွေအကြွေး(**credit**)တိုးပွားအောင်နဲ့ ပုံသေပိုင်ပစ္စည်းတန်ဖိုးမြင့်အောင် သွယ်ဝိုက် အားပေးရာ ရောက်တယ်။ ငွေကြေးဖောင်းပွမှုက နိမ့်နေဆဲပါ။ ဒါပေမယ့် ကုန်စည်နဲ့ဝန်ဆောင်မှုတန်ဖိုး မြင့်ရမယ့်အစား ငွေဖြစ်လွယ်တဲ့ (**liquidity**) အိမ်ယာနဲ့ ရှယ်ယာတန်ဖိုး မြင့်လာခဲ့တယ်။ ယွမ်နဲ့ဒေါ်လာလဲနှုန်း ပုံသေချိတ်ဆက်ထား နိုင်ဖို့ တရုတ်ဟာ အမေရိကန် ငွေတိုက်စာချုပ် ဘွန်း အမြောက်အမြား ဝယ်ယူ ( တရုတ်ရဲ့ အရံနိုင်ငံခြားငွေ $ ၄၈၀ ဘီလီယံရဲ့ အများပိုင်းဟာ ဘွန်းဖြစ်) လိုက်ခြင်းဖြင့် ဘွန်းနဲ့ အပေါင်လက်မှတ်တန်ဖိုးမြင့်မှုကို တားဆီးပြီး အမေရိကန်ပိုင်ဆိုင်မှု စန်းထအောင် မီးထိုးပေးလိုက်တယ်။ အခုတော့ ပူဖောင်းကို လေလျှော့ရပြီ။

## နိုးထလာသော တရုတ်နဂါး

လွန်ခဲ့တဲ့ နှစ်တချို့အထိ "ကမ္ဘာ့စီးပွားရေး" ဆိုတဲ့ အသုံးအနှုန်းဟာ ဖွံ့ဖြိုးပြီးနိုင်ငံများကို ရည်ညွှန်းတဲ့စကားပါ။ ယခုအခါ တရုတ်ကို မျက်ကွယ်ပြုထားလို့ မရ တော့။ ၁၉၉၇ အာရှစီးပွားရေးကပ်တုန်းက ယွမ်ငွေဈေး မချဘဲ တောင့်ခံထားခဲ့တဲ့အတွက် အာရှနာလန်ထရေးကို ကျေးဇူးပြုခဲ့တယ်။ တရုတ်စီးပွားရေး အလျင်အမြန် ဖြစ်ပေါ်ကြီးထွားမှုက ကျန်ကမ္ဘာတဝန်းကို နည်းပေါင်းစုံနဲ့ ရိုက်ခတ်တယ်။

တရုတ်ဟာ ကမ္ဘာ့လူဦးရေရဲ့ ၁/၅ပုံ ရှိပြီး ကမ္ဘာပေါ်မှာ လူဦးရေ အများဆုံး နိုင်ငံကြီးဖြစ်တယ်။ ကမ္ဘာ့ဘဏ် ထုတ်ပြန်ချက်အရ ဝယ်လိုအားဆနှုန်းအရ တွက်ချက်လျှင် ၁၉၈၀ – ၂၀၀၀ သူ့ရဲ့ **GDP**ဟာ ကမ္ဘာ့အထွက်ပစ္စည်း(**out put**)ရဲ့ ၁၄ % ရှိပြီး အမေရိကန်နောက် ဒုတိယအကြီးဆုံး ဖြစ်တယ်။ လွန်ခဲ့တဲ့ ၃ နှစ် တကမ္ဘာလုံးရဲ့ အစစ်အမှန် အထွက်စ္စည်းရဲ့ ၁/၃ ပုံကို တရုတ်က ထုတ်လုပ်နေ တယ်။ ၂၀၀၄ အကုန်မှာ တရုတ်ဟာ အမေရိကန် နဲ့ ဂျပန် ပြီးရင် တတိယအကြီးဆုံး ကုန်သွယ်ရေးနိုင်ငံ ဖြစ်လာနိုင်တယ်။ ၂၀၀၄ ပြည် တွင်း အသားတင်ထုတ်လုပ်မှုတန်ဖိုး **GDP**ဟာ ၉ . ၄ % (ယာယီ) ရှိပြီး မနှစ်က ၉ . ၁ % ထက်တောင် များနေတယ်။ ယခုနှစ် နိုင်ငံ ခြား တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု **FDI** ဟာ မနှစ်က (**$** ၅၃ ဘီလီယံ) အတိုင်း ရှိလိမ့်မယ်လို့ မှန်းဆတယ်(ကမ္ဘာမှာ **FDI** အများဆုံး နိုင် ငံ)။

တရုတ်ဟာ ကြီးမားတဲ့ ထုတ်လုပ်သူသစ်သာ မဟုတ်၊ ကြီးမားတဲ့ ဈေးကွက်သစ်လည်း ဖြစ်တယ်။ တရုတ် ဟာ ပို့ကုန်တင်ပို့သူသာ မဟုတ်၊ သွင်းကုန်တင်သွင်း သူလည်း ဖြစ်တယ်။ တရုတ်ဟာ အကြီးဆုံး နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု **FDI**လည်း ရှိတယ်။ ခိုင်မာတဲ့ ယွမ်ငွေကြေးလည်း ရှိတယ်။ ဒါ့အပြင် တရုတ်ဟာ လုပ်အားခသက်သာတာနဲ့ ကြီးမားတဲ့ ပြည်တွင်းဈေးကွက် ရှိနေတယ်။

ယခု ဆောင်းပါးဟာ တရုတ်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု မဟာဗျူဟာကို သုံးသပ်တာ မဟုတ်ပါ။ ကမ္ဘာ့စီးပွားရေးမှာ တရုတ် ပေါင်းစပ်ပါဝင်မှု အဆင့်နဲ့ ပုံသဏ္ဍာန် (**Pattern**)ကို သုံးသပ်ကြည့်ခြင်းသာ ဖြစ်တယ်။ ကမ္ဘာ့စီးပွားရေး အဆင်အကွက်(**Pattern**)ဟာ အခြေ အနေ အချိန်အခါအလိုက် ပြောင်းလဲနေတာဖြစ်တဲ့အတွက် တရုတ်ရဲ့ အရှိန်အဟုန်နဲ့ ပေါင်းစပ်ပါဝင်မှုက ဘယ်လို သက် ရောက်မှုရှိပါသလဲဆိုတာ ကြည့်ရအောင်။

ကာယအားပြု ထုတ်ကုန်များက ဖြည့်စွက်တန်ဖိုး(**added value**) နိမ့်ပြီး အမြတ်နှုန်းနိမ့်တယ်။ နည်းပညာအားပြုထုတ်ကုန် များက ဖြည့်စွက်တန်ဖိုးမြင့်ပြီး အမြတ်နှုန်းမြင့်တယ်။ အဆင့်မြင့် နည်းပညာနဲ့

အရင်းအားပြုထုတ်ကုန်များက ဖြည့်စွက်တန်ဖိုးပို မြင့်ပြီး အမြတ်နှုန်းပိုမြင့်ပါတယ်။ တရုတ်ဟာ ကာယ အားပြု ထုတ်ကုန်များဖြစ်တဲ့ အထည်အလိပ်၊ အဝတ်အစား၊ ဖိနပ်၊ မပြုပြင်ရသေးတဲ့ လယ်ယာကုန်ကြမ်းစသည်များ တင်ပို့နေရာက မကြာမီနှစ်များကစလို့ စက်မှုပစ္စည်းများ၊ အီလက်ထရောနစ် ပစ္စည်းများ၊ နည်းပညာမြင့်ပစ္စည်းများ အများ အပြား ထုတ်လုပ်ပြီး တင်ပို့လာခဲ့တယ်။ အမေရိကန်နဲ့ ဥရောပသမဂ္ဂမှ အဓိကတင် သွင်းတဲ့ ပစ္စည်းများက နည်း ပညာနဲ့ငွေလုံးငွေရင်း အားပြုပ စ္စည်း များဖြစ်တဲ့ လေယာဉ် ပျံ၊ စက်ယန္တရား၊ နည်းပညာ မြင့်ဆက်သွယ်ရေးနဲ့ အီလက် ထရောနစ်ပစ္စည်းများ ဖြစ်တယ်။

တရုတ်ရဲ့ အဆင့်မြင့် (ကမ္ဘာ့အဆင့်မီ) ထုတ်ကုန်များအတွက် အရည်အချင်းမြင့်သော်လည်း လုပ်ခ နိမ့်တဲ့ တရုတ်အလုပ်သ မားများ (ကာယ အလုပ် သမား သက်သက်မဟုတ်)နဲ့ အလားအလာရှိတဲ့ ကြီးမားတဲ့ ဈေးကွက်(ဖြုန်းအားရှိတဲ့ လူလတ်တန်းစား သန်း ၃၀၀ လောက်နဲ့ အရှိန်အဟုန်နဲ့ ဖွံ့ဖြိုးလာနေတဲ့ ကုန်းတွင်း ပြည်နယ်များ) ရှိမှုကြောင့် နိုင်ငံစုံလုပ်ငန်းကြီးများ တရုတ် သို့ ပြောင်းရွှေ့လုပ် ကိုင် လာကြတယ်။ တရုတ်က ဈေးပေါ တဲ့ လုပ်အား(ထုတ်လုပ်ရေး)နဲ့ ဈေးကွက်(ဝယ်လိုအား) ဆိုတဲ့ အခွင့်အလမ်း နှစ်မျိုး ကမ္ဘာကြီးကို ပေးထားတယ်လို့ (Morgan Stanlay) သုတေသနဌာန စီးပွားရေး ပညာရှင် အကြီးအကဲ စတီဖင် ရို့ချ်(Stephen Roach)က ဆိုတယ်။

အမေရိကန်နဲ့ ဥရောပသမဂ္ဂက တရုတ်ကို နည်းပညာမြင့် ကုန်ပစ္စည်းများ ရောင်းချဖို့ ပိတ်ပင် ထားဆဲပါ။ ဥရောပသမဂ္ဂက မကြာခင် ပိတ်ပင်မှုကို ပြန်ရုပ်ဖို့ ရှိနေတယ်။ ကုန်သွယ်ရေး ကွာဟမှုကို ဖြည့်ဆည်းဖို့အတွက် ပိတ်ပင်မှုတွေ ရုပ်သိမ်းဖို့ တရုတ်ကလည်း ဖိအားပေး တောင်းဆိုနေတယ်။

အမေရိကန် ဥရောပသမဂ္ဂနဲ့ ဂျပန်ဟာ တရုတ်ရဲ့အဓိက ကုန်သွယ်ဖက်တွေ ဖြစ်တယ်။ အမေ ရိကန်၊ ဥရောပသမဂ္ဂတို့နဲ့ ကုန်သွယ်ရာမှာ တရုတ်က ပိုငွေပြနေတယ်။ ဒါပေမဲ့ ဂျပန်အပါအဝင် အာရှနဲ့ ကုန်သွယ်ရေးမှာ တရုတ်ကလိုငွေ ပြနေပါတယ်။ ၂၀၀၃ ခုနှစ်မှာ ဥရောပသမဂ္ဂနဲ့ ပိုငွေ ယူရို ၅၀ ဘီလီယံ ($ ၆၄ . ၅၂ ဘီလီယံ)။ အမေရိကန်နဲ့ ပိုငွေ $ ၅၈ . ၆၁ ဘီလီယံ။ ဂျပန်၊ အိန္ဒိယ၊ တောင်ကိုရီးယား၊ အာဆီယံ၊ ထိုင်ဝမ်တို့ပါဝင်တဲ့ အာရှနိုင်ငံများနဲ့ ကုန်သွယ်ရေးလိုငွေ $ ၈၅ . ၄၄ ဘီလီယံ ဖြစ်တယ်။ ဒီအထဲမှာ အာ ဆီယံ ၁၀ နိုင်ငံနဲ့ ကုန်သွယ်ရေးလိုငွေ $ ၁၆ . ၁၄ ဘီလီယံ ပါဝင်တယ်။ (တရုတ်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ထုတ်ပြန်ချက်)

တရုတ်ရဲ့ အရှိန်အဟုန်နဲ့ ဖွံ့ဖြိုးတိုးတက်မှုဟာ ကမ္ဘာ့စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးကြီးတဲ့ အင်ဂျင်တလုံးဖြစ် လာတယ်။ အရှေ့အာရှအတွက်ဆိုရင် မရှိမဖြစ်တဲ့ မောင်းနှင်ရေးအားဖြစ်လာတယ်။ မနှစ်က (၂၀၀၃)က ဆိုရင် ကျန်အရှေ့အာရှ နိုင်ငံ များရဲ့ တိုးလာ တဲ့ ပြည်ပပို့ကုန်(export)ထက်ဝက်ဟာ တရုတ်ကို တင်ပို့တာဖြစ်တယ်။ မနှစ်ကလိုပဲ ဒီနှစ် တရုတ်သွင်း ကုန်တင်သွင်း မှုဟာ ၄၀ % တိုးလာလိမ့်မယ်လို့ မှန်းဆရတယ်။ လတ်တလော ဂျပန်စီးပွားရေး နာလန် ထမှုဟာ တရုတ်သို့ပို့ကုန် တင်ပို့ရမှုက ကြီးမား တဲ့ အခန်း က ပါတယ်။ တရုတ်ဝယ်လိုအား မြင့်တက်နေမှုဟာ ကမ္ဘာ့ကုန်စည်ဈေးနှုန်းကို တွန်းဆော်ပေးနေတယ်။

### ကမ္ဘာမှုစီးပွားရေး

ဒုတိယကမ္ဘာစစ်အပြီး ကုလသမဂ္ဂနဲ့ အပြိုင် ပေါ်ပေါက်လာတဲ့ စီးပွားရေး အဆောက်အအုံတွေဖြစ်တဲ့ IMF(ငွေကြေးရန်ပုံငွေ အဖွဲ့)၊ WB(ကမ္ဘာ့ဘဏ်)၊ WTO(ကမ္ဘာ့ကုန်သွယ်အဖွဲ့)တွေမှာ အဓိက ဦးဆောင်ဦးရွက်ပြုနေသူတွေဟာ G7 လို့ခေါ်တဲ့ ချမ်းသာ တဲ့ နိုင်ငံတွေပါ။ ၂၀၀၄ အောက်တိုဘာ ၁ ဝါရှင်တန် G7 ဘဏ္ဍာရေးဝန်ကြီးများနဲ့ ဗဟိုဘဏ်အကြီးအကဲများရဲ့ ဆွေးနွေးပွဲမှာ ပထမဆုံး အကြိမ် တရုတ်ကို ဖိတ်ကြား ခဲ့တယ်။ ကမ္ဘာ့စီးပွားရေးမှာ တရုတ်ပေါင်းစပ်ပါဝင်မှုကို တရားဝင် အလေးထား အသိအမှတ်ပြုခြင်းပါပဲ။ အမေရိ ကန် ဒုဘဏ္ဍာရေး ဝန်ကြီး ဂျွန်တေလာ(Deputy Secretary of Finance John Taylor)က "သမိုင်းဝင် ဆက်သွယ်မှု"လို့ ပြောခဲ့တယ်။

အမေရိကန်က ရှေ့တန်းအရောက်ဆုံး ဖွံ့ဖြိုး ပြီးနိုင်ငံကြီး တနိုင်ငံ။ တရုတ်က တဟုန်ထိုး ဖွံ့ဖြိုး တိုးတက် နေတဲ့ ဖွံ့ဖြိုးဆဲ နိုင်ငံကြီး တနိုင်ငံ ဖြစ်တယ်။ ဒီ နှစ်နိုင်ငံဟာ ကမ္ဘာ့စီးပွားရေး ကြီးထွားမှုရဲ့ အင်ဂျင်စက်ကြီး နှစ်လုံး ဖြစ်လာနေတယ်။ တရုတ်က သူ့ကိုယ်သူ ဆို ရှယ်လစ်

စနစ်ရဲ့ ပဏာမအဆင့်၊ ဖွံ့ဖြိုးဆဲအဆင့် မှာပဲ ရှိသေးတယ်လို့ သတ်မှတ်တယ်။ တရုတ်ဟာ G7နဲ့ ပူးပေါင်းသွားမှာလား ဖွံ့ဖြိုးဆဲ များက စောင့်ကြည့် နေကြတယ်။ တရုတ်ရဲ့ ပြည်တွင်းထုတ်လုပ်မှုတန်ဖိုး GDPဟာ ကမ္ဘာမှာ အဆင့် ၇ မှာ ရှိသော်လည်း တဦးချင်း ထုတ်လုပ်မှုတန်ဖိုးနဲ့ ဝင်ငွေ (per - capita income)ဟာ အဆင့် ၁၁၁ မှာပဲ ရှိသေးတယ်။ G7 အဖွဲ့ဝင် (လောလောဆယ်)ဖြစ်ဦးမှာ မဟုတ်။ တရုတ်ဟာ ဖွံ့ဖြိုးဆဲများကိုယ်စား ရပ်ခံသွားမှာ ဖြစ်တယ် လို့ တရုတ်ဘဏ္ဍာရေး ဝန်ကြီးက ထုတ်ဖော်ပြော ကြားတယ်။

နိုင်ငံတွေဟာ အထီးထီးနေလို့မရ။ စီးပွားရေးအရ ပြုပြင်ပြောင်းလဲရေးနဲ့ တံခါးဖွင့်ကြရမယ်။ အပြန်အလှန် အမှီသဟဲပြု ဆက်ဆံရမယ်။ နည်းပညာသစ်တွေနဲ့ ထုတ်လုပ်ရေး၊ ကုန်သွယ်ရေး၊ စီးပွားရေးတွေကို အပြိုင်အဆိုင် အားသစ်လောင်းပြီး ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခွင့်အလမ်းသစ်တွေကို ရှာကြံကြရမယ်လို့ တရားအရ ဆိုတယ်။ တကယ်တန်း အသည်းအသန် ပြိုင်ဆိုင်နေကြတဲ့ စီးပွား ရေး စည်းစနစ် ဟောင်း အောက်မှာ အနိုင် – အနိုင်(Win - Win)ဆိုတာ မရှိနိုင်ပါ။ အရင်းအနှီး၊ အတတ်ပညာ နိမ့်ပါးတဲ့နိုင်ငံများအဖို့ အောက်ကြေးကနေလိုက် ပြိုင်နေကြရတာပါ။ တရုတ်က ကမ္ဘာ့စီးပွားရေးမှာ တက်တက်ကြွကြွ ပါဝင်လှုပ်ရှားရင်းနဲ့ နည်းပညာမြင့် ထုတ်လုပ်ရေးကို တက်လှမ်းနိုင်ပြီး လူသားအရင်းအမြစ်ကို စွမ်းရည်မြင့် ကျွမ်းကျင်လုပ်သားများနဲ့ ပညာတတ်များ မွေးထုတ်မြှင့်တင် နိုင်လို့ အောင်မြင်မှုရတာပါ။

လုပ်အားအခြေပြု စီးပွားရေးလုပ်ငန်းများ နိုင်ငံကြီးများထံမှာ လွှဲပြောင်းလုပ်နေရုံသက်သက်နဲ့ ဖွံ့ဖြိုးမှုလမ်းကြောင်းကို လျှောက်နိုင်မှာ မဟုတ်ပါ။ စီးပွားရေးပညာရှင်များက ဥရောပသမဂ္ဂနဲ့ အမေရိကန်တို့အပေါ် တရုတ်ရဲ့ကုန်သွယ်ရေး အသာရမှုဟာ ကာလတိုပဲ ခံလိမ့်မယ်လို့ တွက်ဆကြတယ်။ အရေးကြီးတဲ့ အကြောင်းပြချက်တရပ်က ဈေးပေါတဲ့ တရုတ်လုပ်အားကြောင့် လုပ်အားအခြေပြု စီးပွားရေးလုပ်ငန်းများ တရုတ်သို့ပြောင်းရွှေ့ကြလို့ ဖြစ်ပြီး တရုတ်ထုတ်ကုန်များကို ပြန်တင်သွင်းရတဲ့အတွက် ကုန်သွယ်ရေးလိုငွေ ပေါ်ရတယ်လို့ ထောက်ပြကြတယ်။

ကမ္ဘာ့ကုန်သွယ်ရေးမှာ ကိုယ်ကျိုးစီးပွားကာကွယ်ရေးတွေ၊ ပိတ်ပင်တားဆီးမှုတွေ၊ အငြင်းပွားမှုတွေ အဆက်မပြတ် ရှိနေတာပါ။ ဖွံ့ဖြိုးဆဲနိုင်ငံများအချင်းချင်း ကုန်သွယ်ရေး အတားအဆီးတွေ ဖြေလျှော့ပြီး အကျိုးတူ လွတ်လပ်တဲ့ ကုန်သွယ်ရေးဇုံတွေဖွဲ့ကာ ၊ ဈေးကွက်တွေ တိုးချဲ့ကြခြင်းဖြင့် နိုင်ငံကြီးများရဲ့ ပိတ်ဆို့မှုများကို ထိုး ဖောက်ကြရတယ်။ နိုင်ငံကြီးတွေနဲ့ ကုန်သွယ်ရာမှာ ကိုယ့်ရဲ့ဖြည့်စွက် တန်ဖိုးနည်းပြီး အမြတ်နှုန်းနိမ့်တဲ့ ပို့ကုန်အတွက် ပိတ်ဆို့မှုတွေ ခံရသလို သူတို့ရဲ့ ဖြည့်စွက် တန်ဖိုးများပြီး အမြတ်နှုန်းမြင့်တဲ့ နည်းပညာမြင့် သွင်းကုန်တွေအတွက် ကိုယ့်ဖက်က အကန့်အသတ်ကို လျှော့ပြီး သူ့ဖက်က အကန့်အသတ်(barrier)ကို လက်ခံရတဲ့ မညီမျှမှုကို အမြဲ ကြုံရတာပါ။

တရုတ်စီးပွားရေးရဲ့ အောင်မြင်မှုမှာ နှစ်ဖက်သွားလက္ခဏာ ရှိပါတယ်။ သူ့မှာအားကောင်းတဲ့ ပြည်ပဈေးကွက် ထိုးဖောက်နိုင်မှု ရှိသလို အားကောင်းပြီးဝယ်လိုအားကြီးတဲ့ ပြည်တွင်းဈေးကွက်လည်း ရှိတယ်။ လုပ်အားအခြေပြု ထုတ်လုပ်ရေးရှိသလို နည်းပညာအခြေပြုထုတ်လုပ်ရေးတွေလည်း အား ကောင်း ကောင်းနဲ့ ကြီးထွားနေတယ်။ ချမ်းသာတဲ့ နိုင်ငံများနဲ့ ကုန်သွယ်ရေးပိုငွေ ပြနေသလို ဖွံ့ဖြိုးဆဲနိုင်ငံများနဲ့ ကုန်သွယ်ရေးလိုငွေပြနေတယ်။ လောင်စာနဲ့ သယံဇာတ ကုန်ကြမ်း အများအပြား တင်သွင်းသလို နည်းပညာ မြင့်စက်မှု ဆက်သွယ်ရေး၊ ကွန်ပြူတာစတဲ့ သုတေ သနနဲ့ ဖွံ့ဖြိုးရေးလုပ်ငန်းများကိုလည်း တင်သွင်းတယ်။

ကမ္ဘာ့စီးပွားရေးမှာ တရုတ်ရဲ့ ပေါင်းစပ်မှုဟာ ဖက်ပေါင်းစုံတဲ့အတွက် ကြီးမားတဲ့ ရိုက်ခတ်မှုတွေ ရှိနေပါတယ်။

## *တရုတ်အကျနာခဲ့သော်*

ကမ္ဘာ့အလုပ်ရုံသစ်ကြီးသာမက ကမ္ဘာ့ ဈေးကွက်သစ်ကြီးလည်း ဖြစ်နေတဲ့ တရုတ်စီးပွားရေး အရှိန်ရာယ်ကြီးလောက်အောင် မြန်နေတဲ့ ကြီးထွားမှုဟာ ရေရှည်တည်မြဲမယ့်ပုံမရပါ။ လွန်ခဲ့တဲ့နှစ်တွေအတွင်း တရုတ်ပေါ်လစီချသူများရဲ့ စီးပွားရေး အပူလွန်ကဲမှုကို လျှော့ချဖို့(ပုံမှန်ဖြစ်ဖို့) ကြိုးစားလုပ်ဆောင်မှုများ တစုံတရာ ထိရောက်မှု ရှိပုံရပါတယ်။ ရင်နှီးမြှုပ်နှံမှုနဲ့ ဘဏ်ချေးငွေ(အကြွေး credit) နှစ်ရပ်စလုံး သိသိသာသာ ကျဆင်းသွားတယ်။ ပြည်ပရင်းနှီးမြှုပ်နှံမှု အမြောက်အမြားဝင်ရောက်လာသော်လည်း ပြည်တွင်း

ငွေဖြစ်လွယ်တဲ့ လုပ်ငန်းများ(liquidity) ဖောင်းပွလာ တဲ့ အန္တရာယ် ရှိနေတယ်။ တချို့ကဏ္ဍများမှာ လိုတာ ထက်ပိုပြီး ရင်းနှီးမြှုပ်နှံကြတဲ့ အ တွက် ဘဏ်ထုတ်ချေးငွေ(bank lending) ဖောင်းပွကြီးထွားလာကာ ပေါက်ကွဲမှုသို့ ဦးတည်စေနိုင်တယ်။

ယွမ်ငွေ တန်ဖိုးနိမ့်နေမှုကို ၄၀ % အထိ မြှင့်ပေးဖို့ ဖိအားပေးတာခံနေရတယ်။ ယွမ်ငွေတန်ဖိုးမြှင့်ဖို့ အလားအလာကို မျှော်ကိုးပြီး ရင်းနှီးမြှုပ်နှံမှု အသွင် အမျိုးမျိုးနဲ့ ငွေပူ(hot money)တွေ ဝင်ရောက်ပြီး ငွေကြေးဈေးကစားသူများရဲ့ တိုက်ခိုက်ခံရမှု အန္တရာယ် လည်း ရှိနေတယ်။ ငွေကြေးဖောင်းပွမှုက ၅ % ကျော်နေ တယ်။ ကံကောင်းထောက်မစွာပဲ ၁၉၉၀ အစောပိုင်း ကာလများကလို စီးပွားရေး အပူလွန်ကဲမှု မဖြစ်ပါ။ ထိုစဉ်က ရင်းနှီးမြှုပ်နှံမှု၊ ငွေချေးမှု(credit)နဲ့ ငွေကြေး ဖောင်းပွမှုတွေ တရားလွန် အမြန်နှုန်းနဲ့ ကြီးထွားခဲ့တယ်။ ယခုအခါ အာဏာပိုင်များအနေနဲ့ အဆောတလျင် အရေး ယူ ဆောင်ရွက်ခဲ့တဲ့အတွက် အကျမနာသည်တိုင် (ကြီး ထွား မှုကို ယေဘုယျအားဖြင့် ၇ % ပတ်ဝန်းကျင်အထိ လျှော့ချခြင်းဖြင့်) အရင်းနဲ့ကုန်ကြမ်းတင်သွင်းမှု၊ ထပ်မံရင်းနှီးမြှုပ်နှံမှုတို့ကို တင်းတင်းကျပ်ကျပ် ထိန်းချုပ် ရမှာဖြစ်တဲ့အတွက် ကမ္ဘာ့တချို့ အပိုင်းများမှာ မသက် မသာ ဖြစ်စေလိမ့်မယ်။

တရုတ်စီးပွားရေး အပူချရာမှာ ၁၉၉၃ – ၉၄ ကလို အကျည်းသာမလား။ နဖူးကွဲ ဒူးပြဲဖြစ်မလား။ ဖက်ဒရယ်ဘဏ်က လတ်တလော ဘဏ်တိုးနှုန်းမြှင့် လိုက်တဲ့အတွက် တရုတ်စီးပွားရေး နဖူးကွဲ ဒူးပြဲဖြစ်ရင် ကျန်ကမ္ဘာတဝန်းလည်း ပိန်ချုံ့သွားလိမ့်မယ်။

တရုတ်စီးပွားရေး စန်းထမှုဟာ ၁၉၉၀ နောက် ပိုင်းနှစ်များ အမေရိကန် dotcom ကွန်ယက်စီးပွားရေး ပူဖောင်းလို ဖောင်းကားမှုမျိုးနဲ့ ဆင်တယ်လို့ တချို့က သုံးသပ်ကြတယ်။ ဒါပေမဲ့ ရင်းနှီးမြှုပ်နှံသူများ တရုတ်ကို လက်ရှောင်မသွားရုံမက တရုတ်မှာ ရင်း နှီးမြှုပ်နှံချင် ကြတာဟာ အကျိုးအကြောင်း ရှိပါတယ်။ လောလော ဆယ် တရုတ်ရဲ့ အတက်အကျဟာ ၁၉ ရာစုနှောင်းပိုင်း အမေရိကန် စက်မှု ထွန်းကားစဉ်ကာလက စန်းထမှုနဲ့ ပေါက်ကွဲမှုများလိုပါပဲ။ ထိုစဉ်က အမေရိကန် စန်းထမှု ပေါက်ကွဲမှုများက အမေရိကန်ကို ကမ္ဘာ့စီးပွားရေး မဟာနိုင်ငံကြီး ဖြစ်မလာအောင် မတားဆီးနိုင်ခဲ့ပါ။ အမေရိကန်ဟာ ဥရောပကုန်စည်များအတွက် တဟုန်ထိုး ကြီးထွားနေတဲ့ ဈေးကွက်ကြီးဖြစ်ခဲ့ပါတယ်။ တကယ်လို့ တရုတ်က ပြုပြင်ပြောင်းလဲရေးကိုသာ ဆက်လုပ်ခဲ့ရင် သူဟာ အမေရိကန် အောင်မြင်မှုထက် ပိုကြီးတဲ့ အမြန်နှုန်း နဲ့ အောင်မြင်မှုကို ရလိမ့်မယ်။ ဆယ်စုနှစ် တခုအတွင်း တရုတ်ဟာ ကမ္ဘာ့အကြီးဆုံး ကုန်တင်ပို့သူ နဲ့ တင်သွင်းသူ ဖြစ်လာနိုင်တယ်။ တနေ့မှာ တရုတ်ဟာ အမေရိကန်ကို ကျော်ပြီး ကမ္ဘာ့အကြီးဆုံး စီးပွားရေးဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံဖြစ် လာနိုင်တယ်။

တကယ်တော့ တရုတ်အလျင်အမြန် ကြီးထွား ခြင်းဟာ တခြားတိုင်းပြည်များမှာ ပိုမိုနွေးထွေးသွားစေတာ မဟုတ်ဘဲ ပိုမိုလျင် မြန်စွာ ကြီးထွားလာစေတာဖြစ်တယ်။ ကုန်သွယ်ရေးအရလည်းကောင်း၊ နိုင်ငံခြားတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှုအရလည်းကောင်း၊ ချိန်ထိုး ကြည့်ရင် တရုတ် မှာ ရောမ လူဦးရေ(သန်း ၁၃၀၀)နဲ့ တံခါးဖွင့်စီးပွားရေး တညီတညွတ်တည်း ပေါင်းစပ်ထားမှု ရှိတယ်။ လာမယ့် ဆယ်စု နှစ်များ အလွန်မှာ တရုတ်ရဲ့ ဝင်ငွေမြင့်လာမှုနဲ့ ကမ္ဘာ့စီးပွားရေးမှာ ပေါင်းစပ်လာမှုဟာ ကမ္ဘာ့စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် တခု တည်းသော မောင်းနှင်အား ဖြစ်လာလိမ့်မယ်။

ကမ္ဘာ့စီးပွားရေးအပေါ် တရုတ်ရဲ့ တွန်းဆော် မှုဟာ သတင်းနဲ့နည်းပညာ တော်လှန်ရေးက ပေါ်ထွက် လာတဲ့ အခွင့်သာမှု ကြောင့် ရရှိတဲ့ ယာယီအောင်မြင်မှု ထက် ပိုပါတယ်။ ထုတ်လုပ်ရေးနဲ့ အံဝင်တဲ့ အလုပ် သမားများနဲ့ စစ်မှန်တဲ့ကြွယ်ဝ ချမ်းသာမှုကို ဖန်တီး ထားတဲ့အတွက် သူရဲ့အနာဂတ်အလားအလာဟာ အကောင်းဆုံး အနေအထားမှာ ရှိနေတယ်။ ဒါနဲ့ ဆန့်ကျင် စွာပဲ အမေရိကန်နဲ့ တ ချို့နိုင်ငံကြီးများရဲ့ ဗဟိုဘဏ် များဟာ ငွေကြေးဖောင်းပွမှုနဲ့ ငွေကြေး ပေါ်လစီဆိုင်ရာ အဆောက်အအုံပြောင်းလဲမှုအပေါ် ထိန်းချုပ်ဖို့ နှေးကွေး နေပြီး အလွန်အကျွံ လျှော့ရဲတဲ့ ပေါ်လစီများနဲ့ စခန်း သွားနေခြင်းဖြင့် ရေရှည်တည်တံ့မှု မရှိတဲ့ စန်းထမှုများကို မီးထိုးပေးနေ တယ်။ ။

***ရည်ညွှန်း။*** ။ The Economist, October2, 2004.--Time, May31, 2004.-Bejing Review, Oct 21, 2004.-Nov 19, 2004.

**အာရှမှ အင်အားပြောင်းလဲမှုအနေအထား**

အာရှတိုက်က တချို့နိုင်ငံတွေဟာ အကြီးအကျယ် ဖွံ့ဖြိုးတိုးတက်လာနေကြတယ်။ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုနဲ့အတူ နိုင်ငံရေး အင်အားတွေပါ တက်လာနေကြတယ်။ ဒါကို ကမ္ဘာ့အင်အား ချိန်ခွင်လျှာဟာ အနောက်မှ အရှေ့သို့ ပြောင်းလဲတိမ်းညွတ်မှု ဖြစ်လာခြင်းလို့ တွက်ဆတဲ့ အထိ ဖြစ်လာတယ်။

ဘယ်လိုပဲဖြစ်ဖြစ် ကမ္ဘာပေါ်မှာ အင်အားအနေအထား ပြောင်းလဲမှု၊ ရွေ့လျားမှုရှိနေတာကတော့ အမှန်ပါ။ ဒီလို အင်အား ပြောင်းလဲမှုအပေါ်ကနေ ခြေလှမ်းသစ်တွေ ဖြစ်ပေါ်လာနိုင်ပါတယ်။ နိုင်ငံတကာ စိန်ခေါ်မှုတွေကို ရင်ဆိုင်ရာမှာလည်း အခြေအနေ အပြောင်းအလဲတွေ ရှိလာနိုင်ပါတယ်။ ဒါ့သာမက စိန်ခေါ်မှုအသစ်တွေလည်း ဖြစ်ပေါ်လာဦးမှာပါ။

# အာရှအင်အား အပြောင်းအလဲနဲ့

## အန္တရာယ် အလားအလာများ

ညိုစိန်ဝင်း

အာရှတိုက်က အင်အားအနေအထား အပြောင်းအလဲကို အနောက်နိုင်ငံတွေကလည်း သတိပြု လာနေကြပါတယ်။ ဒါပေမယ့် ဒီလို သတိပြုမိတာဟာ သူတို့ဘက်က အခိုင်အမာ ပြင်ဆင်တဲ့ အနေအထားအထိတော့ မရောက်သေးပါဘူး။ နောက်ပြီး ပိုမို အန္တရာယ်ရှိတာက အနောက်နိုင်ငံတွေဟာ သူတို့လုပ်နေကျ အမှားတွေကို ဆက်လုပ်နေတဲ့ အချက်ပါ။

ကမ္ဘာ့အင်အား အပြောင်းအလဲမှာ အဓိက အပြောင်းအလဲဟာ နိုင်ငံအလိုက် ဖြစ်နေတာပါ။ ဒေသအလိုက် ဖြစ်နေတာ မဟုတ်ပါဘူး။ နောက်ပြီး ဒီလို ပြောင်းလဲတာဟာ ဖြစ်တောင့်ဖြစ်ခဲ ရှားရှားပါးပါး ငြိမ်းချမ်းစွာ ပြောင်းလဲနေတာပါ။ ၂၀ ရာစု အစောပိုင်းကာလတုန်းကဆိုရင် ဂျပန်နဲ့ ဂျာမနီတို့ဟာ အင်အားကြီးထွားလာတဲ့ နိုင်ငံတွေ ဖြစ်သလို မျှော်လင့်ချက်ဆန္ဒတွေ ကြီးမားတဲ့ နိုင်ငံတွေ ဖြစ်ခဲ့ကြတယ်။ သူတို့အင်အား တိုးချဲ့တာကလည်း ငြိမ်းချမ်းတဲ့နည်းနဲ့ တိုးချဲ့တာ မဟုတ်ပါဘူး။ သူတို့ဟာ နယ်ချဲ့နိုင်ငံတွေပါ။ ဒါကြောင့် ကမ္ဘာ့အင်အားကြီးနိုင်ငံတွေဟာ တဦးနဲ့ တဦး ထိန်းညှိလို့မရအောင် ဖြစ်ခဲ့ကြတယ်။ ဒီပြဿနာကြောင့် ကမ္ဘာကြီးဟာ ကြီးမားတဲ့ ပြိုကွဲ ပျက်စီးမှုတွေ ဖြစ်ခဲ့ရတာပါ။

ဒီနေ့ခေတ်မှာတော့ ကမ္ဘာ့စနစ်ဖော်ဆောင်ရာမှာ အရင်ကထက် ပိုပြီး အပြောင်းအလဲတွေ ကြီးနိုင်ပါတယ်။ အစဉ်အလာ နိုင်ငံရေးယဉ်ကျေးမှုတွေနဲ့ သိသိသာသာ ကွဲပြားခြားနားတဲ့ နိုင်ငံရေးနဲ့ ယဉ်ကျေးမှုတွေဟာ ရောနှောပုံနဲ့သွားစရာ အကြောင်း ရှိနေပါတယ်။ ဒီတကြိမ်မှာ လူဦးရေများပြားလှတဲ့ အာရှနိုင်ငံတွေဟာ ၎င်းတို့ရဲ့ ပိုမိုကြီးမားတဲ့ အခန်းကဏ္ဍကို ရှာဖွေဖို့ မျှော်မှန်းချက်ကြီးမားတဲ့ နိုင်ငံတွေဖြစ်လာနေကြပါတယ်။ ဒီ–ဖွံ့ဖြိုးတိုးတက်လာနေတဲ့ နိုင်ငံတွေဟာ ဟိုတုန်းက ဂျာမနီ နဲ့ ဂျပန်တို့လိုပဲ အမျိုးသားရေးအကျိုးစီးပွားကို စွဲကိုင်နေကြတဲ့ နိုင်ငံတွေပါ။ အတိတ်ကာလတုန်းက ၎င်းတို့ ဆုံးရှုံးနစ်နာခဲ့မှုတွေကို ဖာထေးဖို့ ကြိုးပမ်းနေကြပါတယ်။ ကိုယ့်တိုင်းပြည် ကိုယ့်ဒေသကို အထွန်းပြောင်ဆုံးဖြစ်စေချင်တဲ့ဆန္ဒတွေ ရှိနေကြတယ်။ အာရှတိုက်က ဖွံ့ဖြိုးတိုးတက်လာတဲ့

စီးပွားရေးတွေဟာ ပိုမိုကြီးမားတဲ့ နိုင်ငံရေးနဲ့ စစ်ရေး ပြောင်းလဲမှုတွေ ဖြစ်လာစေတယ်။

သူတို့အင်အားတွေ ငြိမ်းချမ်းစွာ ဖွံ့ဖြိုးတိုးတက်လာပေမယ့် ပဋိပက္ခတွေ လုံးဝမရှိတာတော့ မဟုတ်ပါ။ ပဋိပက္ခတွေကနေ ပျက်စီးမှုဖြစ်စေနိုင်တဲ့ အလားအလာတွေလည်း ပိုမို တိုးပွားလာနေပါတယ်။ အာရှဒေသအတွင်းမှာ ရန်ဘက်ပဋိပက္ခအဖြစ် ပေါက်ကွဲနိုင်တဲ့ နေရာတွေ ရှိနေကြပါတယ်။ ထိုင်ဝမ်၊ ကိုရီးယားကျွန်းဆွယ်နဲ့ ၂–ပိုင်းကွဲနေတဲ့ ကက်ရှ်မီးယားဒေသတို့ကို ကြည့်ပါ။ ဒီနေရာတွေဟာ ငြိမ်းချမ်းစွာ ဖြေရှင်းဖို့ ခဲယဉ်းတဲ့ အနေအထားမှာ ရှိနေကြပါတယ်။ ၎င်းတို့အထဲက ဘယ်တခုပဲဖြစ်ဖြစ် ကြီးမားတဲ့ အတိုင်းအတာနဲ့ စစ်ခင်းတိုက်ခိုက်မှုတွေ ဖြစ်စေနိုင်တာချည်းပါပဲ။ အဲသလိုသာ ဖြစ်လာခဲ့ရင် မျက်မှောက်ဖြစ်နေတဲ့ အရှေ့အလယ်ပိုင်းအရေးအခင်းဆိုတာတောင် သေးနုပ်တဲ့ အရေး အခင်းတခုအဖြစ် ရောက်ရှိသွားမှာပါ။

ဒီကနေ့ ဖွံ့ဖြိုးတိုးတက်လာနေတဲ့ အင်အားကြီးနိုင်ငံတွေထဲမှာ တရုတ်ဟာ ထင်သာမြင်သာ အရှိဆုံးပါ။ ဒါပေမဲ့ သူတဦးတည်းတော့ မဟုတ်ပါဘူး။ အိန္ဒိယ နဲ့ တချို့အာရှနိုင်ငံတွေ လက်ရှိပိုင်ဆိုင်ထားကြတဲ့ ဖွံ့ဖြိုး တိုးတက်မှုနှုန်းတွေဟာ အနောက်နိုင်ငံတွေကို လာ မယ့် ဆယ်စုနှစ်တွေမှာ အပြတ်ကျော်လွှားသွားနိုင်တဲ့ နှုန်းတွေပါ။ တရုတ်ရဲ့ နှစ်စဉ်ဖွံ့ဖြိုးတိုး တက်မှု နှုန်းဟာ ၉–ရာခိုင်နှုန်းကျော်ပါတယ်။ အိန္ဒိယကလည်း ၈–ရာခိုင်နှုန်းရှိပါတယ်။ အရှေ့တောင်အာရှက “ကျားနိုင်ငံတွေ”လို့ ခေါ်ကြတဲ့ နိုင်ငံတွေဟာလည်း ၁၉၉၇–ခုနှစ်၊ ဘဏ္ဍာ ရေး အကျပ် အတည်းကနေ ပြန်လည် နာလန်ထူကာ ရှေ့သို့ တက်လှမ်းလာ နေကြပါပြီ။ တရုတ်ရဲ့ စီးပွားရေးဟာ ၂၀၁၀–ခုနှစ်မှာ ဂျာမနီနိုင်ငံရဲ့ စီးပွားရေးပမာဏထက် ၂ ဆ မြင့်တက်သွားမယ်လို့ မျှော်မှန်းရပါတယ်။ ၂၀၂၀–ခုနှစ်ကျရင် ဒီနေ့ ကမ္ဘာမှာ စီးပွားရေး အင်အားအရ ဒုတိယလိုက်နေတဲ့ ဂျပန်ကို အမှီလိုက်နိုင်ရုံမက ကျော်ဖြတ်သွားနိုင်ပါတယ်။ တကယ်လို့ အိန္ဒိယကသာ သူ့ရဲ့ ဖွံ့ဖြိုးတိုးတက်မှုနှုန်းမှ ၆–ရာခိုင်နှုန်းကိုပဲ နောင်အနှစ် ၅၀ ဆက်လက် ထိန်းသိမ်းသွားနိုင်ခဲ့ရင် သူကလည်း အဲဒီအချိန်ကျ တရုတ်နဲ့ တန်းတူဖြစ်သွားနိုင်ပါတယ်။ ဒါမှမဟုတ် ကျော်လွန်သွားပါလိမ့်မယ်။

တရုတ်ဟာ ၁၉၉၀–ခုနှစ်များတုန်းက နောက်ပြန်ဆုတ်မှုတွေ ဖြစ်ခဲ့ရတဲ့ တခြားသော အာရှနိုင်ငံတွေရဲ့ စီးပွားရေးတွေကို ပြန် လည်နာလန်ထူလာအောင် မောင်းနှင်ပေးရတဲ့ အင်ဂျင်ဖြစ်လာနေပါတယ်။ ဥပမာ–ဂျပန်ဆိုရင် တရုတ်ရဲ့ စီးပွားရေးဖွံ့ဖြိုး တိုးတက်လာမှု ကြောင့် အကြီးမားဆုံး အကျိုးခံစားခွင့် ရရှိသူပါ။ နောက်ဆုံးထုတ် တရားဝင် စာရင်းဇယားများအရ ဂျပန်ရဲ့ အမှန်တကယ် GDP တိုးတက်မှုနှုန်းဟာ ၂၀၀၃–ခုနှစ်၊ နှစ်ကုန်ပိုင်းမှာ ၆.၄ ရာခိုင်နှုန်းအထိ တိုးတက်လာပါတယ်။ ဒါဟာ ၁၉၉၀ ခုနှစ်ကစလို့ အမြင့်ဆုံးတိုးတက်လာမှုပါ။ တရုတ်ရဲ့ ကျေးဇူးကြောင့် ဂျပန်ဟာ နောက်ဆုံးမှာ ဆယ်စုနှစ်တခုမျှ စီးပွားရေးကပ် ကျရောက်နေမှုကနေ ပြန်လည် ရုန်းထွက်လာနိုင်တော့မှာပါ။ ဒါပေမဲ့ တရုတ်သာ ပြိုကျသွားခဲ့ရင်တော့ ဂျပန်လည်း ဒီဦးတည်ချက်အတိုင်း ဆက်သွားနိုင်တော့မှာ မဟုတ်ပါ။

အိန္ဒိယဟာ သူ့စီးပွားရေး ပြုပြင်ပြောင်းလဲမှုမှာ တွန့်ဆုတ်နှောင့်နှေးမှုတွေ ရှိနေပါတယ်။ ဒါပေမဲ့ သူ့စီးပွား ရေးလမ်းကြောင်းကတော့ အတက်ဘက်မှာပဲ ရှိနေတာပါ။ အဓိက အကြောင်းကတော့ သူ့ရဲ့ အောင်မြင်တဲ့ “ဆော့ဖ်ဝဲ”လုပ်ငန်း နဲ့ စီးပွားရေးဝန်ဆောင်မှု လုပ်ငန်းတွေကြောင့်ပါ။ ဒီလုပ်ငန်းတွေဟာ အမေရိကန်နဲ့ တခြားဖွံ့ဖြိုး တိုးတက်တဲ့ နိုင်ငံများရဲ့ စီးပွားရေးတွေအတွက် အထောက်အကူပြု ပေးရတဲ့ လုပ်ငန်းတွေပါ။

တခြား အရှေ့တောင်အာရှ နိုင်ငံတွေဟာလည်း သူတို့ရဲ့ စီးပွားရေးတွေကို ကုန်သွယ်ရေးနဲ့ ရင်းနှီးမြှုပ်နှံမှု စာချုပ်များမှတဆင့် ကြီးမားတဲ့ စီးပွားရေးကွန်ယက်ထဲမှာ ချိတ်ဆက်ပေါင်းစည်းထားကြပါတယ်။ ဒီကွန်ယက်ရဲ့ ဗဟိုချက်မကတော့ ရှေးယခင်ကလို အမေရိကန် လည်း မဟုတ်သလို ဂျပန်လည်း မဟုတ်ပါ။ တရုတ် ဖြစ်လာပါတယ်။

အရှေ့တောင်အာရှ နိုင်ငံများအသင်း(အာဆီယံ)အဖွဲ့ဝင် နိုင်ငံများကလည်း နောက်ဆုံးမှာ ဘဏ္ဍာငွေကြေး ဆိုင်ရာ အစုအစည်းတရပ် ဖြစ်လာဖို့ အပြင်းအထန် စဉ်းစားလာနေကြပါတယ်။ ဒါ့ရဲ့ ရလဒ်အဖြစ် ကြီးမားကျယ်ပြန့်တဲ့ကုန်သွယ်ရေးဆိုင်ရာ အစုအပေါင်းတရပ်ဖြစ်လာနိုင်ပါတယ်။ အဲသလို ဖြစ်လာရင်တော့ ဒါက အာရှနိုင်ငံများနဲ့ ကမ္ဘာကြီးတခုလုံးရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုများအပေါ် များစွာ အကျိုးသက်ရောက်မှု ဖြစ်လာစေမှာပါ။

## အောင်မြင်မှုနဲ့အတူ ယှဉ်တွဲတည်ရှိနေတဲ့ ပြဿနာများ

အာရှရဲ့ ဖွံ့ဖြိုးတိုးတက်လာမှုဟာ အစပဲ ရှိပါသေးတယ်။ တကယ်လို့ ဒေသတွင်းက အင်အားကြီး နိုင်ငံများအနေနဲ့ ၎င်းတို့ရဲ့ ပေါ်လစီများကို ပိုမိုကောင်းမွန်အောင် ပြုပြင်ဆောင်ရွက်တာနဲ့ တချိန်တည်းမှာ ရရှိထားတဲ့ အောင်မြင်မှုကို တည်ငြိမ်အောင် ဆက်လက်ထိန်း သိမ်းထားနိုင်မယ်ဆိုရင်တော့၊ အဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုများဟာ ဆယ်စုနှစ်တွေနဲ့ ချီပြီး ဆက်လက်ဖြစ်ပေါ်နေဦးမှာပါ။ ဒါပေမဲ့ ခိုင်မာ သန်စွမ်းတဲ့ အောင်မြင်မှုဆိုတာကလည်း သူ့မှာ မလွှဲမရှောင်သာ အမျိုးမျိုးသော အကျပ်အတည်းတွေ၊ ဖိအားတွေ ရှိနေတတ်ပါတယ်။

၎င်း ဖိအားများအနက် ပထမဆုံး အရေးကြီးတဲ့ ဖိအားဟာ ဒေသထဲက အဓိကကျတဲ့ နိုင်ငံတွေနဲ့ ဆက်စပ်နေ ပါတယ်။ ဥပမာ အားဖြင့် – တရုတ်နဲ့ဂျပန်တို့ဟာ အချိန်တချိန်ထဲမှာ ပြိုင်တူအင်အားကြီးတာမျိုး ဘယ်တုန်းကမှ မရှိခဲ့ဖူးပါဘူး။ အတိတ်ရာစုနှစ်တွေမှာ ဂျပန်အားပျော့ချည့်နဲ့တဲ့အချိန်– တရုတ်က အင်အားတောင့်တင်းခဲ့ဖူးသလို၊ ပြီးခဲ့တဲ့ နှစ် ၂၀၀ အတွင်းမှာကျတော့ ဂျပန်က အင်အားကြီးပြီး တရုတ်က အားနည်းခဲ့ပါတယ်။ သူတို့နှစ်ဦးစလုံး တချိန်တည်း ပြိုင်တူအင်အားကြီးထွားလာဖို့ဆိုရင် အရင်က မရှိခဲ့ဖူးသေးတဲ့ စိန်ခေါ်မှုတရပ်နဲ့ ရင်ဆိုင်ရမှာပါ။

အိန္ဒိယနဲ့ တရုတ် တို့ဟာလည်း ၎င်းတို့ရဲ့ ၄၂ နှစ် ရှည်ကြာခဲ့ပြီဖြစ်တဲ့ နယ်နိမိတ်ဆိုင်ရာ အငြင်းပွားမှုကို အပြီးအပြတ် မဖြေရှင်းကြရသေးပါ။ ခုထိ တဦး နဲ့ တဦး သံသယတွေ ရှိနေကြဆဲပါ။ ဒီအင်အားကြီး နိုင်ငံ ၃ ခုဟာ အတူယှဉ်တွဲ တည်ရှိနေကြမှာလား။ ဒါမှမ ဟုတ်– ဒေသအပေါ် လွှမ်းမိုးချုပ်ကိုင်ရေး၊ စွမ်းအင် ရင်းမြစ်များ ပြိုင်ဆိုင် ရယူရေး၊ ပင်လယ်လမ်းကြောင်းဆိုင်ရာ လုံခြုံရေးနဲ့ တောင်ဘက်တရုတ်ပင်လယ်အတွင်းရှိ ကျွန်းများနဲ့ ပတ်သက်တဲ့ အချုပ်အခြာ အာဏာပိုင်ရေး...စတဲ့ ပြဿနာတွေမှာ ခေါင်းချင်း တိုက်မိကြမှာလား။

အာရှက မျှော်မှန်းချက်ဆန္ဒကြီးမားတဲ့ နိုင်ငံတိုင်းမှာ နယ်မြေပိုင်နက်ဆိုင်ရာ ထိပ်တိုက်တွေ့မှုတွေ ရှိနေကြပါတယ်။ သူတို့ကိုယ်စီမှာ မတူတဲ့ အတွင်းပိုင်း ဖိအား အကျပ်အတည်းတွေလည်း ရှိနေတတ်ကြပါတယ်။ အဆင်ပြေအောင် မခန့်ခွဲနိုင်သေးတဲ့ လူဦးရေ ပြဿနာ၊ နိုင်ငံရေး စည်းစနစ်များ မာတောင့်နေမှု၊ လူမျိုးစုအချင်းချင်း ရန်ဘက်ဖြစ်နေမှု၊ ကျိုးပျက်လွယ်တဲ့ ဘဏ္ဍာရေးဆိုင်ရာ စည်းမျဉ်း ဥပဒေသများ၊ အကျယ်အပြန့်တည်ရှိနေတဲ့ လာဘ်စားမှု ...စတာတွေ ရှိနေကြပါတယ်။ အတိတ်ကာလတုန်းက အတိုင်းဆိုရင်တော့၊ ဒီလို ပြည်တွင်း အကျပ်အတည်းတွေဟာ နိုင်ငံတကာ ထိပ်တိုက်ရင်ဆိုင်မှုတွေ ဖြစ်လာစေနိုင်ပါတယ်။

၎င်းတို့အနက် အန္တရာယ် အရှိဆုံးကတော့ ထိုင်ဝမ်ပြဿနာပါ။ အမေရိကန်အနေနဲ့ တရုတ်တပြည် ထောင်တည်း စနစ်ကိုရော၊ ထိုင်ဝမ် ပြဿနာ ငြိမ်းချမ်းစွာ ဖြေရှင်းရေးကိုပါ နှစ်မျိုးစလုံး အသိအမှတ် ပြုထားခဲ့တာ အနှစ် ၃၀ ကျော်လာခဲ့ပါပြီ။ ထိုင်ဝမ်ကျွန်းနဲ့ တရုတ်ပြည်မကြီးတို့အကြားက စီးပွားရေးနဲ့ လူမှုဆက်ဆံရေးတွေ တိုးတက်ကြီးထွားလာခဲ့ပေမယ့် နိုင်ငံရေးဆက်ဆံမှုတွေကတော့ အေးစက်စက်ပါ။ ထိုင်ဝမ်ဟာ လက်ရှိသမ္မတရဲ့ အုပ်စိုးမှုအောက်မှာ လုံးဝလွတ်လပ်ရေးဦးတည်ချက်ဆီ တရွေ့ရွေ့ လှမ်းနေပါတယ်။ တရုတ်ပြည်မကြီးကလည်း ထိုင်ဝမ်ကို အထီးကျန် ဖြစ်စေရေး ဆက်လက် ကြိုးပမ်းနေသလို၊ ထိုင်ဝမ် ရေလက်ကြားကိုလည်း ဒုံးကျည် ၅၀၀နဲ့ ချိန်ရွယ် ထားတယ်လို့ ဆိုနေကြပါတယ်။ အမေရိကန်ကလည်း ထိုင်ဝမ်ရဲ့ လုံခြုံရေးကို အာမခံထားတဲ့ အလျောက်၊ မခိုင်လုံတဲ့ ဆင်ခြေဆင်လက်တွေနဲ့ ထိုင်ဝမ်ကျွန်းကို စစ်လက်နက်ပစ္စည်းတွေ တင်ပို့ ထောက်ပံ့နေပါတယ်။ အမေရိကန်ဟာ တရုတ်ပြည်မကြီးကိုရော ထိုင်ဝမ်ကိုပါ တဖွဖွ သတိပေး နေရပါတယ်။ ဒါပေမဲ့ တကယ်လို့ ထိုင်ဝမ်က အကန့်အသတ်ရှိတဲ့ ကိုယ်ပိုင်အုပ်ချုပ်ရေးနဲ့ လုံးဝလွတ်လပ်ရေးလမ်းကြောင်းအတွင်း တည်ရှိနေရာက လုံးဝလွတ်လပ်ရေးဘက် ဖောက်ထွက်မယ်ဆိုရင်၊ ဒါမှမဟုတ်– တရုတ်ကလည်း ဆက်လက်သည်းမခံနိုင်တော့ဘူးဆိုရင် ဒီဒေသဟာ ပေါက်ကွဲမှုတွေ ဖြစ်လာနိုင်ပါတယ်။

ကက်ရှ်မီးယားဟာလည်း နျူကလီးယား လက်နက်တွေ တပ်ဆင်ထားကြတဲ့ အိန္ဒိယနဲ့ ပါကစ္စတန်တို့

အကြားမှာ၊၂ပိုင်း ကွဲနေဆဲပါ။ ၁၉၈၉ ခုနှစ်က စလို့ ပစ်ခတ် တိုက်ခိုက်ကြတဲ့ တိုက်ပွဲတွေမှာ လူ ၄–သောင်းကျော်လောက် သေခဲ့ကြရပါပြီ။ ဒီ–သေကြေကြရသူအများစုဟာ ရန်ဘက်ဖြစ်နေတဲ့ ဒီ ၂–နိုင်ငံ နဲ့ အလှမ်းကွာတဲ့ ထိန်းချုပ်ရေး မျဉ်းကြောင်းအနီး ဖြစ်ပွားတဲ့ တိုက်ခိုက်မှုတွေမှာ သေကြေခဲ့ကြရတာပါ။ မကြာသေးမီအချိန်အတွင်းမှာတော့ အိန္ဒိယနဲ့ ပါကစ္စတန်တို့ဟာ ရန်လိုတဲ့ အပြောအဆိုတွေကနေ ပိုပြီး ပျော့ပျောင်းလာကြပါတယ်။ ဒါပေမဲ့ အပြန်အလှန် လက်ခံနိုင်တဲ့ သဘောတူညီချက်အဆင့်ထိ ရောက်အောင်တော့ ဘယ်ဘက်ကမှ အဆင်သင့် မဖြစ်သေးပါ။ ပါကစ္စတန်နိုင်ငံရဲ့ စီးပွားရေးနဲ့ နိုင်ငံရေး မတည်ငြိမ်မှုတွေကနေ နောက်တကြိမ် ထိပ်တိုက်တွေ့မှု ဖြစ်ပွားအောင် အလွယ်တကူ မီးစပျိုးပေးနိုင်ပါသေးတယ်။

မြောက်ကိုရီးယားဟာလည်း စိုးရိမ်ရေမှတ်သို့ ရောက်ရှိသွားနိုင်တဲ့ နောက်ထပ် ပြဿနာတရပ်ပါ။ တရုတ်ပြည်ရဲ့ ကူညီစီစဉ်ပေးမှုအောက်မှာ (၆)နိုင်ငံ တွေ့ဆုံဆွေးနွေးပွဲတွေ အကြိမ်ကြိမ် ကျင်းပခဲ့ပါတယ်။ မြောက်ကိုရီးယားရဲ့ ချွတ်ခြုံကျနေတဲ့ စီးပွားရေးကို အထောက်အပံ့ပေးမယ်၊ နျူကလီးယား လက်နက်စီမံကိန်းကို စွန့်လွှတ်ပါ–ဆိုပြီး၊ အလဲအလှယ် ပြုတဲ့ ကိစ္စကို ကင်ဂျွန်အီး လက်ခံအောင် ဖျောင်းဖျနားချဖို့ ဘယ်လိုမှ မတတ်နိုင်ဘဲ ရှိနေပါသေးတယ်။ ဒါ့အပြင် ဆွေးနွေးပွဲဟာ အပြန်အလှန် အပြစ်တင်စွပ်စွဲတာတွေ ဖြစ်ခဲ့ပါတယ်။ အမေရိကန်အထောက်အပံ့ပေးတာ နည်းလွန်းတယ်။ မြောက်ကိုရီးယားကလည်း ပြေငြိမ်းအောင် မလုပ်ဘဲ တင်းခံနေတယ်။ တရုတ်ကလည်း သူ့ကို မှီခိုနေရတဲ့ အိမ်နီးချင်း မြောက်ကိုရီးယားကို လုံလောက်တဲ့ ဖိအားမပေးနိုင်ဘူး၊ …စတဲ့ စွပ်စွဲချက်တွေ ဖြစ်ပါတယ်။ မကြာသေးမီက ထွက်ပေါ်လာတဲ့ သက်သေအထောက်အထားတွေအရ မြောက်ကိုရီးယားရဲ့ နျူကလီးယား ကြိုးပမ်းမှုဟာ ထင်ထားတာထက် ပိုပြီး ရှေ့ရောက်နေ ကြောင်း ဖော်ပြနေပါတယ်။ ဒု–သမ္မတ ဒစ်ချေနီက သူ့ရဲ့ ဧပြီလ ခရီးစဉ်အတွင်း တရုတ်ခေါင်းဆောင်တွေကို သတိပေးပြောကြားခဲ့သလိုပဲ ဒီအကျပ်အတည်းကို ဆွေးနွေးပြီး ဆုံးဖြတ်ချက်ချရေးဟာ အချိန်မမီဘဲ ဖြစ်သွားနိုင်ပါတယ်။

ရာစုနှစ်ဝက်ကျော်ကာလအထိ အမေရိကန်ဟာ ပစိဖိတ်သမုဒ္ဒရာထဲမှာ စစ်နေရာ ယူထားခဲ့တယ်။ သူမဟာမိတ် ဖွဲ့ထားတဲ့ ဂျပန်နဲ့ တောင်ကိုရီးယားတို့ကိုလည်း ၎င်းတို့ရဲ့ စီးပွားရေးကို တိုးတက်အောင် လုပ်ပေးမယ် ဆိုတဲ့ တာဝန်ခံမှု လုပ်ခဲ့တယ်။ ဒီနည်းနဲ့ သူ့အနေ အထားကို တည်ငြိမ်ခိုင်ခံ့အောင် လုပ်ထားတာပါ။ ဘုရှ်အစိုးရကလည်း ဒီအစဉ်အလာကို ဆက်ခံအားဖြည့်ဖို့ အလေးထားခဲ့တယ်။ တရုတ်ကိုလည်း အလားအလာရှိတဲ့ လုပ်ဖော် ကိုင်ဖက်အဖြစ်သဘောထားတာထက် မဟာဗျူဟာ ပြိုင်ဖက်အဖြစ် ခြိမ်းခြောက်တာတွေ ပိုလုပ်ခဲ့ တယ်။ ဒါပေမဲ့ (၂၀၀၁–စက်တင်ဘာ အရေးအခင်း အပါအဝင်) မကြာသေးမီက ပေါ်ပေါက်ခဲ့တဲ့ ဖြစ်ရပ်တွေကြောင့် အမေရိကန်ပေါ်လစီ ဟာ အပြောင်းအလဲ လုပ်ဖို့ ဖြစ်လာရတယ်။ မျက်မှောက် မှာ တောင်ကိုရီးယားကို အရင်ကလို အများကြီး မျှော်လင့်လို့ မရတော့ဘူး။ ဘာကြောင့်လဲဆိုတော့ ဆိုးလ် ရဲ့ ခေါင်းဆောင်သစ်တွေဟာ တရုတ်ကို ကြိုက်ပြီး၊ အမေရိကန်ကို မနှစ်မြို့ဘဲ၊ မြောက်ကိုရီးယားအပေါ်လည်း စိုးရိမ်မှုမရှိတဲ့ လူငယ်မျိုးဆက်သစ်တွေကို ကိုယ်စားပြုသူတွေ ဖြစ်နေကြ လို့ပါပဲ။

တချိန်တည်းမှာ ဂျပန်ဟာလည်း တိုးတက်လာနေတဲ့ တရုတ်၊ နျူကလီးယား လက်နက်တပ်ဆင်ထားတဲ့ မြောက်ကိုရီးယား၊ ထိုင်ဝမ်ပြဿနာ တင်းမာလာနေမှု …စတာတွေကြောင့် သူကိုယ်သူ လုံခြုံမှုမရှိသလို ခံစားလာနေတယ်။ ဒါကြောင့်လည်း သူက အမေရိကန်ရဲ့ အကူအညီနဲ့ ဒုံးကျည်ကာကွယ်ရေးစနစ်ကို ပိုမို တိုးမြှင့်လုပ်ဆောင်ဖို့ စာချုပ်ခဲ့တယ်။ ဒါ့အပြင် စစ်တပ်တိုးချဲ့ရေး၊ စစ်နေရာချထားရေးတွေနဲ့ ပတ်သက်လို့ အကန့်အသတ်ဖြစ်နေတဲ့ သူ့ဖွဲ့စည်းအုပ်ချုပ်ပုံစည်းမျဉ်းကိုလည်း ပြန်လည်လျှော့ချဖို့ စဉ်းစားလာနေရပြီ။

တခါ ဒီအချက်တွေကြောင့်ပဲ ဂျပန်ရဲ့ အိမ်နီးချင်းနိုင်ငံတွေဟာလည်း စိတ်မအေးနိုင်ကြတော့ဘူး။ တကယ်လို့ ဂျပန်က အမေရိ ကန်နဲ့ ပြုလုပ်ထားတဲ့ လုံခြုံရေးဆိုင်ရာ သူ့ရဲ့ ကတိကဝတ် ပြုချက်တွေကို ချိုးဖျက်မယ်ဆိုရင်၊ ဒါ့အပြင် သူ့ရဲ့ နျူကလီးယား ကာကွယ်ရေး အစီအစဉ်ကို သူ့ဘာသာဆက်လုပ်မယ်ဆိုရင် အိမ်နီးချင်းနိုင်ငံတွေအတွက် ပိုပြီး ရတက်မအေးစရာ ဖြစ်စေမှာပါ။ အမေရိကန်ဘက်ကကြည့်ရင်လည်း တရုတ်နဲ့ဂျပန်တို့ဟာ အမေရိကန်ကို အပြိုင်ပိုးပန်းနေရာက သူတို့နှစ်ဦးအကြား မဟာဗျူဟာ မဟာမိတ်ဖွဲ့ဖို့ ကြိုးပမ်းသွားကြမယ်ဆိုရင် ဒါဟာ သူ့အတွက်

ပိုမိုစိုးရိမ်စရာ အချက်ပါ။ ဝါရှင်တန်ဟာ တရုတ်နဲ့ တောင်–မြောက်ကိုရီးယား နိုင်ငံတွေကြားမှာ သူ့ရဲ့ မဟာဗျူဟာ အစီအစဉ်တွေ ချထားတာ ရှိပါတယ်။ ဒီအတောအတွင်း ဒီဒေသနဲ့ ပတ်သက်လို့ ဂျပန့်အပေါ် သူပေးထားတဲ့ ကတိတွေ၊ တာဝန်ယူချက်တွေကို ဂျပန်က သံသယမဝင်အောင်လည်း ရှောင်ရှား ရဦးမှာပါ။

ဂျပန်အနေနဲ့ကလည်း သူ့ရဲ့ စီးပွားရေးနဲ့ ပြည်သူလူထု ပြဿနာတွေကို ဖြေရှင်းနေရတာကြောင့် အာရှက အင်အားကြီးနိုင်ငံ သစ်တွေရဲ့ ဗဟိုချက်မ ဖြစ်မလာနိုင်သေးပါဘူး။ သူ့အစား ဒီနေရာကို တရုတ်က ရသွားပါလိမ့်မယ်။ အိန္ဒိယကလည်း ရကောင်း ရသွားနိုင်ပါတယ်။ ဒါကြောင့် ဒီလို ဖြစ်ထွန်းလာနေတဲ့ အင်အားကြီးနိုင်ငံတွေရဲ့ ဆက်ဆံရေးတွေဟာ အနာဂတ်မှာ အခြေခံ ကျပါလိမ့်မယ်။ ဘုရှ်အစိုးရအဖွဲ့က အမေရိကန်နဲ့ တရုတ်တို့ရဲ့ ဆက်ဆံရေးဟာ ပြိုင်ဖက်ဆက်ဆံရေးအဖြစ် အဆုံးသတ်သွားလိမ့်မယ် လို့ ယုံကြည်နေကြပါတယ်။ နောင်မှာ အပြုသဘောဆောင်တဲ့ ဆက်ဆံရေးတွေကသာ အဲဒီခေတ်ကာလရဲ့ စနစ်တရပ် ဖြစ်လာမှာပါ။ ဒါကို ယုံကြည်မှသာ ပြဿနာများကို ငြိမ်းချမ်းတဲ့ နည်းနာများနဲ့ ဖြေရှင်းနိုင်ကြမှာ ဖြစ်ပါတယ်။

## အန္တရာယ်များ

စစ်ရေးဘက်မှာဆိုရင် အမေရိကန်ဟာ ရာစုနှစ်ဝက်အတွင်း သူ့အင်အားအတွက် အကြီးမားဆုံးသော စစ်ရေးဖွဲ့စည်းမှုတွေ လုပ်ထားပြီး ဖြစ်ပါတယ်။ ဒီအထဲမှာ အာရှဒေသအတွင်း ဒုတိယစစ်မျက်နှာတခု ဖွင့်လှစ်ထားခြင်းလည်း တခုအပါအဝင်ပါ။ သိပ်မကြာသေးမီကတော့ အမေရိကန်ဟာ အာရှတိုက်ကို အနားသတ်ထားတဲ့ ပစိဖိတ်သမုဒ္ဒရာတဝှမ်းမှာ သူ့ရဲ့ စစ်အခြေချစခန်းတွေ ထိန်းညှိတွက်ချက်ပြီး နေရာချထားခဲ့တယ်။ ဒီကနေ့မှာဆိုရင်တော့ ဒီစခန်းတွေကို အာရှရဲ့ ဗဟိုချက်မအထိရောက်အောင် အရေးကြီးတဲ့ ပြောင်းရွှေ့မှုတွေ လုပ်ထားလိုက်ပြန်ပါပြီ။ ဗဟိုအာရှအတွင်းအထိ ခုန်ကူးရောက်ရှိနိုင်မယ့် ပိုမိုသေးငယ်တဲ့ စစ်ရေးကွန်ယက်တွေ တည်ဆောက်ထားပြီးပါပြီ။ အကြမ်းဖက်ဝါဒကို စစ်ဆင်ဖို့ဆိုတဲ့ အကြောင်းပြချက်နဲ့ ဒီစခန်းတွေကို ချထားတာပါ။ ဒီအကြောင်းပြချက်ဟာ အပေါ်ယံအားဖြင့်တော့ ယုတ္တိရှိတယ်လို့ ထင်စရာပါပဲ။ ဒါပေမဲ့ တရုတ်ခွဲခြမ်း စိတ်ဖြာသူတွေကတော့ အမေရိကန်စစ်နေရာချထားမှုတွေရဲ့ နောက်ကွယ်မှာ ဖွင့်ဟကြေညာခြင်းမပြုတဲ့ ရည်ရွယ်ချက် တွေ ရှိနေတယ်လို့ ထင်နေကြပါတယ်။ အထူးသဖြင့် အိန္ဒိယနဲ့ အမေရိကန် စစ်ရေးပူးပေါင်းဆောင်ရွက်မှုအသစ်တွေ ထပ်မံပြီး အပြင်းအထန်လုပ်လာတာဟာ တရုတ်ကို အင်အားကြီးထွားမလာအောင် တနည်းတဖုံ ဟန့်တားနေတာပဲလို့ သံသယဝင်နေကြပါတယ်။

တရုတ်ကလည်း သူ့စစ်အင်အား ခေတ်မီရေးကို အပြင်းအထန် လုပ်နေပါတယ်။ ထိုင်ဝမ်နဲ့ အတိုက်အခံဖြစ်နေတာကို အောင် မြင်နိုင်ဖို့အတွက်ရော၊ အမေရိကန် ကျူးကျော်မှုကို ခုခံကာကွယ်နိုင်ဖို့အတွက်ပါ ပြင်နေတာပါ။ သူ့အလေးထားချက်က အမေရိကန်ရဲ့ အဆင့်မြင့် နည်းပညာစွမ်းရည်တွေ ဖြစ်ကြတဲ့ သတင်းဆက်သွယ်ရေး ကွန်ယက်စနစ်၊ ကိုယ်ပျောက်သူလျှို လေယာဉ်ဆိုင်ရာ နည်းပညာ၊ ပစ်မှတ်ကို မလွဲတန်းထိအောင် ပစ်နိုင်တဲ့ ခရုစ် ဒုံးကျည်နဲ့ ပုံးဆန်တွေကို ကာကွယ်ပြီး တန်ပြန် တိုက်ခိုက်နိုင်တဲ့ နည်းပညာတွေပါပဲ။

အမေရိကန်မှာလည်း သံသယစိတ်တွေ ရှိပါတယ်။ တရုတ်ရဲ့ စစ်ရေးဘတ်ဂျက် ပိုမိုကြီးမားလာတာဟာ အရှေ့တောင်အာရှမှာ အမေရိကန်ဝင်နေတာကို ဟန့်တားဖို့ ရည်ရွယ်ချက်နဲ့ လုပ်တာဖြစ်တယ်လို့ အဓိပ္ပာယ်ဖွင့်ပါတယ်။ ဒါကြောင့် ဝါရှင်တန်ဟာ စီးပွားရေးနဲ့ စစ်ရေးအင်အားဘက်မှာ တိုးတက်ကြီးထွားလာနိုင်စရာရှိတယ်လို့ ယူဆရတဲ့ အိန္ဒိယကို အသုံးချဖို့ စိတ်ထက်သန်နေတာပါ။

## အခြေအနေ လှည့်ပြောင်းရေး

အကျိုးမရှိတဲ့ ဒီလိုအခြေအနေတွေကို လှည့်ပြောင်းပစ်နိုင်မှသာ အာရှတိုက်ရော၊ တကမ္ဘာလုံးပါ ငြိမ်းချမ်းစွာ ဖွံ့ဖြိုးတိုးတက်လာ နိုင်မှာပါ။ အဲသလိုဖြစ်လာဖို့ဆိုရင် ဖြစ်ပေါ်လာတဲ့ အင်အားတွေကို ထိန်းညှိတာ မုချလုပ်ရမှာပါ။ အရင်ဆုံးလုပ်ဖို့လိုတာကတော့ အင်အားကြီးနိုင်ငံတွေရဲ့ မလျော်ကန်တဲ့ သဘောထားတွေကို ပြောင်းလဲပစ်ဖို့ လိုပါတယ်။

ဘုရှ်အစိုးရအဖွဲ့က တရုတ်နဲ့ အပြုသဘောဆောင်တဲ့ ဆက်ဆံရေးမျိုးလုပ်လာတာဟာ ကနဦး သဘောထား နဲ့စာရင် တိုးတက် ပြောင်းလဲလာတာပါ။ အကြမ်းဖက်ဝါဒဆန့်ကျင်ရေးတိုက်ပွဲ၊ မြောက်ကိုရီးယားနဲ့ စေ့စပ် ဆွေးနွေးရေး ကိစ္စ စတာတွေမှာ ဝါရှင်တန်ဟာ ပီကင်းနဲ့ အတူပူးတွဲ လုပ်ဆောင်ဖို့ ကြိုးပမ်းခဲ့ရပါတယ်။ အပြု သဘော ဆောင်တဲ့ ဆက်ဆံရေးဟာ အဲဒီအပေါ်ကနေ ရောင်ပြန်ဟပ်လာတာ ပါ။

အခြားတဘက်မှာ ဝါရှင်တန်ဟာ သူ့ရဲ့ ချဥ်းကပ်မှုနည်းနာများကိုလည်း ပြောင်းလဲဖို့ လိုပါလိမ့်မယ်။ တရုတ်နဲ့ ဆက်ဆံရာမှာ အမေရိကန် သံတမန်အဖွဲ့တွေရဲ့ လုပ်သားအင်အားဟာ လုံလောက်မှု မရှိပါ။ တရုတ်ပြည်မှာ သူ့ရဲ့ ဝန်ထမ်း အင်အားဟာ (၁၀၀၀) လောက်သာ ရှိပါတယ်။ အီရတ်မှာ ရှိတဲ့ အမေရိကန်ဝန်ထမ်း အရေအတွက်ရဲ့ တဝက်လောက်ပဲ ရှိတာပါ။ (ကောင်းမွန်တဲ့ ဆက်ဆံရေးအတွက် အလေးထားမှု မလုံလောက်ဘူးလို့ဆိုလိုတာပါ) အမေရိကန်ဝန်ထမ်းတွေ အာရှဘာသာစကား သင်တန်းတွေ တက်တာလည်း မဆိုစလောက်သာ တိုးတက်လာပါတယ်။ တရုတ်ပြည်မှာ ပညာသင်ကြားနေကြသူ အမေရိကန် ကျောင်းသားတွေ ထောင်အချို့ပဲ ရှိပါတယ်။ အမေရိကန်မှာ စာလာသင်ကြတဲ့ တရုတ်ကျောင်းသားတွေကတော့ ၅–သောင်းကျော် ရှိပါ တယ်။ နှိုင်းယှဥ်ကြည့်ပါ။ (အပြန်အလှန် ယဥ်ကျေးမှုနဲ့ အတတ်ပညာဖလှယ်ရေးမှာ အာရုံစိုက်မှု မလုံလောက်ဘူးလို့ ဆိုလိုတာပါ)

အာရှဒေသ လုံခြုံရေးအတွက်လည်း အမေရိကန်အစိုးရက ဆောင်ရွက်ပေးဖို့ လစ်ဟင်းပျက်ကွက်တာတွေ ရှိနေပါတယ်။ အကြမ်းဖက်ဝါဒဆန့်ကျင်တိုက်ခိုက်ရေး၊ အစုလိုက် အပြုံလိုက် သေကြေစေတဲ့ လက်နက်များ မပြန့်ပွားစေရေး တို့အတွက်၊ အမေရိကန်–စင်္ကာပူ သဘောတူညီချက်ဟာ တိုးလိုးတန်းလန်းပဲ ရှိနေပါသေးတယ်။ ဒေသတွင်းက စီးပွားရေးတွေ ဖွင့်ပေးရေး၊ အနာဂတ် ကုန်သွယ်ရေးအစီအစဥ်တွေကို ချောမွေ့အောင် ဆက်လက် ကျားကန်ပေးရေး၊ ပေးဆပ်ရန် ကျန်ရှိနေသေးတဲ့ လျော်ကြေးငွေတွေ အကြေအလည် ပေးဆပ်ရေး…စသဖြင့် ရှိနေပါတယ်။

အမေရိကန်ဟာ တရုတ်ကို အနာဂတ် ပြိုင်ဖက်အဖြစ် သဘောထားတာကိုလည်း ဖယ်ရှားပစ်ဖို့ လိုမှာပါ။ တရုတ်ဟာ အနာဂတ်ပြိုင်ဖက် ဖြစ်ကောင်း ဖြစ်လာနိုင်ပါတယ်။ အဲဒါအတွက် အမေရိကန်အနေနဲ့ ပြင်ဆင်မှုတွေတော့ ရှိထားသင့်ပါတယ်။ ဒါပေမဲ့ တရုတ်က ပြိုင်ဖက်ဖြစ်လာမယ်ဆိုတာ မုချသဘောမဟုတ်ပါ။ ပူးပေါင်းဆောင်ရွက်မှုဟာ သမိုင်းတိုးတက်မှုကို ဖန်တီးနိုင်တဲ့ အနေအထားမှာ ရှိနေဆဲပါ။

အာရှက ပေါ်ထွက်လာတဲ့ အင်အားကြီးနိုင်ငံများအနေနဲ့လည်း နိုင်ငံတကာအဆင့်မှာ သော့ချက်ကျတဲ့ အဖွဲ့အစည်းများအတွင်း ပါဝင်ဆောင်ရွက်မှုတွေကို ပိုမိုအားဖြည့် လုပ်ဆောင်သင့်ပါတယ်။ ဥပမာအနေနဲ့ ကုလသမဂ္ဂ လုံခြုံရေးကောင်စီကိစ္စကိုပဲ အရင်တင်ပြပါမယ်။ အရေးပါတဲ့ ဒီအဖွဲ့အစည်းဟာ တိုးတက်ဖြစ်ထွန်းလာနေတဲ့ ကမ္ဘာလုံးဆိုင်ရာ အင်အားကြီးနိုင်ငံတွေကို ရောင်ပြန်ဟပ်ပြသင့်ပါတယ်။ ကိုယ် စားပြုတာ ဖြစ်သင့်ပါတယ်။ ဒုတိယ ကမ္ဘာစစ်က စစ်နိုင် နိုင်ငံတွေကိုပဲ ကိုယ်စားပြုနေတာမျိုး မဖြစ်သင့်ပါ။ တခြား သော့ချက်ကျတဲ့ အဖွဲ့ အစည်းတွေ မှာလည်း ဒီအတိုင်း ဖြစ်သင့်ပါတယ်။ **G 7** (သို့မဟုတ်) **G 8** အဖွဲ့အစည်းဆိုရင်လည်း အနောက်တိုင်း ယဥ်ကျေးမှုကို အဓိက အ နေနဲ့ ကိုယ်စားပြုထားတဲ့ စက်မှုနိုင်ငံများရဲ့ ကလပ်သင်းတသင်းသာ ဖြစ်နေပါတယ်။

**"G 20** အုပ်စု နိုင်ငံခေါင်းဆောင်များ အစည်းအဝေး" ဆိုတာကို ခေါ်ဆိုကျင်းပဖို့ တချို့က အကြံပြုတင်ပြ လာကြပါတယ်။ ဒီအကြံပြုချက်ဟာ ကြိုဆိုထောက်ခံသင့်ပါတယ်။ ဒီအဖွဲ့မှာ စက်မှုနိုင်ငံ(၁၀) နိုင်ငံ နဲ့ ဈေးကွက် စီးပွားရေး တိုးတက်ဖြစ်ထွန်းလာတဲ့ (၁၀) နိုင်ငံတို့ စုစည်းပေါင်းဖွဲ့ကြမှာပါ။ ဒါမှသာ လူဦးရေ ကြီးမားများပြားတဲ့ နိုင်ငံတွေနဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်လာတဲ့ နိုင်ငံတွေဟာ ကမ္ဘာ့စီးပွားရေးကို ထိန်းညှိပေးနိုင်တဲ့ အဖွဲ့အစည်းတရပ်အဖြစ် စုစည်းလာနိုင်မှာ ဖြစ်ပါတယ်။

နိုင်ငံတကာအဖွဲ့အစည်းများအနေနဲ့ အဲသလို ပြုပြင်ပြောင်းလဲရေးတွေ လုပ်နိုင်မှသာလျှင်၊ ယုံကြည်ထိုက်မှု ရှိလာမှာ ဖြစ်ပါ တယ်။ အဲသလို ဖြစ်မှသာလျှင် ကမ္ဘာ့နိုင်ငံများကို အကျိုးပြုချက်တွေ စွမ်းဆောင်ပေးနိုင်မှာ ဖြစ်ပါတယ်။ ဒါမှသာ နိုင်ငံများအကြား ငြိမ်းချမ်းရေးကို ထိရောက်စွာ ဖော်ဆောင်ပေးနိုင်မှာပါ။ ဒီလို မှန်ကန်ခိုင်ခံ့တဲ့ အဖွဲ့အစည်းမျိုးအဖြစ် ပြုပြင်ပြောင်းလဲရေးဟာ အမှန်ပဲ ခက်ခဲမှာပါ။ ဒါပေမဲ့ နိုင်ငံတကာအဖွဲ့အစည်းများကို ပြန်လည်တည်ဆောက်ရေး၊ အင်အားကို ဖြန့်ခွဲထိန်းညှိရေးတို့ဟာ၊ (ဆီလျော်ညီညွတ်မှုလည်း မရှိ၊ အထိန်းအချုပ် လည်းမဲ့၊ ရေရာသေချာမှုလည်း မရှိတဲ့ ) အာဏာနိုင်ငံရေး ချိန်ခွင်ညှာထိန်းသိမ်းဖို့ ကြိုးစားတာနဲ့စာရင် အများကြီး ပိုကောင်းမှာပါ။

ပိုပြီးရှင်းအောင် ပြောရရင်တော့ တခုတည်းသောပါဝါ ကမ္ဘာ့စနစ်ဆိုတာဟာ ကမ္ဘာကြီးကို ကောင်းကျိုး ပေးမှာ မဟုတ်ပါ၊ တကယ်တည်ရှိလာနေတဲ့ ပါဝါများကို အပြုသဘောဆောင်တဲ့နည်းလမ်းများနဲ့ ထိန်းညှိဖို့ ကမ္ဘာ့နိုင်ငံများက ဝိုင်းဝန်းကြိုးပမ်းနိုင်မှသာ ကမ္ဘာ့နိုင်ငံအသီးသီးအတွက် အကျိုးရှိတဲ့ အခြေအနေတွေ ဖြစ်ထွန်း လာမှာပါ။ လက်တွေ့အခြေအနေတွေကို ကြည့်ရင် တခုတည်းသော အင်အားကြီးနိုင်ငံရဲ့ ကမ္ဘာ့စနစ်(သို့မဟုတ်) တခုတည်းသော ပါဝါကမ္ဘာ့စနစ် အနိုင်ရအောင် အပြင်းအထန်လုံးပန်းအားထုတ်ဆဲ အနေအထားမှာပဲ ရှိနေ ပါသေးတယ်။ အင်အားထိန်းညှိမှုတွေ မှန်ကန်ဆီလျော်အောင် မလုပ်ဆောင်နိုင်ဘူးဆိုရင် ၊ ဒါမှမဟုတ် တခု တည်းသော ပါဝါ ကမ္ဘာ့စနစ် အနိုင်ရရေးအတွက် နည်းလမ်းမျိုးစုံ သုံးပြီး မလျှော့တမ်း ဆက်လက်လုံး ပန်းသွား နေဦးမယ်ဆိုရင် ကမ္ဘာ့မြေပေါ်မှာ ပဋိပက္ခတွေနဲ့ ပေါက်ကွဲမှုတွေရဲ့ အန္တရာယ်ဟာ ဆက်လက်တည်ရှိ နေဦးမှာပါ။ အထူးသဖြင့် အာရှဒေသအတွက် ပိုပြီးအန္တရာယ် ကြီးပါတယ်။ အာရှနိုင်ငံအသီးသီးအနေနဲ့ အမြော်အမြင်ရှိရှိ၊ လိမ္မာပါးနပ်စွာ နေတတ်မှ ကိုယ့်တိုင်းပြည် နစ်နာဆုံးရှုံးမှုဘေးက လွတ်မှာပါ။

ဗမာပြည် စစ်အစိုးရကတော့ အမေရိကန်အပါအဝင် ကမ္ဘာ့အင်အားကြီး နိုင်ငံတွေရဲ့ အပြစ်တင်ဝေဖန်တာကို တောက်လျှောက်ခံနေခဲ့ရတာပါ။အမေရိကန် အပါအဝင် အင်အားကြီးနိုင်ငံများနဲ့ဆက်ဆံရာမှာရော၊ အိမ်နီးချင်းနိုင်ငံ များနဲ့ဆက်ဆံရာမှာပါ သူ အနေမတတ်ခဲ့တဲ့ ကိစ္စတွေ အများကြီးရှိပါတယ်။ ဒီလို သူ့အနေမတတ်တာဟာ အန္တရာယ်ကို လက်ယပ်ခေါ်လိုက်တာမျိုး ဖြစ်လာနိုင်ပါတယ်။ သူ့ရဲ့ နိုင်ငံရေးနဲ့ စီးပွားရေး အခြေအနေကလည်း အလွန်ချည့်နဲ့ပါတယ်။ အန္တရာယ်ကို လက်ယပ်ခေါ်ရုံသာမက မီးတောက်ကြီးအတွက် မီးစပျိုးသူ ဖြစ်သွားခဲ့မယ်ဆိုရင်တော့...။

ရည်ညွှန်း။ ။ A Global Power Shift in the Making
James F . Hoge:Jr
From *Foreign Affairs.* July/August 2004